www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ကြည်နူးခေတ်

ကကကကကကကကကကကကကကကကကကကကကကကကကက

## သူ၏ကိုယ်စားသင့်အား

## ချစ်ခွင့်ပြုရန်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

"ဟော့ . . ဒီနေ့ ဆာယ်ကိုလိမ့်မလဲ"

"ဘယ်မှမလိမ့်ဘူး။ ကားထားခဲ့မယ်၊ ပြီးတော့ လမ်းလျှောက်မယ်၊ ကားဘီးကိုလိမ့်နေအောင် လှိမ့်ရတာ သနားပါတယ်။ ခြေထောက်ကို သုံးကြရအောင်"

မေ့စကားအဆုံးတွင် ချယ်ရီက အိမ်ရှေ့တွင် ရပ်ထားသော မာစီးဒီးအနက်ရောင်လေးကိုကြည့်ရင်းမခုံးကို ဟန်ပါပါတွန့်ပြသည်။

"သဘောပဲလေ . . ဒီနေ့ ဘယ်သွားမှာလဲ၊ စုံစမ်းကြည့်လို့ရသလောက် ဘယ်မှာမှ ရှိုးပွဲမရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ချယ်ရီစကားအဆုံးတွင် မေက လက်ညှိုးလေးကို နားထင်မှာထောက်ရင်း မျက်မှောင်လေးကြုတ်ကာ စဉ်းစားသယောင်ပြုသည်။

"ဟာ! ဟုတ်ပြီ"

မေက လက်ဖျစ်တစ်ချက်တီးရင်း ဝမ်းသာအားရထအော်လိုက်တော့ ချယ်ရီရော ရွှန်းဝေပါ စိတ်ဝင်တစားလှည့်ကြည့်လာသည်။

"ခုမှသတိရတယ်.. သိပ်အဝေးကြီးလည်း မလျှောက်ရဘူး။ သီချင်းနားထောင်လို့ရတာရှိတယ်"

"ဘာလဲ.. အိမ်ထဲမှာ အခွေနဲ့ဖွင့်ပြီးတော့လား"

"ဟုတ်ဘူး"

"ဒါဆို.."

တစ်ခုခုပြောဖို့အရှိန်ယူနေသော ရွှန်းဝေရှေ့တွင် မေ့ လက်ကလေး ကာပြလိုက်ကာ..

"တော်ပြီ.. ထင်ရာတွေလျှောက်မပြောနဲ့.. ငါသွားနားထောင်မှာ.. လမ်းကျယ်ကဆိုင်ကိုပြောတာ"

မေ့စကားအဆုံး ချယ်ရီနှင့် ရွှန်းဝေ မျက်လုံးလေးတွေ ပြူးသွားကြသည်။

"ဟဲ့ အဲဒါစားသောက်ဆိုင် မေရဲ့.. ပြီးတော့ အဲဒီမှာ ဘီယာ





သောက်တဲ့လူတွေနဲ့.. အား.. မသွားရဘူး"

"ဟွန်း! နင်တို့ပဲ.. သီချင်းနားထောင်ချင်တယ်ဆိုပြီး"

မေက ကြံရာမရဖြစ်သွားဟန်နှင့် မြက်ခင်းပေါ်ကိုခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။ ထိုစဉ် အိမ်ထဲမှ မေ့အဒေါ်ထွက်လာသည်။

တီရှပ်အနက်၊ ဂျင်းပင်(န်) အနက်နှင့် လက်ကောက်အမည်းတွေကို ဘယ်ရောညာရော ရှုပ်ယှက်ခတ်အောင် ဝတ်ထားသောတူမကို လှမ်းကြည့်ပြီး မျက်မှောင်ကြုတ်သွားသည်။

ယခုလည်း ဘာတွေများအလိုမကျဖြစ်ပြီး မြက်ခင်းပေါ် ကိုးရိုးကားရားထိုင်နေသည်မသိ။

"မေလေး.. ဒါကဘယ်လိုဖြစ်နေတာလဲ။ အမယ်လေး၊ မိန်းကလေးတဲ့.. ထိုင်နေတာ ယောကျ်ားလေးကျနေတာပဲ။ ဒူးထောင်ပေါင်ကားနဲ့"

"ဟာ.. အန်တီကေကလည်း မေ ဒီမှာအရမ်းညစ်နေတာ"

"ဟောတော့.. ဒါ ညစ်နေတဲ့ပုံလား.. တစ်နေ့တစ်နေ့ ပြင်လိုက်ဆင်လိုက်.. လျှောက်လည်လိုက်လုပ်နေတဲ့လူက စိတ်ညစ်ချိန်တော့ ရသေးသားပဲ"

နဂိုက မည်းနက်ကော့စင်းနေပြီးသားဖြစ်တဲ့ မျက်တောင်တွေ



www.burmeseclassic.com

www.burmeseclassic.com



မှာ ဆေးသားတွေထပ်ဖြည့်ပြီး ပြင်ဆင်ထားသောမေ့မျက်နှာကိုကြည့်ရင်း အန်တီကေသီက..

"ကြည့်ပါဦး မေလေးရယ်၊ တစ်နေ့တစ်နေ့ ဒီပုံစံချည်းလုပ်နေတာ မညီးမှောင်နေတာပဲ၊ လှတာလည်းမဟုတ်ဘဲနဲ့"

ဟုပြောပြန်သည်။

"အန်တီကေနော်.. ဘာမှလည်း မသိဘဲနဲ့၊ အဲဒါ ပန့်(ခ်)စတိုင်လေ.. သိရဲ့လား"

"ဘာ ပန့်..လဲ၊ ပန့်ဖြစ်ဖြစ် ရေစုပ်စက်ဖြစ်ဖြစ် ဒီပုံစံကြီးတော့ မလှပါဘူး။ အသားဖြူပေလို့ပေါ့၊ မည်းများမည်းရင် သရဲထင်ပြီး ထွက်ပြေးရမယ်"

အန်တီကေသီ၏စကားအဆုံး ချယ်ရီနှင့် ရွှန်းဝေတို့ တခိခိကြိတ်ရယ်ကြသည်။ မေက ရှုသိုးသိုးနှင့် မျက်စောင်းလှည့်ထိုးမှ ပြန်ငြိမ်သွားတော့၏။ ထုံးစံအတိုင်း အန်တီကေသီက ပွစိပွစိပြောပြီး ထွက်သွားတော့မှ မေ, သူငယ်ချင်းနှစ်ယောက်ဘက်လှည့်ပြီး မဲ့ပစ်လိုက်သည်။

"ချယ်ရီနော်.. နင်တို့က ဘာရယ်နေတာလဲ၊ ဒီလောက် ပူစီကိုက်သလို လာဆူနေတဲ့ဟာကို.. အပြင်သွားရအောင်လည်း ဘာမှမစဉ်းစားတတ်ကြဘူး"





မေ့စကားကြောင့် ချယ်ရီနှင့် ရွှန်းဝေတို့ မျက်နှာပိုးသတ်သွားကြသည်။ ခဏကြာမှ ရွှန်းဝေက..

"နင် သီချင်းနားထောင်ချင်ရင်တော့ တစ်နေရာရှိတယ်၊ ဒါပေမဲ့ အဲဒီဆိုင်မှာက ညနေခြောက်နာရီခွဲ ခုနစ်နာရီအတွင်းလောက်ပဲ သီချင်းဆိုတဲ့အစီအစဉ်ရှိတာ။ ဆိုတာလည်း ရိုးရိုးဂစ်တာနဲ့ ယောကျ်ားလေးတစ်ယောက်နှစ်ယောက်ပဲ။ ဒါပေမဲ့ အရမ်းနားထောင်လို့ကောင်းတယ်တဲ့၊ ငါ့အစ်ကိုတွေပြောတာ။ ဘယ်လိုလဲ.. စိတ်ဝင်စားလား"

"အိုကေ.. သိပ်စိတ်ဝင်စားတာပေါ့၊ အဲဒီကိုသွားမယ်"

မေက နေရာမှထရပ်ကာ တက်တက်ကြွကြွလေးပြောလိုက်တာမို့ ချယ်ရီက နာရီကိုငုံ့ကြည့်ရင်း တားလိုက်သည်။

"ဟာ.. ခုမှလေးနာရီပဲရှိသေးတယ် မေရဲ့"

"ဟင့်အင်း.. အခုကတည်းက သွားမယ်။ တော်ကြာမမီဘဲနေဦးမယ်"

ဖွတ်တရွတ်နိုင်လှသော မေ့စိတ်ကိုသိပြီးသားမို့ တစ်ယောက်မှ စောဒကမတက်ကြတော့ချေ။

❧ ❧ ❧



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

လမ်းလျှောက်လို့မဖြစ်လောက်အောင် ဝေးသော်နေရာမို့ ကားနှင့်လာခဲ့ရသည်။

မလာခင် ရွှန်းဝေက သူ့အစ်ကို့ကို ဆိုင်နေရာနှင့် နာမည်ကို ဖုန်းဆက်မေးရသေးသည်။

"ဆိုင်နာမည်က Winter တဲ့"

"ဟုတ်လား, နာမည်ကြားရတာနဲ့ ရင်ထဲအေးသွားတာပဲ"

ချယ်ရီက ပြုံးရင်း မှတ်ချက်ချလေသည်။

ဆိုင်တည်နေရာက ကားလမ်းမဘေးမှာဆိုပေမယ့် ခြံကျယ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ထဲအထိ ကားမောင်းဝင်သွားပြီးမှ Winter Cafe ဆိုတဲ့ကော်ဖီဆိုင်လေးကို အုံ့ဆိုင်းညို့မှိုင်းနေသောသစ်ပင်များကြားတွင် တွေ့လိုက်ရ၏။

ဆိုင်ရှေ့တွင် ရေကန်နှင့် ရေတံခွန်အတုလေးကို မေ သဘောကျသွားမိသည်။ ဆိုင်လေးက ကော်ဖီဆိုင်နှင့်မတူဘဲ တောထဲတောင်ထဲမှ အပန်းဖြေအိမ်ကလေးလို တိတ်ဆိတ်ငြိမ်သက်နေသည်။

"ရွှန်းဝေ . . ဟုတ်မှဟုတ်ရဲ့လား။ တိတ်ဆိတ်နေတာပဲ။ လူမရှိဘူးလားမသိဘူး"

ချယ်ရီစကားအဆုံး မေ, ခြံတွင်းသို့ ဟိုဟိုဒီဒီမျက်လုံးဝေ့ကြည့်လိုက်သည်။ လူသူအရိပ်အယောင် ဘာမှမတွေ့ရ၊ သို့သော် ကားပါကင်မှာ ကားသုံးလေးစီးရပ်ထားသည်ကိုတွေ့လိုက်ရသောကြောင့် . .

"ဟဲ့ . . အရှုးမတွေ၊ ဟိုမှာမတွေ့ဘူးလား ကားတွေရပ်ထားတာ။ ဘာလို့ လူမရှိရမှာလဲ"

"အဟီး . . ဟုတ်သားပဲ၊ ငါ့စိတ်ထဲ သစ်ပင်တွေရေကန်တွေနဲ့ဆိုတော့ တောခေါင်ခေါင်ထဲရောက်နေသလို ထင်လိုက်လို့"

ရွှန်းဝေက အရင်ဆုံးလမ်းညွှန်သူမို့ ဆိုင်ထဲသို့ ဦးဆောင်ဝင်သည်။ မှန်တံခါးကိုတွန်းဖွင့်လိုက်တာနဲ့ အေးစိမ့်သော ဆောင်းရာသီ၏ အငွေ့အသက်ကို ခံစားလိုက်ရတော့၏။





"အို!"

မေ နှုတ်ခမ်းလေးဝိုင်းစက်စွာပင် ပွင့်ဟသွားရသည်။ ဆိုင်အပြင်အဆင်မှာ မေ တစ်ခါမှမမြင်ဖူးသောပုံစံမျိုးပင်။ ဆိုင်နံရံပတ်လည်မှ တဖျပ်ဖျပ်လွင့်နေသည့် အဖြူရောင်ခန်းစီးလိုက်ကာရှည်များ၊ စားပွဲကုလားထိုင်တွေအားလုံးမှာ ဖြူဖွေးနေပြီး ပြာလဲ့လဲ့မီးရောင်အောက်တွင် စိတ်ကြည်နူးဖွယ်ပုံ့ဖွယ် လှပနေကြသည်။

ထို့ထက်ထူးခြားသည်မှာ တိုးညင်းညင်းလေး ထွက်နေသောဂစ်တာသံကို ဘယ်နေရာကလာမှန်းမသိအောင် အဖြူရောင်ဝိတ်ပါးတို့က နှင်းမြူတစ်ခုလို ကာရံထားကြ၏။

အနက်ရောင်တွေချည်း ဆင်တူဝတ်ထားတဲ့ မေ့ကိုယ်လုံးလေးက အဖြူရောင်များကြား ထင်းခနဲပေါ်လွင်နေသည်။

ဆိုင်ထဲတွင် လူတော်တော်များများ ရှိနေပြီးဖြစ်၏။ သို့သော် အားလုံးက ငြိမ်းအေးတိတ်ဆိတ်နေကြသည်။ ဆိုင်တစ်ဆိုင်ဝင်တိုင်း အမြဲလို ဆူပူသောင်းကျန်းတတ်သောမေတို့သုံးယောက်ပင် ဆိုင်ရဲ့အငွေ့အသက်ကြောင့် တိတ်ဆိတ်အုံ့သြနေကြရာ တစ်ယောက်နှင့်တစ်ယောက် စကားပင်မပြောနိုင်တော့ချေ။

"ဘာသုံးဆောင်မလဲခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အကြိုက်တစ်ယောက် သိပြီးဖြစ်ကြသောကြောင့် ချယ်ရီကပင် သုံးယောက်လုံးအတွက် ကော်ဖီတစ်မျိုးချင်းကိုရွတ်ပြလိုက်သည်။

"ချယ်ရီ.."

"ဟင်! ဘာလဲ"

"နင့်ရင်ထဲ ဘယ်လိုခံစားရလဲဟင်"

"အင်း, တစ်မျိုးပေါ့.. ထူးဆန်းတဲ့ခံစားမှုပေါ့"

"ရွှန်း.. နင်ရော"

"အံ့သြတာပေါ့၊ တစ်ခါမှ ဒီလိုဆိုင်မျိုးမရောက်ဖူးဘူး။ အင်းလေ.. ငါတို့သွားတာကလည်း ဆူဆူညံညံနဲ့ လူစည်တဲ့နေရာတွေချည်းပဲ"

"ငါကျတော့ တစ်မျိုးပဲ.. ရင်ထဲကြည်နူးသလိုလို၊ လွမ်းသလိုလို တစ်မျိုးကြီးပဲ"

အမှန်တကယ် တိုးတိုးသဲ့သဲ့လေးသာ တီးခတ်နေသော ဂစ်တာသံက ဆွတ်ပျံ့လိုက်မောဖွယ် ကောင်းနေသည်။

သူမတို့အုပ်စု ဘယ်လောက်အတွေးလွန်နေသည်မသိ။ တစ်ခန်းလုံး မီးလုံးဖါဖါလေးတွေ တစ်လုံးချင်း လင်းလာတာကို သတိမထား,





မိ။ တခန်းလုံး ပြာလဲ့လဲ့အရောင်သမ်းနေရာမှ ရွှေရောင်ထိန်လင်းတောက်ပသွားတော့မှ အားလုံး ဟိုဒီလျှောက်ငေးကြည့်လိုက်မိ၏။

ဂစ်တာသံလေး ရုတ်တရက်တိတ်ဆိတ်သွားသည်။ နာရီကိုကြည့်တော့ ခြောက်နာရီခွဲရှိနေပြီ။ သီချင်းဆိုသူများအတွက် လုပ်ပေးထားတဲ့ သီးသန့်စတိတ်စင်ပေါ်ကမီးက ရုတ်တရက်မှိန်ကျသွားသည်။ ခုနလို ပြာလဲ့ဖျော့တော့သောအရောင်လေးသာ ကျန်ရစ်ခဲ့၏။

ထိုစဉ် ဂစ်တာသံလေးက တိုးတိုးငြိမ့်ငြိမ့်လေး ပေါ်လာသည်။ တစ်ချက်ချင်းခေါက်ချလိုက်သံက ရင်ထဲကို တစ်ဖြည်းဖြည်းချင်း စီးဝင်သွားတော့သည်။

ဂစ်တာသံနှင့်အတူ အေးဆေးချိုရှသောသီချင်းသံ ထွက်ပေါ်လာစဉ်မှာတော့ စင်ပေါ်က မီးဝါလေး ပြန်လင်းလာတော့၏။

"ဟယ်!"

"အို!"

ချယ်ရီနှင့် ရွှန်းဝေတို့၏ တအံ့တသြ အာမေဋိတ်သံလေးများ လွှတ်ခနဲထွက်လာနေစဉ် မေကတော့ အံ့သြမင်တက်စွာ စင်ပေါ်မှ သီချင်းဆိုနေသောကောင်လေးကို ငေးမောနေမိ၏။

ဂစ်တာတီးနေသောကောင်လေးက ခပ်ဖျော့ဖျော့ ပါးပါး ဆံပင်



www.burmeseclassic.com

www.burmeseclassic.com



တွေနှင့် ခေါင်းငုံ့ချထားတာမို့ မျက်နှာကိုမမြင်ရပေမယ့် သီချင်းဆိုသော ကောင်လေးရဲ့မျက်နှာကိုတော့ မေ အသေအချာကို မြင်လိုက်ရတော့သည်။

တစ်ချက်တစ်ချက် မျက်လွှာအချတွင် အရိပ်လိုထိုးကျသွားတဲ့မျက်တောင်တွေက ယောကျ်ားလေးတစ်ယောက်လို့မထင်ရအောင် မည်းနက် ကော့ရွန်းနေသည်။

နီစွေးနေသည့် ခပ်ထူထူနှုတ်ခမ်းတွေနဲ့ လိုက်ဖက်လှသော မျက်နှာနုနုလေးက မီးရောင်အောက်မှာမှိုလားမသိ၊ ဝင်းမွတ် သန့်စင်နေကြသည်။

"လှလိုက်တာ"

မေတစ်ယောက်တည်း တီးတိုးရေရွတ်လိုက်မိ၏။ ဆွဲဆောင်ညှို့ငင်နိုင်စွမ်းရှိတဲ့ မျက်ဝန်းနက်တွေရယ်၊ ချိုအေးရှတတဲ့ သူ့အသံရယ်ကြောင့် အားလုံး သူ့သီချင်းမှာ စီးမျောလိုက်ပါသွားကြသည်။ ယောကျ်ားလေးများပင် လည်ပြန်ကြည့်ရသော ထိုကောင်လေးသည် တကယ်တော့ နာမည်ကြီးအဆိုတော်လည်း မဟုတ်နိုင်ချေ။

မေက သီချင်းချစ်သူပင်မဟုတ်တော့၊ သီချင်းတွေကို အရှုးအမူးဖြစ်သော သရဲမလေးမို့ အဆိုတော်အားလုံး အလွတ်ရပြီးသား





ပင်။ စတိတ်စင်နှင့် မေထိုင်နေသောခုံက ကျောခိုင်းအနေအထားမို့ ကုလားထိုင်နောက်မှီတန်းပေါ် တံတောင်လေးတင် မေးထောက်ရင်း လည်ပြန်ငေးနေမိသည်မှာ ဘယ်လောက်တောင်ကြာသွားသည်မသိ။

သီချင်းပြီးသွားလို့ နှစ်ယောက်လုံး ခုံမှထပြီး ဦးညွှတ် နှုတ်ဆက်မှပင် မေ ရှက်ရွံ့စွာ တစ်ဖက်ပြန်လှည့်မိသည်။ သို့သော် ပြုံးလဲ့ချိုအီနေတဲ့ ကောင်လေးနှစ်ယောက်ရဲ့မျက်လုံးတွေက မေ့ထံကို စူးခနဲ ကျရောက်လာခဲ့သည်။

စတိတ်စင်နှင့်အနီးဆုံးမှာ ထိုင်နေမိသည့်မေတို့အုပ်စုထဲမှာ မေက အတော်လေး ငြိမ်သက် အာရုံစိုက်နေသည်မို့ သတိထားမိသွားခြင်းလည်းဖြစ်နိုင်၏။

"မေ.. နင့်ကိုကြည့်ပြီး ပြုံးသွားကြတယ်"

ချယ်ရီစကားကြောင့် မေ့ရင်တွေ ဒိတ်ခနဲခုန်သွားရသည်။

"ဟုတ်ရဲ့လား, ဘယ်သူပြုံးတာလဲ၊ သီချင်ဆိုတဲ့တစ်ယောက်လားဟင်"

"ဟုတ်ပါတယ်.. ငါ သေချာချာမြင်လိုက်တာ၊ နှစ်ယောက်လုံး မတ်တင်းသေအရပ်မှာ နင့်ကို ပြိုင်တူမြင်ပြီး ပြုံးသွားကြတာ"



www.burmeseclassic.com

www.burmeseclassic.com



မေ ရှက်ကိုးရှက်ကန်းနှင့် ဆံပင်တွေကိုသပ်တင်ရင်း ခေါင်းငုံ့လိုက်မိသည်။

"သူတို့က ဒီမှာအမြဲဆိုတာလားမသိဘူး။ ငါ မေးကြည့်ဦးမယ်"

ရွှန်းဝေက သူမ၏ဝါသနာအတိုင်း စပ်စုဖို့ ဟန်ပြင်နေသည်။ အရင်လိုဆို 'လျှောက်မမေးနဲ့ . . အောက်တယ်' ဘာညာပြောပြီး မေ တားမိမှာအမှန်ပင်။ ဒီတစ်ခါတော့ မေ ကျေကျေနပ်နပ် ငြိမ်သက် နားစွင့်နေလိုက်သည်။

ရွှန်းဝေက waiter ကောင်လေးကို လှမ်းခေါ်သည်။

"ဘာလိုလို့လဲ အစ်မ"

"ဘာမှမလိုဘူး . . ခုနသီချင်းဆိုသွားတဲ့ အဲ . . ဂစ်တာတီးတဲ့လူရော နှစ်ယောက်ပေါ့ သူတို့က ဒီမှာ ပင်တိုင်ဆိုတာလားဟင် . . နာမည်က ဘယ်သူတဲ့လဲ"

"သူတို့နှစ်ယောက်က ဒီမှာအမြဲဆိုတာမဟုတ်ဘူးဗျ။ ကျွန်တော်တို့ဆိုင်ရှင်နဲ့ရင်းနှီးတယ်၊ တစ်ခါတစ်လေမှ လာဆိုတာ နာမည်တော့ . . ကျွန်တော်လည်းမသိဘူး"

ဘယ်လောက်များ မရေရာလိုက်တဲ့အဖြေပါလဲဟုသော စိတ်





ပျက်လက်ပျက်အကြည့်မျိုးနှင့် မေတို့အားလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြသည်။

"ဆိုင်က မန်နေဂျာကိုသွားမေးရင်တော့ သိလိမ့်မယ်ထင်တယ်"

ချယ်ရီက ရွှန်းဝေဘက်ကိုလှည့်ပြီး အကြံပေးသည်။

"နေပါစေတော့ဟာ . . အဲဒီလောက်ကြီး တကူးတကလိုက်မေးမနေပါနဲ့တော့"

"ဟင်! ဒါဆို . . လုံးဝမျက်ခြေပြတ်ခံလိုက်မှာလား"

"ဒီလိုတော့ဘယ်ဟုတ်မလဲ၊ မေတို့နဲ့ဆုံဖို့အကြောင်းရှိရင် ဆုံဦးမှာပေါ့ . . နောက်ထပ်တွေ့ဖို့မတွေ့ဖို့ဆိုတာ ဘုရားသခင်အလိုတော်အတိုင်းပဲလေ"

မေ့စကားအဆုံး ချယ်ရီက မျက်ခုံးလေးပင့်ပြသည်။

"အေးပါ . . နင့်သဘောအတိုင်းပါပဲနော်။ တော်ကြာမှ အဲဒီအသံမျိုးလေး ထပ်ကြားချင်တယ်ဆို ဘာမှမတတ်နိုင်ဘူး။ သိလား"

ရွှန်းဝေစကားအဆုံး မေ နှုတ်ခမ်းလေးဖိကိုက်ပြီး အသာအယာပြုံးနေလိုက်သည်။ တစ်ခါမှမခံစားဖူးသေးတဲ့ ကြည်နူးလှိုက်မောမှုလေးနှင့် သူနဲ့နောက်ထပ်တွေ့ရဖို့ တီးတိုးဆုတောင်းလိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားသခင်. . .။ ချိုမြိန်သောသီချင်းသံစဥ်များအား သီဆိုကျူးရင့်တတ်သော ငှက်ခမ်းတစ်စုံနှင့်ကောင်ကလေးကို ဖန်ဆင်းပေးတော်မူသည့် သင်၏ကျေးဇူးအား အစဥ်သဖြင့် အောက်မေ့မိတော့၏။

ဤ ဤ ဤ



## အခန်း (၃)

"ငွှန်"

ဂျူလိုင့်ခေါ်သံကြောင့် ဂစ်တာကြိုးညှိနေရင်းမှ သူ မော့ကြည့်လိုက်သည်။

"ဟိုနေ့က ကောင်မလေးကိုမှတ်မိလား"

ဂျူလိုင့်စကားအဆုံး ငွှန်နှစ်မြိုက်စွာပြုံးရင်း ခေါင်းညိတ်လိုက်မိသည်။ နူးညံ့ရဲရိုသော ငွှန်နှုတ်ခမ်း၌ ခပ်လွှန့်လွှန့်ရုက်ပြုံးတစ်ခု တွဲခိုနေသည်ကို ရှားရှားပါးပါးတွေ့လိုက်ရသောကြောင့် ဂျူလိုင်အံ့ဩသွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံး နက်မှောင်တောက်လက်နေပြီး နှင်းဆီနုရောင် ပါးပြင်မှာ ဖိကပ်ထားတဲ့လက်ဖောင်းဖောင်းလေးတွေမှာပါ ဆိုးသေးအနက်ရောင် ဆိုးထားတဲ့ကောင်မလေးကို ဂျူလိုင်လည်း မှတ်မှတ်ရရ သတိရနေမိသည်။

"သူကြည့်ရတာ သီချင်းဆိုတာကို တော်တော်ခရေဇီဖြစ်ပုံရတယ်။ တစ်ချိန်လုံး . . မျက်တောင်မခတ်ဘဲ ငေးနေတော့ ငါတို့မြင်မှန်းသိတော့ ရှက်သွားတယ်ကွ။ ကောင်မလေးတွေ ပန့်(ခ်) ဒီဇိုင်းဝတ်ရင် တော်ရုံမကြိုက်ဘူး။ ဒါပေမဲ့ ဒီကောင်မလေးကျတော့ . . တော်တော်လှတယ်"

ဉာဏ်ပြောသမျှကို သူငြိမ်သက်ပြီး နားထောင်နေမိသည်။ အဖြူရောင်ဆိုလို့ ခါးပတ်အပြားကြီးကြီးတစ်ခုသာ ပတ်ထားသော အနက်ရောင် ကောင်မလေးကိုမြင်ယောင်ရင်း သူ သီချင်းတစ်ပုဒ်ရေးဖို့ စဉ်းစားလိုက်မိသည်။

"ဂျူလိုင်"

"အင်း . . ပြော"

ဉာဏ်က ရှက်ကိုးရှက်ကန်းနဲ့ ခပ်တိုးတိုးရယ်လိုက်ပြီး သူ့ပခုံးကို ဖက်ကာ . .





"ငါတို့နှစ်ယောက်ပေါင်းပြီး သီချင်းတစ်ပုဒ်ရေးရအောင် . . ဟိုအနက်ရောင်ကောင်မလေးအတွက်လေ"

ဉာဏ့်စကားကြောင့် သူ့အံ့ဩသွားရသည်။ သူစိတ်ကူးတစ်ခု ရပြီဆို သူ့လိုစိတ်ကူးမျိုး ရနေတတ်သည်။ တိုက်ဆိုင်မှုဆိုပေမယ့် ခဏခဏဖြစ်တတ်လွန်းသည်။

"ကောင်းသားပဲ"

"သီချင်းနာမည်တောင် ငါစဉ်းစားပြီးပြီ"

"ဘာတဲ့လဲ".

"မဟူရာ . . ကောင်းလား"

သူခေါင်းညိတ်ပြလိုက်သည်။ ဘာလိုမှငြင်းဆန်ကန့်ကွက်ပစ်ဖို့ မသင့်တော်သောစာသားလေးက ထိုကောင်မလေးအတွက် လိုက်ဖက်ညီသည့်သီချင်းခေါင်းစဉ်လေးပင်ဖြစ်၏။

"ဂျူလိုင်"

"အေး . . ဘာလဲကွာ မင်းကလည်း ခဏ,ခဏခေါ်နေတော့တာပဲ"

"ဒီည အိမ်မှာပဲအိပ်ပါကွာ . . နော်၊ ငါတို့သီချင်းရေးရအောင်"

"ဟာ . . မင်းကလည်း ဖွတ်ကြီးပဲ။ မင်းအဖေအမေတွေ အ



www.burmeseclassic.com

www.burmeseclassic.com



မှာ ငါကြောက်တယ်"

သူ့စကားအဆုံး ဂျွန်က သဘောကျစွာ အော်ရယ်သည်။ ဂျွန့်အဖေနှင့်အမေက ဂျူလိုင့်ကို သားအရင်းလိုချစ်ပေမယ့် သူတို့နှစ်ယောက် အခန်းအောင်းပြီး ဂစ်တာတီးနေတာ သီချင်းရေးနေတာမျိုးကို လုံးဝ သဘောမကျချေ။ ဂျူလိုင်က ငယ်ငယ်ကတည်းက မိဘတွေဆုံးသွားပြီမို့ ဂျွန့်မိဘတွေက သားအရင်းလိုစောင့်ရှောက်ထားခဲ့ကြသည်။

ဂျွန့်မှာက နီးနီးဆိုသည့်အစ်မတစ်ယောက်ရှိပြီး မမနီးကလည်း နိုင်ငံခြားမှာမို့ ဂျူလိုင်ကိုသာ ညီအစ်ကိုအရင်းတစ်ယောက်လို တွယ်တာမိခဲ့သည်။ ငယ်စဉ်ကတည်းက မိဘမဲ့ဖြစ်ခဲ့သည့် ဂျူလိုင်မှာလည်း ခင်တွယ်စရာဆိုလို့ ဂျွန်တို့မိသားစုသာရှိ၏။

နာမည်တွေကိုက ဂျွန်နဲ့ ဂျူလိုင်တဲ့။ ငယ်စဉ်က မိဘချင်းရင်းနှီးပြီး ဂျွန့်မေမေနှင့် ဂျူလိုင့်မေမေက သားနှစ်ယောက်ကို ရှေ့ဆင့်နောက်ဆင့်မွေးပြီး မွေးလအလိုက် နောက်ပြောင်ခေါ်ရာက ကျောင်းအပ်တဲ့အထိ အတည်ဖြစ်သွားတော့သည်။

ကျောင်းတတ်တော့လည်း အတူတူ၊ ကစားလည်း အတူတူ ဘုရားကျောင်းသွားတာတောင် တစ်ယောက်မပါလျှင် တစ်ယောက်က မသွားချင်။





ရုပ်ချင်း၊ အရပ်အမောင်းချင်းကလည်း မတိမ်းမယိမ်းတွေမို့ တချို့က ညီအစ်ကိုလို့ ထင်နေကြသေးသည်။ အကြီးမ နီးနီးက ဂျွန် ထက် ဆယ်တစ်နှစ်တိတိကြီးတာမို့ ဂျွန့်ကိုအရမ်းချစ်သည်။

ဂျူလိုင်က ငယ်စဉ်ကတည်းက ဂျွန့်လောက် ကံမကောင်းခဲ့ချေ။ ဂျူလိုင် ငါးတန်းနှစ်မှာပင် ကားအက်ဆီးဒင့်နှင့် မိဘနှစ်ပါးလုံး ကွယ်လွန်ခဲ့တာမို့ ဂျွန့်မိဘတွေက သားတစ်ယောက်လိုပင် သနားစိတ်နှင့် အချစ်ပိုခဲ့၏။ တဖြည်းဖြည်း အရွယ်ရောက်လာတော့ နှစ်ယောက်စလုံး ဗီဇတွေပြလာကြသည်။ ဆယ်တန်းဖြေပြီးသူများတွေ သင်တန်းအစုံလျှောက်တက်နေချိန် ဂျွန်နှင့်ဂျူလိုင်က အခန်းအောင်းပြီး ဂစ်တာတီး သင်သည်။ ခရွှေမတ်မတိုင်ခင် ဒီဇင်ဘာတစ်လလုံး အိမ်မှာ ပြန်မအိပ်၊ ဘုရားကျောင်းမှာ ဂစ်တာတီးသော ဦးသောမတ်(ခ်)အိမ်မှာ ဂစ်တာတီး သွားသင်သည်။

ဂျွန်က သီချင်းဆိုဝါသနာပါသလို၊ ဂျူလိုင်က ဂစ်တာဆိုလျှင် မြင်တာနှင့် မနေနိုင်တာမို့ အတွဲညီနေတော့သည်။ အရင်ကတော့ မိဘတွေက စည်းကမ်းဒီလောက်မတင်းကျပ်။

ဆယ်တန်းကို နှစ်ယောက်လုံး အမှတ်ကောင်းကောင်းနှင့် အောင်ပါလျှက် အဝေးသင်တက်ပြီး ဝါသနာပါသောဂီတပညာကို ဆက်



www.burmeseclassic.com

www.burmeseclassic.com



သင်ကြမည်ဆိုသောအခါ မိဘနှစ်ပါးမှာ ဒေါသဖြစ်ရတော့၏။

ဂျွန်က စီးရီးထုတ်ချင်သည်ဟု ပူဆာမိသေးသည်။ အဝေးသင် လျှောက်သောကြောင့် စိတ်ဆိုးနေရသည့်ကြားထဲ စီးရီးထုတ်မည်ဆိုသောအခါ ဂျွန့်ဖေဖေမှာ အိမ်ပေါ်ကဆင်းဆိုသည်အထိ တင်းမာသွားခဲ့သည်။ ထိုအခါမျိုးတွင် ဂျွန်က အလွန်လည်သည်။ နိုင်ငံခြားမှ အစ်မဖြစ်သူကိုလှမ်းပြီး စစ်ကူတောင်းရာက ကျောင်းပြန်ပြောင်းလည် သွားခဲ့သည်။ သို့သော် စီးရီးကိစ္စတော့ အသံပင်မထွက်ရဲတော့။

ဒါပေမယ့် လစ်လျှင်လစ်သလို ကြိုးစားမြဲပင်။ ဂျူလိုင့်ကို အိမ်မှာ ညအိပ်ညနေ, နေဖြစ်အောင် အဖော်ခွယ်၊ သီချင်းတွေရေး၊ မိဘတွေလစ်တာနှင့် သူငယ်ချင်းဦးလေး၏ကော်ဖီဆိုင်တွင် သီချင်းသွား ခိုးဆိုတတ်သေးသည်။

ဂျွန့်ဖေဖေနှင့်မေမေသာသိလျှင် ရှက်လို့ဆုံးမှာမဟုတ်တော့။ ဒါတောင် ဂျွန်က မကျေနပ်နိုင်သေး။ အဆိုပြိုင်ပွဲဘာညာတွေ လျှောက်ပြိုင်ချင်သေးသည်။

"ဂျူလိုင်, ဘာတွေစဉ်းစားနေတာလဲ၊ အိပ်မယ်မဟုတ်လား"

"ဟာကွာ"

"မင်းကလည်း ကလေးကျနေတာပဲ၊ မင်းအိမ်မှာ ပွမ်မယ့်





ညံ့မယ့်လူလည်း တစ်ယောက်မှရှိတာမဟုတ်ဘူး။ မနက်ဖြန် မင်း Sunday School တက်မှာပဲကွာ၊ ငါလည်းလိုက်မယ်၊ အတူတူဒီမှာအိပ်တယ်ပေါ့။ ဘာဖြစ်လဲ . . ဖေဖေနဲ့ မေမေဆူရင် ငါ့တာဝန်"

ဂျွန်က, လိုချင်တာရှိလျှင် ကလေးတုန်းကလို ဂျီကျ၊ အမြဲလို အနိုင်ကျင့် ဗိုလ်လုတတ်မြဲမို့ သူ့ထက်တစ်လနီးပါးငယ်တဲ့ ဂျူလိုင်ကိုက အလျှော့ပေးနေကျဖြစ်သည်။

ဒါပေမယ့် ဂျွန်က ဂျူလိုင်ကို သူများစော်ကားတာ အနိုင်ကျင့်တာမျိုးဆို ခေါင်းငုံ့မခံ၊ လက်ပိုင်မကြည့်ခဲ့။ ရှစ်တန်းလောက်ကတည်းက ဂျူလိုင့်ကိုရန်စလျှင် သူက အရင် လက်ပါသွားတတ်ခဲ့သည်။ အိမ်က မုန့်တစ်ထုပ်ထည့်ပေးလျှင် ဂျူလိုင့်ကို တစ်ဝက်ခွဲကျွေးတတ်တာကို သိသောမိဘနှစ်ပါးမှာ ဂျူလိုင်ဖို့ဆိုပြီး သီးသန့်ပိုထည့်ပေးရသည်အထိပင်။

နောက်ဆုံးတော့ ဂျူလိုင် သက်ပြင်းတစ်ချက်ချရင်း ခေါင်းညိတ်လိုက်ရသည်။

"အိပ်မယ် . . ဟုတ်လား၊ ပျော်လိုက်တာကွာ . . ဟား . . ဟား . . လိမ္မာတယ် ဂျူလိုင်"

ပြောပြောဆိုဆို ဂျွန်က ဂျူလိုင့်ဆံပင်ရှည်ရှည်တွေကို လက်



www.burmeseclassic.com

www.burmeseclassic.com



နဲ့တိုးမွသည်။ ဂျူလိုင်က လက်သီးနှင့်ပြန်ရွယ်တော့ မချိုမချဉ်ပြုံးရင်း..

"မင်းထက် ငါတစ်လကြီးတယ်နော်"

ဟု သတိပေးသလိုလို ပြောလိုက်သေးသည်။

"ငါလည်း မင်းထက် အရပ်တစ်လက်မပိုရှည်တယ်"

ဂျူလိုင်က အားကျမခံပြန်ပြောတော့ ဂျွန့်မျက်နှာက ရှုံ့မဲ့သွားသည်။ နှစ်ယောက်လုံး ရုပ်ချင်းခပ်ဆင်ဆင်ဆိုပေမယ့် ဂျူလိုင့်အရပ်က ငါးပေဆယ့်တစ်လက်မရှိကာ ဂျွန်က ငါးပေဆယ်လက်မသာရှိသည်။ ဒါကို ဂျွန်ဘယ်တော့မှမကျေနပ်။ ဘယ်နှစ်ခါပြန်တိုင်းတိုင်း တစ်လက်မ နိမ့်မြဲနိမ့်နေသည်သာ။

"ငါ့အသက်နှစ်ဆယ်မပြည့်သေးဘူး ဂျူလိုင်၊ မျှော်လင့်ချက်ရှိသေးတယ်.. ကြည့်ထား၊ မင်းကိုမီလာစေရမယ်"

ဂျွန့်စကားကြောင့် ဂျူလိုင် တဟားဟားအော်ရယ်သည်။

"ငါကရော.. ဒီအတိုင်းနေမှာတဲ့လား။ ဘာပဲပြောပြော ငါ ရှည်တယ်"

ဂျွန်က နှာခေါင်းရှုံ့ရင်း တစ်စုံတစ်ခုကို မကြားတကြားရေရွတ်သည်။

"ဟေ့ကောင်.. ဂျွန်၊ ငါကြားတယ်နော် ဘာဖြစ်လဲ အဲဒါ"





"ဘာလဲ.. ငါက ဆံပင်ကိုပြောတာ"

ဂျွန်က ရုပ်တည်ကြီးနဲ့ ပြန်ပြောတော့ ဂျူလိုင် ရှက်ကိုးရှက်ကန်းဖြစ်သွားသည်။

ပြီးတော့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး အော်ရယ်လိုက်မိကြ၏။ ဂျူလိုင်က နှုတ်ခမ်းနားမှာ လက်ညှိုးလေးကပ်ပြီး တိုးတိုးလုပ်ဆိုသည့်အမူအရာနှင့် တံခါးဘက်ကို လက်မနှင့်နောက်ပြန်ညွှန်ပြမှ ဂျွန်ငြိမ်သွားသည်။

ဒီလိုမှမဟုတ်ရင် ဂျွန့်မေမေက အခန်းတံခါးထုပြီး ဆူပေဦးမည်။ နှစ်ယောက်လုံးက ဂစ်တာကိုသဘောကျသော်လည်း တယောသံကို နှစ်သက်သူများမဟုတ်ကြချေ။ ထို့ကြောင့် ဂျွန့်မေမေ၏ တယောထိုးသလိုဆွဲသံကိုတော့ အလွန်ကြောက်ကြသည်။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

စာရွက်ဖြူဖြူပေါ်မှာ ခဲတံနှင့် ထင်ရာတွေလျှောက်ခြစ်ရင်း လူတစ်ယောက်ပုံကို ဆွဲချင်လာသည်။ ဒါပေမဲ့ မေ ပန်းချီမဆွဲတတ်။ ထူထဲနက်မှောင်နေသည့်မျက်ခုံးတွေနဲ့ အရုပ်တရုပ်လို ဝိုင်းစက်ကော့ ရှုန်းနေသည့်မျက်လုံးတွေကို မေ့မျက်လုံးထဲ ခဏ,ခဏမြင်ယောင်လာသည်။

ရှေးကြည့်လို့ မရတာက ခက်သည်။ ဝိုင်းမလိုလို့နဲ့ သွယ်စင်းနေတဲ့မျက်နှာရယ်၊ ဆံပင်နက်နက်လေးတွေကို အဖျားချွန် တိုတိုထောင်ထောင်ညှပ်ထားပုံက ရည်မွန်ခန့်ညားပြီး ဖြူဖြူစင်စင်ကောင်လေးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်မှန်း သိသာစေလေသည်။ လှစ်ခနဲတွေ့လိုက်ရသည့်အပြုံးလေး ကိုက မေ့ရင်ထဲ တဖျပ်ဖျပ်လှုပ်ခါသွားစေခဲ့၏။

"ဟိတ်!"

"အမေ့! ဟာ, လန့်လိုက်တာ ချယ်ရီရာ"

နောက်မှ အသံမပေးဘဲ တိတ်တိတ်လေးရောက်နေသည့် ချယ်ရီကိုမျက်စောင်းထိုးရင်း လှည့်ပြောလိုက်သည်။ ချယ်ရီက သဘောကျစွာရယ်ပြီး မေ့ရှေ့ကစက္ကူကို လှမ်းကြည့်သည်။

"ဒါ ဘာကြီးလဲ"

"မျက်လုံး"

"ဘယ်သူ့မျက်လုံးလဲ . . နင်ဆွဲထားတာလည်း ကြွက်မောက်သီးကျနေတာပဲ၊ အမွေးတွေ တဖွားဖွားနဲ့"

ချယ်ရီပြောလိုက်ကာမှ မေ ကိုယ့်လက်ရာကိုယ်ကြည့်ပြီး အကြီးအကျယ်စိတ်ဓာတ်ကျသွားတော့သည်။

"နင်ကလည်း ဒါ Singing boy ရဲ့မျက်လုံးတွေ"

"ဘာရယ်"

"ဩော်, သီချင်းဆိုတဲ့ကောင်လေးရဲ့မျက်လုံးလို့ပြောတာ။ သူ့မျက်လုံးတွေက ဝိုင်းတယ်၊ ပြီးတော့ မျက်တောင်တွေကလည်း





ရှည်တယ်လေ"

"မှုလတန်းကလေးဆွဲတာတောင် နင့်ထက်သာတယ် မေရဲ့။ သီချင်းဆိုတဲ့ကောင်လေးကိုပဲ နင်မြင်လိုက်တာလား။ ဂစ်တာတီးတဲ့ကောင်လေးကိုရော သတိမထားမိဘူးလား။ ဆံပင်တွေကို ရွှေရောင်ဆိုးထားတယ်လေ . . ခပ်ရှည်ရှည်လေး။ ဂစ်တာတီးနေတော့ မျက်နှာပေါ် ဝဲကျနေတာ . . ဘယ်လောက်ချစ်ဖို့ကောင်းလဲ . . သူက ပိုကြည့်ကောင်းတယ်၊ ဟိုတစ်ယောက်က အရမ်းနုလွန်းပြီး ကလေးဆန်သလိုပဲ"

ကြည့်စမ်း! ချယ်ရီက မေ့ထက်တောင် အနုစိတ်ကြည့်ထားလိုက်သေးသည်။

"ဟင်းဟင်း . . မေက သီချင်းလေးပဲ"

"ချယ်ရီက ဂစ်တာလေး"

"သီချင်းလေး"

"ဂစ်တာလေး"

"သီချင်းလေး . . ပါဆို"

"ဂစ်တာလေးက ပိုချောတာ"

မေနှင့် ချယ်ရီ သူငယ်တန်းကလေးများလို တစ်ခွန်းမခံငြင်း



www.burmeseclassic.com

www.burmeseclassic.com



နေစဉ် အခန်းထဲသို့ အန်တီကေသီ ဝင်လာသည်။ ဒါကို မေကာ မမြင်လိုက်..

"သီချင်းလေးပဲ"

"ဟုတ်လား.. ဘာတွေအော်နေတာလဲ"

"အဲ.. ဟို.. ဂစ်တာ.. ဂစ်တာ၊ ဟိုဟာလေ သီချင်း ဒီနေ့ ဘုရားကျောင်းသွားရင်ဆိုဖို့ သီချင်းတိုက်မယ်လို့ပြောတာ"

ချယ်ရီစကားကြောင့် အန်တီကေသီ ဘာမှဆက်မပြောတော့ဘဲ မျက်စောင်းထိုးပြီး ပြန်ထွက်သွားသည်။

"ဟီး.. ဟီး.. ငါပြောလိုက်ပေလို့ နို့မို့ဆို အဆူခံရဦးမှာ။ အန်တီကေသီလာမှ ဘုရားကျောင်းသွားဖို့ ငါသတိရတော့တယ်။ ဒီနေ့ ရွှန်းဝေတို့ အန်ကယ်ဒေဗစ်အိမ်မှာ ဘုရားရှိခိုးကြမှာ၊ အဲဒီကိုသွားမယ်"

"ရွှန်းဝေရော လိုက်မလာဘူးလား"

"ဟင့်အင်း.. အလုပ်ရှုပ်နေတယ်တဲ့၊ ပြောတာပဲ"

"ဘယ်နှစ်နာရီသွားမှာလဲ။ အခုပဲ ဆယ့်နှစ်နာရီရှိနေပြီ"

"ဟုတ်သားပဲ.. ကဲ, ရေမြန်မြန်ချိုးတော့။ တစ်နာရီ ဟိုကို အရောက်နော်"





ချယ်ရီစကားအဆုံး မေ ကုတင်ပေါ်မှ အပြေးအလွှားဆင်းကာ ရေချိုးဖို့ပြင်ဆင်တော့၏။ ချယ်ရီကတော့ သီချင်းခွေတစ်ခွေဖွင့်ပြီး အေးအေးဆေးဆေးစောင့်နေလိုက်သည်။ ရွှန်းဝေတို့ဆီမှာ ဘုရားဝတ်ပြုတဲ့အထာကို ချယ်ရီက သိပြီးသား။ နှစ်နာရီနောက်ပိုင်းမှ လူငယ်အချိန်စမှာ ဆိုပေမယ့် ပြင်ဆင်တာကြာတတ်သောမေ့ကို အမြဲ အချိန်ကိုစောပြီးပြောထားရမြဲဖြစ်၏။

မေကာ ရေချိုးခန်းထဲမှာ နာရီဝက်လောက် အချိန်ဖြုန်းပြီးမှ ထွက်လာသည်။ မှန်တင်ခုံရှေ့မှာထိုင်ပြီး ကိုယ့်မျက်နှာကိုယ် သုံးမိနစ်လောက်ကြည့်ပြီးမှ အလှပြင်တတ်တာက အကျင့်ဖြစ်နေပြီ၊ ဘာမှထူးခြားခြားအလှမပြင်တတ်သော်လည်း မျက်တောင်တွေကို မက်(ခ်)ကာလာနဲ့ အရောင်တင် မည်းနက်နေအောင်လုပ်ရတာကို မေသဘောအကျဆုံးပင်။ မိတ်ကပ်လိမ်းရမှာတော့ မေ အရမ်းပျင်းသည်။

ခပ်ပါးပါးရှိသည့်နှုတ်ခမ်းတွေကတော့ နဂိုကတည်းက ရဲစိုနေပြီးသားမို့ ဘာမှဆိုးမနေတော့။

အရောင်တွေထဲမှာ အနက်ကိုသာ ခရေဇီဖြစ်သည့်မေကာ ဆံပင်ကိုပင် ဘာရောင်မှမဆိုးဘဲ အနက်တောက်တောက်လေးကို အမြတ်တနိုး ထိမ်းသိမ်းထားသည်။ ကျောလယ်အထိရောက်တဲ့ဆံပင်တွေကို ဘာနဲ့



www.burmeseclassic.com

www.burmeseclassic.com



မှ တွယ်ကပ်စည်းနှောင်တာမျိုးမလုပ်ဘဲ ဒီအတိုင်းချပြီး ဂါဝန်အနက်ရောင် လက်ပြတ်အတိုလေးကို ဝတ်လိုက်ရုံနှင့် အားလုံးပြီးပြည့်စုံသွားသည်။

ကျောနဲ့ခါးတစ်လျှောက် အတွန့်အရှုံ့လေးတွေနှင့် ခါးနေရာမှာ ခါးပတ်ပုံစံ ဖဲကြိုးကြီးကြီးလေးတစ်ခုသာပါသော ဂါဝန်လေးက ဒူးအောက်ထိသာ ရှည်သည်မို့ ဖြူစင် ဝင်းနှစ်နေသည့် မေ့ခြေသလုံးသားလေးတွေကို လှပ ထင်းလင်းနေသည်။

မှန်ရှေ့မှာ အရှေ့ကြည့်၊ အနောက်ကြည့်နှင့် တစ်နာရီထိုးလုလုပင်ဖြစ်သွားသည်။

"ကဲ . . ပြီးပြီလား . . တစ်နာရီအရောက်နော်"

သီချင်းနားထောင်ရင်း လှမ်းအော်လိုက်သောချယ်ရီက မျက်လုံးဖွင့်မကြည့်။ တစ်နာရီထိုးဖို့ ငါးမိနစ်ပင်မလိုတော့တာမသိဘဲ၊ "တစ်နာရီအရောက်နော်"ဟု တဖွဖွအော်နေသောကြောင့် မေတစ်ယောက်တည်း ကြိတ်ရယ်နေမိသည်။

"ပြီးပြီ . . မျက်လုံးဖွင့်မကြည့်ဘဲ စွတ်အော်မနေနဲ့၊ တစ်နာရီထိုးနေပြီ . . သွားမယ်ထ"

မေ့အသံကြားမှ ချယ်ရီက အိပ်ရာပေါ်က ကမန်းကတန်း





ကုန်းထသည်။ စားပွဲပေါ်မှ အသင်းတော်အတွင်း ကန့်သတ်ဆိုတဲ့ ဓမ္မသီချင်းစာအုပ်လေးကိုယူပြီး အခန်းထဲက ကပျာကယာထွက်ခဲ့ကြသည်။

ဘယ်နေရာမှာ ဘယ်လောက်အချိန်ကြာကြာ ကားမောင်းရာမှာတော့ မေကာ အလွန်မြန်တတ်သောကြောင့် ဖခင်နှင့်အဒေါ်ဖြစ်သူကလုံးဝစိတ်မချရသည်အထိပင်။

ဟိုရောက်သွားတော့ အားလုံးလူစုံသလောက် ဖြစ်နေပေပြီ။ ရှန်းဝေက ထုံးစံအတိုင်း နောက်ကျတတ်သောသူငယ်ချင်းမနှစ်ယောက်အချိန်မီရောက်လာ၍သောကြောင့် အံ့ဩသလိုပင်ဖြစ်နေသည်။ ဝတ်ပြုဆုတောင်းခြင်း၊ ဂုဏ်တော်ဘွဲ့သီချင်းသီဆိုခြင်းအစီအစဉ်တွေ တစ်ခုပြီးတစ်ခုအပြီးတွင် . .

"အခု ကျွန်တော်တို့အဖဘုရားသခင်ကို ဂုဏ်တော်သီချင်းတစ်ပုဒ်နဲ့ ချီးမွမ်းကျေးဇူးပြုမယ်ခင်ဗျာ"ဟူသောအသံကို ကြားလိုက်ရသည်။ နားထဲမှာ ကြားဖူးနေသလို အသံချိုချိုလေးကြောင့် မေ ခေါင်းထောင်ပြီး လှမ်းကြည့်လိုက်သည်။

ဘုရားကျောင်းတွင် အမြဲတမ်းဂစ်တာတီးနေကျ ကိုလင်းသစ်က လွယ်ထားသောဂစ်တာကိုဖြုတ်ပြီး ကောင်လေးတစ်ယောက်ကို လှမ်းပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကောင်းလေးကို မေ အသေအချာမှတ်မိသည်။ ထိုကောင်လေးက ဂစ်တာကိုတစ်ချက်နှစ်ချက်ခတ်ပြီး ထိုင်နေသူတစ်ယောက်ကို မေးဆတ်ပြီး လှမ်းခေါ်သည်။

"အို!"

ထိုင်ခုံမှကောင်လေး မတ်တတ်ထအရပ်တွင် မေအရမ်းအံ့သြ ရင်ခုန်သွားသည်။ ချယ်ရီကလည်း ထိုကောင်လေးနှစ်ယောက်ကိုလှမ်းကြည့်ပြီး မေ့လက်ကို ခပ်တင်းတင်းလေး လာဆုပ်လာသည်။

"ကျွန်တော်တို့သီဆိုပူဇော်မယ့်သီချင်းက ယုံကြည်ချက်ခွန်အားလို့အမည်ရပါတယ်. . ကျွန်တော်တို့ကိုယ်တိုင် ရေးစပ်ထားတဲ့သီချင်းလေးပါ"

မေသဘောကျနေသော သီချင်းလေးရဲ့ကြေငြာသံအပြီး သူ့ဘေးမှ ဆံပင်ရွှေရောင်နှင့်ကောင်လေးက ဂစ်တာစတီးသည်။ ဆံပင်ပုံစံကလွဲရင် နှစ်ယောက်လုံးက ဆင်ဆင်တူသော ကောင်လေးနှစ်ယောက်ကို အားလုံးငေးမောရင်း သူတို့သီချင်းသံစဉ်လေးမှာ မျောပါသွားကြသည်။

"မေ. . အဲဒါ Winter က ကောင်လေးတွေနော်၊ အသံရောရုပ်ရောဆင်တယ်"





ချယ်ရီက မနေနိုင်မထိုင်နိုင် တိုးတိုးလေးကပ်ပြောသည်။ မေပြုံးရင်း. ခေါင်းညိတ်ပြလိုက်သည်။ သီချင်းလေး ဆုံးသွားပြီး 'တစ်ယောက်စီတိုင်းကို ဘုရားသခင် ကောင်းချီးပေးပါစေ' တဲ့ ဆုတောင်းသံအဆုံး 'အာမင်'ဆိုတဲ့အသံ ဟိန်းထွက်လာမှ မေတို့ သတိဝင်လာကြသည်။

"ရွှန်းဝေ, နင်လည်း သူတို့ကို တစ်ခါမှမတွေ့ဖူးဘူးနော်၊ နင်ဒီမှာအမြဲတက်တာမဟုတ်လား"

ရွှန်းဝေက ခေါင်းညိတ်ပြသည်။

"ငါ ဒီမှာပဲဘုရားရှိခိုးတာ၊ သူတို့နဲ့ တစ်ခါမှမဆုံဖူးဘူး၊ ညီညီသည်ထင်တယ်"

နောက်ထပ်လူတွေ သီချင်းတွေဆိုတာကို အာရုံမရောက်တော့ဘဲ သုံးယောက်သား ခေါင်းချင်းဆိုင်ကာ ကြိတ်ကြိတ် ကြိတ်ကြိတ်ဖြစ်နေကြသည်။ အခမ်းအနားအစီအစဉ်ကို ကြေငြာပေးသောလူက ဘာကြေငြာပေးမှန်းပင်မသိလိုက်။

ကောင်လေးနှစ်ယောက် နေရာမှထပြီး သူတို့ကိုယ်သူတို့မိတ်ဆက်စကားပြောမှပင် မေ ကပျာကယာလေးလှမ်းကြည့်လိုက်သည်။

မေကသာ သူတို့နှစ်ယောက်ကိုမြင်သော်လည်း မေ့ကိုတွေ့ပုံ



www.burmeseclassic.com

www.burmeseclassic.com



မရချေ။ အင်းလေ.. သူတို့က မေ့ကိုတွေ့လည်း မှတ်မိမှာမှမဟုတ်တာလို့ စိတ်မကောင်းစွာ တွေးလိုက်မိ၏။

မေ ဘယ်လောက်များ အတွေးလွန်နေသည်မသိ။ ချယ်ရီက လက်ကုပ်ရင်း..

"ဟဲ့.. သွားနှုတ်ဆက်မယ်"ဆိုမှ မေသတိဝင်လာသည်။

ဘုရားကျောင်းမှာ ညီသည်အသစ် လာတက်လျှင် တစ်ယောက်ချင်း သွားနှုတ်ဆက်ရသောကြောင့် မေ နေရာမှထရပ်လိုက်သည်။ လူတွေအများကြီး သူတို့ရှေ့မှာ တန်းစီနေသောကြောင့် မေ အသာလေးငြိမ်ပြီး ရပ်နေရသည်။

ရှန်းဝေက မေ့နားနားလေးကပ်ပြီး..

"သီချင်းဆိုတဲ့ကောင်လေးက ဂျွန်တဲ့.. ဂစ်တာတီးတာ ဂျူလိုင်၊ နာမည်တွေကိုက ချစ်စရာလေး"_

ဟုတိုးတိုးပြောသည်။ အားလုံးရှင်းသွားပြီး မေ့အလှည့်ရောက်လာတော့ ရင်တွေခုန်ပြီး လက်ဖျားလေးတွေ အေးစက်လာသည်။ ချယ်ရီက မေ့ခါးကိုတို့ရင်း သွားလေဆိုမှ တွန့်ဆုတ်နေသော ခြေထောက်တွေကို အနိုင်နိုင်အားယူလှမ်းရင်း တရွေ့ရွေ့တိုးသွားလိုက်သည်။

မေ အနားရောက်သွားတော့ နှစ်ယောက်စလုံးက မေ့ကို ပြုံး





တူ လက်ကမ်းပေးပြီးမှ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ရှက်ကိုးရှက်ကန်းပြုံးကာ နှစ်ယောက်လုံး လက်ပြန်ရုပ်သွားသည်။

"အို!"

မေ ရှက်ရွံ့သွားမိသည်။ မေ့ရဲ့သီချင်းလေးက ဆောရီးနော်လို့ တစ်ခွန်းပြောပြီး လက်ပြန်ကမ်းမှ မေ ရင်ခုန် တိမ်းမူးစွာ လက်ကမ်းရင်း..

"မင်္ဂလာပါ"

လို့ တိုးတိုးလေးပြောလိုက်မိသည်။ သူကလည်း မေ့ကိုမှတ်မိနေသလိုလို ဖဝေဖဝါပြုံးရင်း မင်္ဂလာပါဟု ပြန်ပြောသည်။ နောက်ထပ် ဂစ်တာတီးတဲ့ကောင်လေးအလှည့်မှာတော့ မေ နည်းနည်းတည်ငြိမ်သွားသည်။ သူ့လက်ဖဝါးတွေက ပူနွေးနေသည်။ ထို့ပြင် သီချင်းလေး ထက်ပိုပြီး နွေးထွေးစွာပြုံးကာ တွေ့ရတာ ဝမ်းသာပါတယ် ဟုပြောလေသည်။

နောက်ကိုပြန်လှည့်ခဲ့တဲ့အထိ မေ့လက်ကလေးတွေ ပူနွေးနေတုန်း။ ထို့ပြင် ဂျွန်ဆိုတဲ့ကောင်လေးရဲ့ နူးညံ့ချိုအိတဲ့အပြုံးလေးနဲ့ ဆွဲအားပြင်းတဲ့ မျက်လုံးတောက်တောက်လေးတွေရဲ့အကြည့်က မေ့ရင်ထဲအထိ ကပ်ငြိပါလာသည်။ ဂျူလိုင်ရဲ့ နွေးထွေးရီဝေတဲ့အကြည့်ကတော့



www.burmeseclassic.com

www.burmeseclassic.com



မေ့ကို ထူးထူးခြားခြား ရင်မခုန်စေဘဲ ဋ္ဌန်မျက်ဝန်းတွေကိုသာ တမ်းတမ်းစွဲသွားမိသည်။

ထိုနေ့က ဘုရားကျောင်းမှအပြန် မေ အငိုင်းအဆမရှိ ရင်ခုန်နေတော့သည်။

❀ ❀ ❀

အခန်း (၅)

"ဘယ်မှာလဲကွ. . မရှိတော့ဘူး"

ဋ္ဌန်က ကားမောင်းရင်း ဂျူလိုင့်ကိုလှည့်ပြောသည်။

"ငါ့ သေသေချာချာတွေ့လိုက်တာပါကွာ။ ငါတို့ရှေ့ကတင်ထွက်သွားတာ. . မာစီဒီးအနက်ရောင်လေးမှာ မဟူရာနဲ့ သူ့သူငယ်ချင်းကောင်မလေးနှစ်ယောက်နဲ့"

ဂျူလိုင်စကားအဆုံး ဋ္ဌန် စိတ်ပျက်လက်ပျက် စုတ်သပ်ညည်းညူလိုက်မိသည်။

"ကျွတ်! သွားပါပြီကွာ. . နာမည်လေး မေးလိုက်မိရင်




www.burmeseclassic.com

www.burmeseclassic.com



အကောင်းသား"

"သူလည်း ငါတို့ကိုမှတ်မိတယ်ကွ။ ကြည့်ပါလား၊ နှုတ်ဆက်တုန်းက ရှက်ကိုးရှက်ကန်းဖြစ်နေတာ၊ လက်ဖျားလေးတွေဆို အေးစက်နေတာပဲ"

သူပင် သတိမထားလိုက်မိခဲ့သောအရာကို ဂျူလိုင်က သေသေချာချာအမှတ်ရနေခြင်းအတွက် ဌွန်စိတ်ထဲ တစ်မျိုးဖြစ်သွားသည်။

ဌွန်မျက်နှာပျက်သွားတာမြင်မှ ဂျူလိုင် စကားမှားသွားပြီမှန်း သိလိုက်ရသည်။

"စိတ်မပျက်ပါနဲ့ ဌွန်ရာ.. အဲဒီမှာ ကိုလင်းသစ်ကြီး ရှိနေတာပဲ။ စုံစမ်းလို့ရပါတယ်"

"ဟာ.. အဲလိုကြီး ကြားလူနဲ့စုံစမ်းပြီးမှ သိရတာမျိုး မလိုချင်ဘူး။ ပြီးတော့ အဲလိုလုပ်တာ တစ်မျိုးကြီးပဲ"

ဒီလိုကျတော့ ဌွန်က ရှက်တတ်သေးသည်။

"မင်း၊ သူ့ကို စိတ်ဝင်စားနေလား ဌွန်"

ဌွန်က သူ့အမေးကိုမဖြေဘဲ ရယ်နေသည်။ ဂျူလိုင် သက်ပြင်းတစ်ချက် ကြိတ်ပြီးချလိုက်ရသည်။ နုနုနယ်နယ်လေးနှင့် တစ်မျိုးစီ ဆွဲဆောင်မှုရှိသော လှလှပပကောင်မလေးတွေတိုင်းကို ဌွန်သဘောကျ





ခဲ့ဖူးသည်။ ဒါပေမဲ့ သီချင်းတစ်ပုဒ်ရေးရုံကလွဲပြီး ဘာမှအလေးအနက်မထားခဲ့။ တစ်နေရာမှာတွေ့လျှင် စိတ်ဝင်စားသွားတာနဲ့ လိုက်ပြီးကြည့်ဖုန်းတွေဆက်၊ စကားတွေပြော၊ ရည်းစားလည်းမဖြစ်လိုက်ဘဲ ဟိုလိုလို ဒီလိုလိုလုပ်ပစ်တတ်သောအကျင့်ကြောင့် သူနှင့် ခဏ,ခဏ စကားများရသည်။

ကြိုက်တာသေချာရင် အတည်တွဲဆိုပြန်တော့လည်း ရည်းစားကိစ္စ ကရိကထတွေများတတ်လို့ စိတ်ညစ်တယ်တဲ့။ ဒီလိုဆိုပြန်တော့ ဌွန့်ကိုသနားမိပြန်သည်။ ဒီအသက်အရွယ်လောက်နှင့် သူလည်းလွတ်လွတ်လပ်လပ်သာ နေချင်ရှာဦးမည်ဆိုပြီး ကိုယ်ချင်းစာလိုက်မိသည်။

ဆယ်တန်းတုန်းက ကောင်မလေးတစ်ယောက်ကို ဌွန်လိုက်ကြိုက်ဖူးသည်။ ဒါပေမဲ့ ဂျူလိုင့်ကြောင့် ဇာတ်လမ်းမဖြစ်လိုက်ခြင်းပင်။ အဲဒီကတည်းက ဆယ်တန်းအောင်ပြီး တက္ကသိုလ်ရောက်မှ ရည်းစားထားကြေးဆိုတဲ့ကတိ ထားခဲ့ကြသည်။

အခု နှစ်ယောက်လုံး ဒုတိယနှစ်ရောက်ပေမယ့် တစ်ယောက်မှ ရည်းစားမရသေး။

ဌွန်က ဂျူလိုင့်လိုမဟုတ်။ တစ်ခါတစ်လေ အင်တာနက်မှာ Chatting ထိုင်ရင်း လေးငါးယောက်လောက်နှင့် ဘာလိုလိုညာလိုလို



www.burmeseclassic.com

www.burmeseclassic.com



တွေ လျှောက်ပြောပြီး အီတဟ်သေးသည်။ ပြီးတော့လည်း ဒီလိုပဲ ပြီးသွားတတ်သည်။

ဒီတစ်ယောက်ကိုလည်း သီချင်းတစ်ပုဒ်ရေးပြီးတာနဲ့ ဌွန် မေ့သွားဦးမည်ထင်သည်။ ထို့ကြောင့် စိတ်ဝင်စားလားလို့ မေးမိခြင်းဖြစ်သည်။

"ဘာတွေစဉ်းစားနေတာလဲ ဂျူလိုင်၊ ဟိုကောင်မလေးရဲ့ အေးစက်စက်လက်ဖျားလေးကိုလား"

ဌွန့်စကားကြောင့် သူ ဟက်ခနဲတစ်ချက်ရယ်လိုက်မိသည်။ ဌွန်စိတ်ဝင်စားတတ်သောကောင်မလေးတိုင်းက လှတာချည်းပင်။ ဒါပေမဲ့ ဒီအနက်ရောင်လေးလောက်တော့ ထူးထူးခြားခြား ဆွဲဆောင်အားမရှိ။ ဘာကြောင့်မှန်းမသိ ထိုကောင်မလေးကို ဘုရားကျောင်းမှာ ပြန်တွေ့ရတာ သူပြောမပြတတ်အောင် အံ့ဩဝမ်းသာသွားခဲ့သည်။ ကောင်မလေးကို အရင်စပြီးမြင်ပေမယ့် ဌွန့်ကိုမပြောဘဲ တစ်ယောက်တည်း ငေးနေခဲ့မိသည်အထိ။

"ငါမေးတာ မဖြေဘူးနော်.. ဒါဆို"

"မဟုတ်ဘူး.. ဌွန်၊ ငါ သူ့ကိုသတိရတယ်။ ဒါပေမဲ့ ဘာမှ မပိုဘူး"





သူ ကောင်မလေးကို စိတ်ဝင်စားပါလျက်နှင့် ဘူးကွယ် ငြင်းလိုက်မိသည်။ ဘာကြောင့်ဆိုတာ သူ တပ်အပ်မပြောနိုင်ခင် ဌွန့်မျက်လုံးတွေက ပျော်ရွှင်ရိပ်သမ်းလာကာ..

"တကယ်နော်"

ဟုမေးလိုက်တာကြောင့် သူ့အဖြေကို ပိုပြီးတိကျနိုင်လုံသွားစေကြောင်း သိလိုက်ရ၏။

"တကယ်ပါ၊ ငါ သူ့ကိုထူးဆန်းတဲ့ပုံစံလေးမို့ အမှတ်တရဖြစ်သွားတာကလွဲရင် ဘာမှ ငါ့စိတ်ထဲမှာမရှိဘူး"

ဌွန့်ကို စိတ်ကျေနပ်မှု အပြည့်အဝပေးနိုင်မည်ဟူသော ယုံကြည်ချက်တစ်ခုတည်းနှင့် ပြောလိုက်ရသော်လည်း စကားလုံးတိုင်းက သူ့ခံစားချက်နှင့် ဆန့်ကျင်နေသည်ချည်းသာဖြစ်သည်။ ထို့အတွက် ဌွန်နားလည်ဖို့မလိုအပ်သလို အနက်ရောင်ကောင်မလေးလည်း နားလည်နိုင်လိမ့်မည်မဟုတ်ချေ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

ကော်ဖီဆိုင်လေးသို့ မေတို့သုံးယောက် ရောက်ခဲ့တာ ဒီနေ့ဆို ရှစ်ရက်မြောက်သွားပြီဖြစ်သည်။

'နှင့်ဟာက မလွှန်လွန်းဘူးလားမေရယ်' ဆိုသော ချယ်ရီစကားကို တမင်မကြားယောင်ပြုပြီး နေရာမှထရပ်လိုက်သည်။

"ဟဲ့! ဘယ်သွားမလို့လဲမေ"

"အဲဒီမှာ ခဏနေခဲ့"

မေ, ချယ်ရီတို့နှစ်ယောက်ကိုထားခဲ့ပြီး ဆိုင်ရဲ့အတွင်းကျကျ ညာဘက်ထောင့်က ဆိုင်မန်နေဂျာထိုင်နေသောနေရာသို့ တန်းတန်းမတ်



www.burmeseclassic.com

www.burmeseclassic.com



မတ်လျှောက်လာခဲ့သည်။

"ဟို.. အစ်ကို၊ ဒီဆိုင်မှာ သီချင်းဆိုတဲ့နှစ်ယောက်လေ၊ သူတို့မလာဘူးလားဟင်"

"ဩော်၊ ဌ္ဘန်တို့ကိုပြောတာထင်တယ်.. မလာဘူးညီမ၊ သူတို့က ဒီကဝန်ထမ်းမဟုတ်ဘူး။ အစ်ကို့ညီရဲ့သူငယ်ချင်းတွေ။ တစ်ခါတစ်လေစိတ်ကူးပေါက်မှ ရောက်လာတတ်တာ"

"ဩော်.. ဟုတ်လား"

မေ့စိတ်ထဲ ကောင်တာနားထိုင်နေသောကြောင့် မန်နေဂျာထင်နေမိသူမှာ ဆိုင်ရှင်ဖြစ်နေကြောင်းသိလိုက်ရသောကြောင့် အားနာသလိုဖြစ်သွားမိ၏။

"သူတို့လာရင် အစ်ကိုပြောပေးရမလား။ ဌ္ဘန်တို့နှစ်ယောက်ကို ဆိုင်လာတဲ့ဧည့်သည်တိုင်း မေးကြတယ်၊ အမြဲဆိုတာမဟုတ်တော့လည်း.. တစ်ခါတစ်လေကြုံကြိုက်မှတွေ့တာပေါ့လေ"

"ရပါတယ်.. မေတို့က သူ့သီချင်းတွေ ဒီမှာနားထောင်တဲ့ပရိတ်သတ်ပါ။ မရင်းနှီးပါဘူး.. မပေ့လို့မေးကြည့်တာ"

"ဩော်.. ဟုတ်ကဲ့"





"ကျေးဇူးပဲနော်"

"အစ်ကိုတို့က ကျေးဇူးတင်ရမှာပါ.. ကိုယ့်ဆိုင်လာတဲ့ဧည့်သည်ပဲ"

ဖော်ရွေလှသောဆိုင်ရှင်ကို မေ နှုတ်ဆက်ပြီး ပြန်လှည့်ထွက်လာတော့မှ ချယ်ရီနှင့်ရွှန်းဝေက သဘောပေါက်သလို သူမအား မျှော်လင့်တကြီးစောင့်ကြည့်နေသည်ကို တွေ့လိုက်ရသည်။

"ဘယ်လိုလဲမေ"

မေ နှာခေါင်းရှုံ့ရင်း ခေါင်းရမ်းပြလိုက်သည်။

"ပြန်ကြရအောင်ဟာ"

"အစောကြီးရှိသေးတာပဲ"

ရွှန်းဝေစကားအဆုံး ချယ်ရီက မသိမသာမျက်မှောင်ကြုတ်ပြသည်။ မေ့မျက်နှာလေး စူပုပ်နေတာမို့ သူတို့နှစ်ယောက်လုံး အလိုက်တသိငြိမ်သက်နေကြခြင်းပင်။ မေစိတ်ဆိုးမယ်ဆိုလည်း ဆိုးချင်စရာ၊ ဘုရားကျောင်းကို တနင်္ဂနွေနေ့က သွားတော့လည်းမတွေ့ရ၊ ကော်ဖီဆိုင်လာပြန်တော့လည်း မရှိတာမို့ စိတ်လျှော့ရမလိုပင်ဖြစ်နေပြီ။

မေက စိတ်ဆိုးလျှင် ဘယ်သူ့ကိုမှအပြစ်မတင်ဘဲ ကားကိုသာ တရကြမ်းမောင်းတတ်သောကြောင့် ချယ်ရီနှင့်ရွှန်းဝေမှာ မေ့မောင်းသော



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်တွင် ရင်တထိတ်ထိတ်နှင့်ပါလာကြသည်။

ကော်ဖီဆိုင်အဝမှအထွက် လမ်းမပေါ်မှကားကိုမစောင့်ဘဲ တရကြမ်းကွေ့အထွက်..

"ကျွီ!"

"ဟာ.."

ဂျူလိုင်မျက်စိရှေ့ ရုတ်တရက်တိုးဝင်လာသောကားခေါင်းကို တွေ့လိုက်ရတာမို့ ဘရိတ်ကိုဖိနင်းပြီး ဖြစ်ချင်ရာဖြစ် မျက်စိမှိတ်ထားလိုက်သည်။ ဂျွန်က နေလို့သိပ်မကောင်းတာမို့ ဂျူလိုင်မောင်းရတဲ့နေ့ကျမှ တိုက်တိုက်ဆိုင်ဆိုင်လာဖြစ်နေရသည်။

"ကျွတ်! တော်သေးတယ်ကွာ"

သူတို့ကားဘော်ဒီရှေ့ပိုင်းကို ခေါင်းဆိုင်ပြီး ရပ်ထားတဲ့ကားကိုကြည့်ပြီး ဂျွန် စိတ်ပျက်လက်ပျက်ရေရွတ်လိုက်သည်။

"အထဲကထွက်လာတဲ့ကားက လမ်းမပေါ်တင်တာ ကြောက်ဖို့တောင်ကောင်းတယ်.. တောက်! နေဦး ဂျွန်.. ငါသွားကောပစ်လိုက်မယ်"

ပြောပြောဆိုဆို ဂျူလိုင်က ကားတံခါးကို ဝုန်းခနဲပြန်ပိတ်ရင်း ကားရှေ့ကနေပတ်ပြီး ထွက်သွားသည်။





ဂျွန် ကားအနက်လေးကို မကျေမနပ် ဘုကြည့်ကြည့်ပစ်လိုက်သည်။

ကြည့်ရင်းက ကားပေါ်ကဆင်းလာသော ကောင်မလေးနှစ်ယောက်ကိုမြင်တော့မှ ဂျွန့်မျက်ခုံးအစုံ မြင့်တတ်သွားရသည်။

"ဒီမှာ.. ခင်ဗျား.. ဟာ"

နောက်ခန်းမှာထိုင်နေသည့်ကောင်မလေးနှစ်ယောက်က ပျာပျာသလဲဆင်းလာပေမယ့် ကားမောင်းသူ ဆင်းမလာတာကြောင့် ဂျူလိုင်ဒေါကန်ပြီး အပီဟောက်ပစ်လိုက်ဖို့စိတ်ကူးပြီးကာမှ မထင်မှတ်ဘဲ မဟူရာမလေးကိုတွေ့လိုက်ရသောကြောင့် မှင်တက်အံ့သြသွားရသည်။

ကားပေါ်ကကောင်မလေးမှာလည်း သူ့ကိုပေစောင်းစောင်းပြန်ကြည့်နေရာမှ မှတ်မိသွားပုံရသည်။

"ရှင်!"

အံ့သြတကြီးပုံစံလေးနှင့် ဟိုဟိုဒီဒီလျှောက်ကြည့်ပြီး တစ်နေရာအရောက် သူမမျက်လုံးဝိုင်းလေးများ စူးစိုက်ရပ်တန့်သွားသည်။

သူလှည့်ကြည့်တော့ ကားပေါ်မှဆင်းလာသောဂျွန့်ကိုတွေ့လိုက်ရ၏။ ရင်ထဲမှာ ပြောမပြတတ်သောခံစားချက်တစ်မျိုးဖြင့် နင့်ခနဲဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေး၏နှုတ်ခမ်းရဲရဲလေးတွေက အနည်းငယ်ပွင့်ဟပြီး စုထော်သွားတာမို့ အသံမကြားရပေမယ့် 'ဌွန်' လို့ တိုးတိုးရေရွတ်လိုက်ကြောင်း သူနားလည်လိုက်မိသည်။

ခုနထိမထင်ပုံနဲ့ သူ့ကိုအေးစက်စွာပြန်ကြည့်နေတဲ့ကောင်မလေးဟာ ဌွန်ကိုမြင်တယ်ဆိုရင်ပဲ ကားပေါ်ကဆင်းပြီး တောင်းပန်စကားပြောဖို့ပြင်တော့သည်ကို သူ တိတ်ဆိတ်စွာ မနာလိုဖြစ်နေမိသည်။

"ဟို . . မေ တောင်းပန်ပါတယ်၊ ကမန်းကတန်းနဲ့ဆိုတော့"

"ရပါတယ် . . ကျွန်တော်တို့ Sunday School တက်တုန်းက တစ်ခေါက်ဆုံးခဲ့ဖူးတယ်နော်။ မှတ်မိလား . . ကျွန်တော်နာမည်, ဌွန်ပါ"

ဌွန့်စကားအဆုံး ကောင်မလေးက ကြည်လင်စွာပြုံးရင်း ခေါင်းကို ခပ်သွက်သွက်ညိတ်ပြသည်။ သူမ ပြုံးသောအခါ နှုတ်ခမ်းတွေတင်မဟုတ်၊ မျက်လုံးကလေးတွေကပါ ပြုံးရိပ်သမ်းသွားသည်ကို ထူးထူးခြားခြားတွေ့လိုက်ရလေသည်။

"မေ့နာမည်က . . အဲ, မေဆိုတာ နာမည်အရင်းလား"

"ဟုတ်တယ် . . အဲဒါ နာမည်အရင်းပဲ၊ သူက ချယ်ရီလှိုင်၊ သူက ရွှန်းရွှန်းဝေ"





ဌွန့်လှည့်ကြည့်တော့ ကောင်မလေးနှစ်ယောက်က ပြုံးရင်း ခေါင်းညိတ်ပြသည်။

"တော်သေးတာပေါ့ဗျာ၊ ကံကောင်းလို့ သီသီလေးလွတ်သွားတာ"

တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်မိတ်ဆက်နေစဉ် ကားနှစ်စီးကိုတစ်လှည့်စီကြည့်ရင်း ရုတ်တရက်ထပြောလိုက်သော ဂျူလိုင့်အသံကြောင့် ကောင်မလေးသုံးယောက် ကြောင်တောင်တောင်ဖြစ်သွားသည်။

ဌွန်က သူ့ကိုမျက်မှောင်ကြုတ်ရင်း လှည့်ကြည့်သည်။ ပြီးမှ . .

"ဪ . . ဒါ ကျွန်တော့်သူငယ်ချင်း ဂျူလိုင်တဲ့၊ သိတယ်မဟုတ်လား . . သူက ဂစ်တာတီးတာ အရမ်းတော်တယ်လေ"

ဟုမိတ်ဆက်ပေးသည်။

သူ့ကို သုံးယောက်လုံး ပြုံးပြကြသည်။ ဘာကြောင့်မှန်းမသိ၊ သူကတော့ မဟူရာမလေးတစ်ယောက်ကိုပဲ ပြုံးပြလိုက်မိသည်။ သူမဘေးမှ အသားဖြူဖြူ မျက်စိမှေးမှေးနဲ့ကောင်မလေးက . .

"သူတို့နှစ်ယောက်က ညီအစ်ကိုတွေမဟုတ်ဘူးလားဟင်"

ဟုမေးလေသည်။ ဌွန်က ဘာမှမဖြေဘဲ ပြုံးစေ့စေ့လုပ်နေ



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် ဂျူလိုင်က မျက်မှောင်ကြုတ်ရင်း ပြန်မေးလိုက်သည်။

"ဘာဖြစ်လို့လဲ"

"ခြေဘိ . . ရုပ်ချင်းလည်းဆင်တယ်၊ နာမည်ကလည်း ဌွန်နဲ့ ဂျူလိုင်ဆိုတော့"

ထိုကောင်မလေး၏စကားအဆုံး ဂျူလိုင်က မဟူရာမလေး၏မျက်နှာကို ဖျက်ခနဲလှမ်းကြည့်ပြီး . .

"ကျွန်တော်တို့ညီအစ်ကိုဆိုရင် . . သူ့ကိုပါထည့်တွက်ရမယ်၊ မောင်နှမသုံးယောက်ဖြစ်သွားအောင်"

သူမက မျက်ခုံးလေးပင့်ကြည့်သည်။

"ဘာဆိုင်လို့လဲ"ဟုလည်း ခပ်တိုးတိုးပြောလိုက်သေးသည်။

"ဆိုင်တာပေါ့၊ မေရယ်၊ ဌွန်ရယ်၊ ဂျူလိုင်ရယ်ဆိုတာ တစ်ဆက်တည်းရှိတဲ့လတွေပဲ၊ မောင်နှမလို့ပြောရင်ရတယ်"

ဂျူလိုင်စကားအဆုံး ကောင်မလေးနှစ်ယောက်နှင့် ဌွန်က လိုက်ရယ်ကြသော်လည်း သူမက ပြုံးရုံသာပြုံးနေသည်။ ပြီးမှ . .

"မေက မေလမှာမွေးတာမဟုတ်ပါဘူးနော် . . မာမီက သူကြိုက်တဲ့ဝတ္ထုထဲက မင်းသမီးနာမည်ပေးထားတာ"

ဟုပြောမှ သူ့အံ့သြသွားရပါသည်။ ထိုနေ့က ကော်ဖီဆိုင်ထဲ





မှ တခြားကားတွေသာ ထွက်မလာသေးလျှင် သူမနှင့်ဘယ်လောက်ကြာကြာ စကားပြောနေမိမည်မသိချေ။

အသီးသီးနှုတ်ဆက်ပြီး ကားပေါ်ပြန်တက်ခါနီးတွင် ဌွန်က . .

"မေ့ဖုန်းနံပါတ်ဖြစ်ဖြစ် အီးမေးလ်အကောင့်ဖြစ်ဖြစ် ပြောပြပါလား"

ဟုမေးသောအခါ သူမကပြုံးရင်း တစ်စုံတစ်ခုရေရွတ်ပြသည်ကို တွေ့လိုက်ရလေသည်။ ဌွန်က သူ့လှမ်းကြည့်နေသည်ကိုမြင်လျှင် ကလေးတစ်ယောက်ကို ရုက်ကိုးရုက်ကန်းပြုံးလိုက်၏။

သူ့, ဌွန့်ကိုပြန်ပြုံးပြလိုက်သည်။ ရင်ထဲမှာတော့ မဖွင့်ဟနိုင်သည့်ခံစားချက်တို့ဖြင့် ဆွတ်ကျင်နေမိ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

"ဂျူလိုင်. . . မင်း, မေ့ကိုဘယ်လိုမြင်လဲ"

ရုတ်တရက်ကြီး ထမေးလိုက်သောဂျွန့်စကားအဆုံး သူဘာမှ မဖြေနိုင်ဘဲ နှုတ်ဆိတ် ဆွံ့အသွားခဲ့သည်။

"အင်း. . . ငါ့အမြင်ပြောရရင် မဟူရာက လှတယ်၊ ဆွဲဆောင်မှုရှိတယ်"

"ငါ သူ့ကိုစိတ်ဝင်စားနေပြီလားမသိဘူး"

ဘုရားသခင်. . .

ဒီလိုစကားမျိုးကို ဂျွန့်ဆီက ပထမဦးဆုံးအကြိမ် ကြားဖူးတာ



www.burmeseclassic.com

www.burmeseclassic.com



လည်း မဟုတ်တော့ဘဲနဲ့ သူ အလွန်အံ့ဩသွားခဲ့သည်။ တကယ်လားလို့ ပြန်မေးစရာမလိုလောက်အောင် ဖွန့်ပုံစံက လေးနက်တည်ကြည်နေသောကြောင့် သူစိတ်လှုပ်ရှားသွားရသည်။

ဖွန်လည်း သူ့ကိုယ်သူ အံ့ဩတွေဝေနေပုံရ၏။ လှလို့သဘောကျတာ ဘာမှမဆန်းပေမယ့် မိန်းကလေးတစ်ယောက်ကို စွဲစွဲလမ်းလမ်း ချစ်သွားဖို့ အလွယ်တကူဖြစ်နိုင်ပါ့မလားဟု အသေအချာစဉ်းစားနေပုံပင်။

"ဂျူလိုင်"

"ဟင်"

"ကောင်မလေးတစ်ယောက်ကို စတွေ့တွေ့ချင်းမှာပဲ ကြိုက်သွားတာမျိုးရှိလား.. မဟုတ်သေးဘူးကွာ"

"ဖြစ်နိုင်တယ်"

သူ့နှုတ်က လွှတ်ခနဲထွက်သွားမိသည်။

သိပ်ကိုဖြစ်နိုင်တာပေါ့။ မဟူရာလိုလှတဲ့မိန်းကလေးမျိုးဆို ပိုပြီးဖြစ်နိုင်တယ်လို့ ရင်ထဲမှာတီးတိုးရေရွတ်နေသည်ကို ဖွန် မကြားနိုင်ပေမယ့် သူမလုံမလဲဖြစ်မိ၏။

"တကယ်လို့ မေကလှလို့ စိတ်ဝင်စားတာဆို ငါ့လိုစိတ်ဝင်





စားနေတဲ့လူတွေလည်း ရှိမှာပဲနော်"

သူ ခေါင်းညိတ်မိလိုက်သလား၊ ခေါင်းငုံ့လိုက်မိသလားမသိ။ လက်က ဂစ်တာကြိုးတွေအားလုံးကို ခပ်ကြမ်းကြမ်းဆွဲချမိလိုက်သောကြောင့် သူတို့နှစ်ယောက်ကြားထဲမှ ဆူညံသံတစ်ခုက စက္ကန့်အတော်ကြာ ရိုက်ခတ်မြည်ဟီးသွားသည်။

"ဒါပေမဲ့ မေ, ငါ့ကိုစိတ်ဝင်စားနေတယ်လို့ ငါထင်တယ် ဂျူလိုင်။ ဒီတစ်ခါ သူနဲ့တွေ့ရင် မင်းအကဲခတ်ပေးနော်"

သူစကားကိုဘာမှတုန့်ပြန်မပြောဘဲ ခေါင်းငုံ့ငြိမ်သက်နေသော ဂျူလိုင်ကိုကြည့်ပြီး ဖွန်မျက်မှောင်ကြုတ်လိုက်မိသည်။

"ဂျူလိုင်"

"ဟင်"

"ငါပြောတာ ကြားလိုက်လား"

မိန်းကလေးတစ်ယောက်ကို ကားတစ်စီးရွေးဝယ်သလို အကဲခတ်ခိုင်းသောသူ့စကားအတွက် ဂျူလိုင် ဒေါကန်သွားပြီလားဆိုပြီး ဇဝေဇဝါဖြစ်သွားမိသည်။

တကယ်တော့ သူ မေ့ကိုချစ်နေသည်ဟု ပေါ်တင်ဖွင့်ပြောရမှာ ရှက်ရွံ့မိသောကြောင့် ဝေ့လည်ကြောင်ပတ် လျှောက်လုပ်နေမိခြင်းပင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

"ဟုတ်မယ်ထင်တယ်.. ဒါမျိုးက ကာယကံရှင်ချင်းပဲ အကဲခတ်ကြည့်ရမှာ"

"ဟုတ်လား"

ဂျွန်က တကယ်တော့ လည်မလိုလိုနှင့် ကလေးဆန်ပြီး တစ်ခါတလေ အူတူတူနိုင်လှသည်။ သူ ကားပေါ်ကဆင်းလာတုန်းက မဟူရာရဲ့နှုတ်က ဂျွန်လို့ တီးတိုးရေရွတ်လိုက်တာကို သူပြောပြလိုက်ရမလား မပြောဘဲနေရမလားဟုတွေးရင်း ဂျွန့်အပေါ် သူ မတရားသလိုခံစားရလေသည်။ ဒါပေမဲ့ သူတို့အလိုလိုသိသွားမယ့်ကိစ္စမို့ ရင်နာနာနှင့်ပြောပြဖို့ စိတ်မကူးတော့ချေ။

"သားရေ့ဂျွန်၊ ဒီမှာ သား မမနီးဆီက ဖုန်းလာတယ်။ စကားလာပြောဦး"

ရုတ်တရက် အခန်းပြင်က လှမ်းပြောလိုက်သော ဂျွန့်မေမေ အန်တီခိုင်နွယ်အသံကြားမှ သူတို့နှစ်ယောက်ရဲ့စကားဝိုင်းလေး ပြတ်တောက်သွားသည်။

"ဂျွန်.. မမနီးဆီက ဖုန်းတဲ့"

"ဟင်.. ဟုတ်လား။ ငါအတွေးလွန်နေတာ"





ဂျွန်က ရယ်ဟဟလေးပြောပြီး နေရာမှထသည်။ အန်တီခိုင်နွယ်က သူတို့မကြားဘူးထင်ပြီး ထပ်အော်သည်။

"သားရေ.. ဂျွန်"

"လာပြီ.. မေမေ"

ဂျွန့်အသံပြဲကြီးနှင့်အော်ရင်း အခန်းတံခါးကိုအတင်းဆွဲဖွင့်ပြီး အပြင်ထွက်တော့ အခန်းဝမှာရပ်နေတဲ့မေမေက ဂျွန့်ခေါင်းကို ဖွဖွလေးခေါက်ကာ

"ခေါ်လိုက်ရတာ၊ ဘာတွေလုပ်နေတာလဲ အခန်းအောင်းပြီး"

ဟုမာန်နေသေးသည်။ ဂျွန်က မေမေ့ပါးကို ချစ်စနိုးဆွဲလိမ်တော့..

"နေဦး.. ဒီကောင်လေးတော့ မအေကို သူညီမများထင်နေသလားမသိဘူး"

ဟုပြောရင်း တကယ်စိတ်မဆိုးဘဲ မျက်စောင်းလှဲ့လှဲ့ထိုးသည်။ ဂျွန်က ခါးတို့လိုက်၊ ကလိထိုးလိုက် ပြန်စတော့ အန်တီခိုင်နွယ်က သူ့ကိုယ်လုံးဝဝကြီးကို တွန့်လိမ်ပြီး တသိမ့်သိမ့်ရယ်တော့သည်။

သူတို့သားအမိကိုကြည့်ပြီး ဂျူလိုင့်ရင်ထဲ ပီတိစိတ်နှင့်အတူ တစ်ခုခုကို ဆာလောင်မွတ်သိပ်သလိုခံစားလာရသည်။ ဂျူလိုင်ငယ်ငယ်



www.burmeseclassic.com

www.burmeseclassic.com



ကတော့ အနံ့တီခိုင်နွယ့်ရင်ခွင်ထဲဝင်၊ ဗိုက်ခေါက်ထူထူကြီးပေါ် မေးတင်ပြီး ခါးကိုဖက်ပြီး မေမေ့ကိုယ်စား မိခင်တစ်ယောက်ရဲ့အငွေ့အသက်ကို ခံစားခဲ့ဖူးသည်။ ခုလိုအရွယ်ရောက်လာတော့မှ သိပ်ပြီးပွတ်သီးပွတ်သပ်တွေ မလုပ်ဖြစ်တော့။

သူ ဧည့်ခန်းဘက်ထွက်လာတော့ ဌွန်က ဖုန်းပြောရင်း တဟားဟားရယ်နေသည်၊ သူ့ဘက်ကိုလှည့်ကြည့်ပြီး လက်ယပ်ခေါ်သည်ကိုတွေ့လိုက်ရတာမို့ သူလျှောက်သွားလိုက်သည်။

"ခဏလေး မမ၊ ဂျူလိုင်နဲ့စကားပြောလိုက်ဦး။ ဌွန် toilet ခဏသွားဦးမယ်"

ဆိုပြီး သူ့လက်ထဲကို ဖုန်းခွက်အတင်းထည့်ပေးသည်။

"ဟလို..အေး, ဂျူလိုင်လား"

မမနိုးအသံက မိုင်ပေါင်းထောင်ချီတဲ့အရပ်ကလာတာလို့ မထင်ရအောင် အရင်ကအတိုင်း ရင်းနှီးနွေးထွေးပြီး ဂျူလိုင်တို့အပေါ် ဩဇာအာဏာအပြည့်နှင့် လွှမ်းမိုးထားနိုင်သေးသည်။ အပြင်မှာပဲ တွေ့တွေ့၊ ဖုန်းထဲကပဲပြောပြော ဌွန်နှင့်ဂျူလိုင်က မမနိုးကို ချစ်ကြောက် ရိုသေရမြဲပင်။

"ဟုတ်တယ် မမနိုး..မမနိုး နေကောင်းလား"





"ကောင်းပါ့ရှင်..ဒါနဲ့ ဌွန်ရော အရင်လိုချူချာသေးလား။ သူမေးတော့ အေးဆေးပဲတဲ့၊ ဟုတ်ရဲ့လား"

"ကောင်းပါတယ် မမနိုးရဲ့၊ မမနိုးသာ အဝေးမှာ တစ်ယောက်တည်း..ကျန်းမာရေးကိုဂရုစိုက်ဦး"

ဆရာဝန်မကို ကျန်းမာရေး ဂရုစိုက်ဦးဟုပြောမိသောကြောင့် ကိုယ့်စကားကိုယ် ရယ်ချင်သွားသည်။ မမနိုးကတော့ သူ့စကားကိုကျေနပ်နေ၏။

"ဂျူလိုင်က လိမ္မာလိုက်တာ..မမနိုးကို စိတ်ပူဖော်ရသေးတယ်။ ဟိုခွေးစုတ်ကလေးကတော့ သူလိုချင်တာပဲ အတင်းပူဆာတာ၊ ဂျူလိုင်နော်, အခုလိုလိမ္မာတာပဲ မြင်ချင်တယ်၊ အဝေးသင်ဆိုပြီး ပေါ့ပေါ့မနေနဲ့၊ နှစ်ယောက်ပေါင်းပြီး ထင်ရာတွေလုပ်တယ်တဲ့၊ ဖေဖေကပြောတယ် ဟုတ်လား။ တကယ်ထွန်းထွန်းပေါက်ပေါက်မဖြစ်ဘဲ ဟိုယောင်ယောင် ဒီယောင်ယောင်နဲ့လေသွားမှာ ဖေဖေက အရမ်းစိုးရိမ်နေတာ၊ ယောကျ်ားလေးနှစ်ယောက်ရှိနေပြီး..ဖေ့ဖေ့အလုပ်ကို တစ်ယောက်မှ စိတ်မဝင်စားဘူးတဲ့။ အဲဒီပုံစံတွေနဲ့ ဒီကိုဘယ်လိုလာမလဲ၊ ဒီမှာ အချိန်ဆိုတာ တစ်စက္ကန့်မှ လေလို့ရတာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



မမနီးပြောသမျှက အမှန်တွေချည်းပဲမို့ ဂျူလိုင် အင်း၊ ဟုတ်ကဲ့.. ဟဲဟဲနှင့် ဘာမှပြန်မပြောနိုင်ဘဲ ဒုက္ခရောက်နေသည်။

ဂျူလိုင့်ပုံစံကိုကြည့်ပြီး ဌှန်က ဘေးကနေ အူနှိပ် ရယ်လေသည်။

"ဟဲ့၊ ပြောတာကြားလား ဂျူလိုင်.. ဌှန် toilet ဝင်တာကြာလှချည်လား။ ဗိုက်မကောင်းဘူးလား။ အေး.. နော်ခြံထဲအချိန်ကုန် ဂစ်တာတီးတာ အအေးပတ်လိမ့်မယ် သတိထား။ ဆေးလိပ်တွေဘာတွေရော သောက်တတ်နေပြီလား"

"အာ.. မမနီးကလည်း မသောက်တတ်ပါဘူး။ အနံ့ရတာနဲ့ အသက်ရှူကျပ်လွန်းလို့"

သူ့စကားအဆုံး ဌှန်က ခွီးခနဲထရယ်သဖြင့် လက်သီးနှင့်ရွယ်ပြလိုက်သည်။ မမနီးက အပျိုကြီးပီသစွာ စုံစုံစေ့စေ့ဆူပူပြီးမှ.. အေးဒါပဲ.. မေမေနဲ့ပြောဦးမယ် ဟုပြောသောကြောင့် လက်ထဲကဖုန်းကို ပါဆယ်ဂိမ်း ကစားသလို အန်တီခိုင်နွယ့်လက်ထဲ ကပျာကယာထည့်ပြီး ဝမ်းသာအားရထွက်လာခဲ့ရတော့သည်။

ဌှန်က ရယ်ရင်း..

"ဘယ်လိုလဲ ဂျူလိုင်၊ တော်တော်အီသွားလား"





ဟုမေးလေသည်။

"နေပါဦး.. မင်းက ဘာလို့ toilet မသွားဘဲ သွားတယ်လို့ညာတာလဲ။ မမနီးက မင်းနေမကောင်းဘူးလား ဘာလားနဲ့ စိုးရိမ်နေသေးတယ်"

သူ့စကားအဆုံး ဌှန်က သဘောကျစွာရယ်လေသည်။

"မမနီးက ငါ့ကိုဘာမေးတယ်ထင်လို့လဲ"

"ငါဘယ်သိမလဲ"

"ရည်းစားတွေဘာတွေ ရနေပြီလားတဲ့၊ ငါလည်းဘာဖြေရမှန်းမသိဖြစ်ပြီး အင်းအဲလုပ်နေတော့ မသင်္ကာဖြစ်သွားတာ"

"အဲဒါ.. မင်းကိုထပ်မမေးဘူးလား"

"မေးတာပေါ့.. ငါက မရှိသေးဘူး.. မယုံရင် ဂျူလိုင့်ကိုမေးကြည့်ဆိုပြီး မင်းလက်ထဲထည့်လိုက်တာ"

"ငါ့ကိုဘာမှမမေးဘူးကွ၊ တခြားကိစ္စတွေပဲ ဆူလိုက်ပူလိုက်တာ စုံလို့"

ဂျူလိုင့်စကားအဆုံး ဌှန်က တဟားဟားရယ်ရင်း..

"ဘယ်မေးမလဲကွ၊ မင်းနဲ့ငါ တစ်ကြိတ်တည်း တစ်ဉာဏ်တည်းပဲဟာ၊ မေးလည်း မင်းက အမှန်ဖြေမှာမှမဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောရာ သူပြုံးလိုက်မိသည်။ ထို့နောက် နေရာမှထရပ်ရင်း ဌွန်းကိုငုံ့ကြည့်ကာ..

"ဒီတစ်ခါမေးရင်တော့ ငါက အမှန်အတိုင်းပြောလိုက်တော့မှာ"

ဟု မထိတထိစလိုက်သည်။ ဌွန်းက သူ့စကားအဆုံး ခပ်အေးအေးပင်ပြုံးရင်း..

"အေး..နောက်တစ်ခါ မမနှီးနဲ့ဖုန်းပြောရင် ဒါမှမဟုတ် အီးမေးလ်ပို့ရင် ပြောချင်ပြောလိုက်တော့၊ အဲဒီအချိန်လောက်ဆိုငါ..မေဆိုတဲ့မဟူရာလေးနဲ့ အဆင်ပြေနေလောက်ပြီလေ"

ဟုစသလိုလိုအတည်လိုလိုပြောလိုက်ရာ သူ့ဘယ်ဘက်ရင်အုံဆီက စူးခနဲမျက်သွားရလေတော့သည်။ –

"ပြီးတော့..မေအရမ်းလှတဲ့အကြောင်း ငါအရွေးတော်တဲ့အကြောင်းပါ ပြောဖြစ်အောင်ပြောပေးပါကွာ..နော်"

"အေးပါကွာ"

သူ့အသံက ခြောက်ကပ် အက်ကွဲပေမယ့် လိုက်လျှော့မှုအပြည့်ရှိမယ်လို့ ယုံကြည်လိုက်မိသည်။ သူ့စကားကြောင့် ဟေးခနဲအော်ပြီး ဆိုဖာပေါ်ကို ဝမ်းသာအားရ ပစ်လှဲချလိုက်သောဌွန်းကိုကြည့်ပြီး သူ့





ဆုံးဖြတ်ချက်တစ်ခုကို ခိုင်မာစွာ ချလိုက်သည်။

အဲဒါကတော့ ဌွန်းနှင့် မဟူရာတို့ အဆင်ပြေသွားစေဖို့ပင်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

စူးရှကျယ်လောင်သောသီချင်းသံက မေ့အခန်းထဲကနေ အပြင်ကို လျှံထွက်နေသည်။ တဒုန်းဒုန်းတဒိုင်းဒိုင်းဆူညံနေသောအသံကြောင့် အိမ်ရှေ့ဧည့်ခန်းထဲ့င် စကားပြောနေသော မေ့ဒယ်ဒီမှာ ဧည့်သည်ကို အားနာသလိုကြည့်လိုက် အပေါ်ထပ်ကိုလှမ်းကြည့်လိုက်နှင့် ဂဏှာမငြိမ် ဖြစ်နေသည်။

ကြာတော့ ဧည့်သည်လည်း လုပ်ငန်းကိစ္စကို အာရုံမရောက်တော့ဘဲ နားပူလာပုံရသည်။

"ဟော.. ရှစ်နာရီတောင်ခွဲတော့မယ် ကိုသက်လွင်ရေ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော့ကိုခွင့်ပြုဦးဗျာ၊ ချိန်းထားတာတစ်ခု အခုမှသတိရတယ်။ မနက်မှ ခင်ဗျားကုမ္ပဏီကို ကျွန်တော်လာခဲ့တော့မယ်''

ဟုဆိုကာ ခပ်သုတ်သုတ်ထွက်သွားတော့သည်။ ဦးအောင်မော်၏ကား ခြံထဲက မောင်းထွက်သွားသံကြားမှ ဦးသက်လွင် ဒေါသဖြစ်ပြီး တောက်တချက်ခေါက်လိုက်သည်။

ယခင်က ညှိသည့်လာတိုင်း အခန်းဝမှာ အဆင်သင့်ရှိနေတတ်သော ညီမဖြစ်သူကိုလည်း မတွေ့ရသောကြောင့် အလိုက်ကန်းဆိုးမသိ ဆူညံနေသောသမီးကို သွားတားပေးဖို့ ဘယ်သူ့ခိုင်းရမှန်းမသိ၊ ထိုင်ရမလိုထရမလိုဖြစ်နေစဉ် အရေးကြီးကိစ္စပြောနေသော ဦးအောင်မော်ကပါ ထပြန်သွားသည့်အတွက် သူဒေါသထွက်နေမိသည်။

''ဟေ့ . . ကေသီလွင် . . ကေသီလွင်''

''ရှင် . . လာပြီကိုကို''

ဒေါ်ကေသီမှာ အစ်ကိုဖြစ်သူ၏ခေါ်သံကြောင့် သူ့အခန်းထဲမှ ကပျာကယာပြေးထွက်လာသည်။

''အရေးဆို ဘယ်ရောက်နေမှန်းမသိဘူး။ ဒီလောက် ဆူညံနေတာ မကြားဘူးလား။ သွား . . နင့်တူမ အခုသွားခေါ်ခဲ့''

''ဟုတ်ကဲ့''





ဒေါ်ကေသီမှာ ကိုယ်လုံးဝကြီးကို မနိုင်တနိုင့်သယ်ရင်း အပေါ်ထပ်သို့ ကမန်းကတန်းပြေးတက်သွားသည်။ ဆူညံနေသော တူမအခန်းရှေ့ရောက်တော့ မောပြီး ရုတ်တရက်မခေါ်နိုင်သေး။ စူးစူးရှရှသီချင်းသံကို အံတုပြီးအော်ဖို့ကလည်း မလွယ်တာမို့ တံခါးကို တဝုန်းဝုန်းထုပစ်လိုက်သည်။ ဂီတသံက တိခနဲတိတ်ကျသွားပြီး အခန်းဝမှာ မေ့ခေါင်းလေး ပြူလာသည်။

''ဘာလဲ . . အန်တီကေ''

''ဘာမှမလဲဘူး။ အမလေး မောလိုက်တာ၊ လာ . . မေလေး မြန်မြန်လိုက်ခဲ့။ နင့်ကြောင့် ငါပါ အဆူခံရပြီ''

အန်တီကေသီက တတွတ်တွတ်ပြောရင်း လှေကားအတိုင်း တလိမ့်လိမ့်ဆင်းသွားသည်။

မေ့လျှာလေးထုတ်၊ ပုခုံးလေးတွန့်ရင်း အောက်ထပ်ကိုအပြေးကလေးဆင်းလိုက်ခဲ့သည်။ ဧည့်ခန်းထဲတွင် မျက်ထောက်နီကြီးနှင့် မေ့ကို စောင့်ကြိုနေသောဒယ်ဒီကိုတွေ့မှ မေ ဖက်ကလေးပုသွားရသည်။

''ဒယ်ဒီ . . ခေါ်တယ်ဆို''

''အေး . . ဟုတ်တယ်၊ ထိုင်စမ်း! အဲဒီမှာ''

မေ့ ဒယ်ဒီရှေ့တည့်တည့်က ခုံမှာ သိမ့်ခနဲ ပစ်ထိုင်ချလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ မျက်နှာကိုတော့ ဒယ်ဒီမဆူခင်ကတည်းက စူပုပ်ထော်လန်ပြီး ငိုမဲ့မဲ့လုပ်ထားလိုက်သည်။ အန်တီကေသီကတော့ ဒယ်ဒီအော်လျှင် နေစရာနေရာမရှိအောင် ကြောက်တတ်တာမို့ ဘယ်မှာမှဝင်မထိုင်ဘဲ မေ့နောက်မှာ မတ်တတ်ကြီးရပ်နေသည်။

မိတဆိုးလေးဆိုပြီး အားလုံးက ဝိုင်းအလိုလိုက်ထားသောကြောင့် ဆိုးလို့ရသလောက် ဆိုးနေသောသမီးဖြစ်သူကို ဘယ်တုန်းကမှ ဆူပူမာန်မဲပြီး မဆုံးမခဲ့ဖူးသော ဦးသက်လွင်မှာ ဘယ်ကစပြောရမှန်းမသိ။ နောက်ဆုံး သူ့ဒေါသက ညီမဖြစ်သူဘက် လှည့်သွားသည်။

"ကေသီ, နင်က ဘယ်သွားမှာမို့ ရပ်နေတာလဲ..ထိုင်"

"ဟုတ်..ဟုတ်ကဲ့"

"နင်တို့တွေ တစ်ယောက်မှအသိမရှိဘူး၊ ငါ ဒီမှာ ညှိသည်နဲ့စကားပြောနေတယ်၊ စီးပွားရေးကိစ္စ လုပ်ငန်းကိစ္စပြောနေတာ..အပျင်းပြေစကားပြောနေတာမဟုတ်ဘူး။ အပေါ်မှာ သီချင်းဖွင့်တဲ့လူကဖွင့်နေတာ အမြင်မတော်ဘူးဆိုပြီး သွားပြောပေးမယ် မရှိဘူး။ ခု..ငါ့ညှိသည်ပြန်သွားပြီ၊ အလုပ်ကိစ္စတစ်ရက် ရွှေ့လိုက်ရင် သူများထက် စီးပွားရေးတစ်ရက်နောက်ကျတယ်၊ အဲဒါတွေ နားလည်လား..ဟင်၊ ကေသီ,





နင်လည်း ကြပ်ကြပ်သတိထား ဒီလောက် ဆူညံ ပွက်လောရိုက်နေတာ နင် နားထောင်လို့ကောင်းနေလား"

"ကိုကို့သမီးဖွင့်တာ..ကေသီဖွင့်တာမှမဟုတ်ဘဲ"

အန်တီကေသီက မေ့ဘက်ကို မသိမသာမျက်စောင်းထိုးပြီး လှည့်ပြောသည်။ ဒယ်ဒီ့မျက်လုံးက မေ့ဘက်ကို စူးခနဲကျလာပြန်သည်။

"ဟို..အောက်မှာ ဒယ်ဒီ့ညှိသည်ရောက်နေတာ ဘေဘီမှမသိတာ၊ အန်တီကေ,က လာလည်းမပြောဘူး..သိရင်ဘယ်ဖွင့်မှာလဲလို့"

ဘယ်ရမလဲ မေပဲ၊ အန်တီကေသီဘက်ရောက်အောင် ဖေဖေဒေါသတွေကို ဘောလုံးတစ်လုံးလို ပုတ်ထုတ်ရတာ ဘာမှမခက်။

"ကဲ..ကြည့်! ကိုကို့သမီးက သူ့အပြစ်ကို ကေသီ့ဘက် လွှဲချနေပြီ"

ဒယ်ဒီက အန်တီကေသီနှင့်မေ့ကို တစ်လှည့်စီကြည့်ပြီး စိတ်ရှုပ်လာပုံရသည်။

"သွားကြ..မြန်မြန်သွားကြ၊ မကြီးမငယ်နဲ့ သူ့လွှဲချ ငါ့လွှဲချလုပ်နေကြတယ်၊ တကယ်ပဲ စိတ်ပျက်ဖို့ကောင်းတယ်"

ဒယ်ဒီ့အော်သံကြောင့် မေ နေရာမှ လှစ်ခနဲထပြေးလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်အပေါ်ထပ်ကို အမြန်ပြေးတက်ပြီး အန့်တီကေသီ လာမဆွဲနိုင်အောင် တံခါးကိုလော့(ခ်)ချပြီး ကုတင်ပေါ် တက်၊ စောင်ခေါင်းမြီးခြုံနေလိုက်သည်။ လာခေါ်လည်း အိပ်ချင်ဟောင်ဆောင်နေမယ်ဟူသောစိတ်ကူးနှင့် အိပ်ရာပေါ် တတ်ခွေနေသောမေမှာ ပြန်မနိုးတော့ဘဲ တစ်ချိုးတည်း အိပ်ပျော်သွားရတော့သည်။

❦ ❦ ❦



## အခန်း (၉)

မေ့ဖုန်းလေးက Ring Tone သံလေးမြည်လာတာနဲ့ နာရီကို လှမ်းကြည့်တော့ မနက်ခြောက်နာရီတောင် မထိုးသေးတာမို့ အံ့သြသွားရသည်။

ဒီအချိန်ကြီး ဘယ်လိုလူထူးလူဆန်းကများ ဆက်တာပါလိမ့် ဟု သိချင်စိတ်ကြောင့် အလောတကြီးနားထောင်လိုက်တော့..

"မင်္ဂလာပါ..မဟူရာ"

ဟူသောအသံချိုရှရှလေးကို ပထမဆုံးကြားလိုက်ရသည်။ မေကြောင်တောင်တောင်လေးဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို . . ဟို . . ပုန်းမှားနေတယ်ရှင့်"

"မမှားပါဘူးမေ . . ကျွန်တော်က မေ့ကို မဟူရာလို့နာမည်ပေးထားတာပါ။ မေက ပန့်(ခ်)ဆန်ဆန်အနက်ရောင်တွေ ဝတ်တော့ မေဆိုတဲ့ ရိုးရိုးယဉ်ယဉ်နာမည်ထက် မဟူရာဆိုတဲ့နာမည်လေးနဲ့ ပိုလိုက်ဖက်မယ်ထင်လို့ပါ"

မေဘာမှပြန်မပြောဘဲ အသာလေးပြုံးလိုက်မိသည်။

"ကျွန်တော်.. တစ်ညလုံးအိပ်လို့မပျော်ဘူး မဟူရာ၊ မှောင်မိုက်နေတဲ့ညရောက်တိုင်း မဟူရာ့ကိုပဲ သတိရနေတာ သိပ်တော့ မထူးဆန်းဘူးနော်၊ အရင်က ကြယ်တွေလတွေကို ကျွန်တော်ချစ်တယ်၊ မဟူရာနဲ့မတွေ့ခင်အထိပေါ့၊ အခုတော့ တစ်လောကလုံးကို မှောင်မိုက်နေစေချင်တယ်၊ အဲလောက်အထိ မဟူရာကို ကျွန်တော်စွဲလမ်းတာ ယယ်ယယ်က မီးဖွင့်ပေးထားမှ အိပ်ပျော်တဲ့ကျွန်တော် အခုတော့ မီးရောင်ထက် အမှောင်ကိုပိုပြီးမက်မောနေပြီ အဲဒါ ဘာဖြစ်လို့လဲ သိလား"

"တော်ပါ . . အပိုတွေ"

မေ့အသံက ချိုလွင်ပြီး ရင်ခုန်ယစ်မူးခြင်းတို့ ပျော်ဝင်ပြည့်နက်နေသည်။ မျက်လုံးတောက်တောက်လေးတွေနှင့် နှုတ်ခမ်းလှလှ





လေးတွေ ပိုင်ဆိုင်ထားတဲ့ကောင်လေးပဲ၊ ဒီလောက်တော့ ပြောတတ်မှာပေါ့ဟု **မေတွေးလိုက်မိ၏။**

"**မဟူရာရေ . .** ကျွန်တော့်ကိုသတိရနေသလားဟင်"

**အို . . မေ့ရင်ထဲ** လှိုက်ခနဲခုန်လှုပ်သွားသည်အထိ သူ့အသံက **နူးညံ့ပျော့ပျောင်းလွန်းနေသည်။** မေ နှုတ်ခမ်းလေးကိုက်ပြီး တစ်ခုခုကို **အပြေးအလွှားစဉ်းစားလိုက်သည်။** ပြီးမှ . .

"ဘယ်သူမှန်းမသိဘဲနဲ့ . . ဒီက ဘာပြန်ပြောရမှာလဲ"

တစ်ဖက်မှ တိုးညင်းသော ရယ်သံက မေ့နားထဲ ချိုချိုကြည်ကြည်လေး စီးဝင်လာသည်။

"မညာပါနဲ့ မဟူရာရယ် . . မဟူရာသိပါတယ်၊ ကျွန်တော့်ကိုလည်းသိတယ်၊ ပြီးတော့ ကျွန်တော့်အချစ်တွေကိုလည်း မဟူရာသိပါတယ်"

မေ,ရှက်သွားမိပေမယ့် ရင်ထဲကြည်နူးသွားမိတာမို့ ခပ်လွင်လွင်လေး ရယ်လိုက်မိသည်။

"ဘာကိုရယ်တာလဲ မဟူရာ၊ ကျွန်တော့်အချစ်ကိုလှောင်တာလားဟင် . . အဲဒါ ရင်ထဲကလာတဲ့အမှန်တရားတွေပါ"

"မဟုတ်ပါဘူး . . ဂျွန်က သီချင်းဆိုကောင်းရုံတင်မကဘူး



www.burmeseclassic.com

www.burmeseclassic.com



စကားလည်းအပြောကောင်းလွန်းလို့ပါ"

မေ့စကားအဆုံး တစ်ဖက်မှအသံက ရုတ်ချည်း တိတ်ဆိတ်သွားသည်။

သက်ပြင်းရှိုက်သံလိုလို တိုးသဲ့သောအသံကိုသာ ကြားလိုက်ရ၏။ စက္ကန့်တော်တော်ကြာသွားသည်အထိ အသံမကြားရတာမို့ . .

"ဟဲလို့ . . ဌွန်း . . ဟဲလို"

မေ ထိတ်ထိတ်ပျာပျာလေး ခေါ်လိုက်တော့မှ . .

"ဪ . . ကျွန်တော် နားထောင်ပါတယ် မဟူရာ"

ဟူသောအသံတိုးတိုးကြည်ကြည်လေးကို ပြန်ကြားလိုက်ရ၏။

"မေက ဌွန်, ဖုန်းချသွားပြီထင်လို့"

"မဟုတ်ပါဘူး မဟူရာ၊ ကျွန်တော်, မဟူရာ့ကို ဂစ်တာတီးပြရမလားလို့ စဉ်းစားနေတာ"

မေ မျက်မှောင်လေးကြုတ်ပြီး ခေါင်းရမ်းလိုက်မိသည်။

"ဟင့်အင်း . . ဌွန်ဆိုနေကျသီချင်းပဲ ဆိုပြပါလားဟင်"

"လူချင်းတွေ့တော့မှ ဆိုပြတော့မယ် မဟူရာ၊ ဒါပဲနော် . . ကျွန်တော် ဖုန်းချလိုက်တော့မယ်"

မေ စိတ်ပျက်လက်ပျက်နှင့် ဖုန်းလေးကိုပိတ်လိုက်သည်။ အိပ်





မက်ကောင်းတုန်း လှုပ်နိုးသွားခဲ့သောကောင်လေးကိုလည်း မကျေမနပ်ဖြစ်ပြီး ရင်ထဲမှာ ရန်တွေ့ပစ်လိုက်မိသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

သူ ဖုန်းခွက်ကိုပြန်ချအပြီး နောက်ကိုပြန်အလှည့်တွင် ဒေါသကြောင့် နီရဲနေသောဂျွန့်မျက်နှာကို တွေ့လိုက်ရတော့သည်။ ဂျွန့်မျက်လုံးတွေက ကျားနာတစ်ကောင်လို နာကျင်ကြေကွဲရိပ်သန်းကာ သူ့ကို စူးစူးဝါးဝါးစိုက်ကြည့်နေသည်။

"ဂျွန်. . မင်း ဘယ်တုန်းကရောက်"

"ခွပ်! "

"အား. . "

စကားမဆုံးခင် ဂျွန့်လက်သီးက သူ့မေးရိုးဆီ အရှိန်ပြင်းစွာ



www.burmeseclassic.com

www.burmeseclassic.com



ကျလာတာမို့ သူနောက်ကို ယိုင်သွားမိသည်။ ဒီနေ့အထိ သူတို့နှစ်ယောက် တစ်ခါမှ ကိုယ်ထိလက်ရောက်ထိုးနှက်တိုက်ခိုက်မှုခြင်းမရှိတာမို့ ဂျူလိုင့် ရင်ထဲ ဖော်မပြနိုင်အောင် ဝမ်းနည်းသွားသည်။

"ဩန်.. မင်းမှားနေပြီ"

ပူထူသွားသောမေးရိုးကို လက်နှင့်ဖိပွတ်ရင်း ဩန် ရှေ့ကိုတိုး သွားလိုက်သည်။ ဩန်က အံကိုတင်းတင်းကြိတ်ပြီး သူမျက်နှာကို စက်ဆုပ်ရွံရှာစွာ စိုက်ကြည့်နေသည်။

စကားတစ်ခွန်းမှမပြောပေမယ့် ဩန့်မျက်လုံးတွင် အထင်သေး မုန်းတီးခြင်း၊ ယုကြုံးမရကြေကွဲခြင်းတို့ ပြည့်နှက်နေသည်ကို ကောင်း စွာနားလည်လိုက်မိသည်။

"မင်းအထင်လွဲနေပြီ ဩန်"

သူ့စကားအဆုံး ဩန်က သူ့အင်္ကျီကော်လံစကို ဆောင့်ဆွဲပြီး ထပ်ထိုးဖို့ပြင်သည်။

"မင်းထင်သလိုမဟုတ်ဘူး ဩန်၊ ငါရှင်းပြတာ နားထောင်ပြီး မှ ငါ့ကိုသေအောင်သတ်ချင်သတ်"

"တောက်! ဟာကွာ"

သူ့မျက်နှာကိုချိန်ရွယ်ထားတဲ့ ဩန့်လက်သီးက ရုတ်ခနဲပြန်





ပြုတ်ကျသွားသည်။ ဩန် သူ့ရှေ့က ချာကနဲလှည့်ထွက်သွားပြီး နံရံကို လက်သီးနှင့်ပြေးထိုးသည်။

"တောက်!"

ဒေါသကြောင့် အသက်ရှူမြန်ကာ တစ်ကိုယ်လုံး လှိုင်းထန်နေ သောဩန့်အနားတွင် သူရပ်လိုက်သည်။

"မင်းထင်တာတွေ တစ်ခုမှမဟုတ်ဘူး ဩန်"

"တော်ပြီ.. ဂျူလိုင်၊ မင်း ငါ့ကို ဘာမှလာမရှင်းနဲ့။ မင်းက မြွေခွေးလိုကောင်၊ ငါ့ရှေ့မှာတော့ မေ့ကိုစိတ်မဝင်စားသလို လိုဘာလိုလိုနဲ့ ဟန်ဆောင်နေတယ်။ ငါတကယ်ချစ်သွားမှန်း သိလို့ မင်းအဲဒီလိုလုပ်တာ။ ခု မင်း.. မင်း သူ့ကိုဖွင့်ပြော လိုက်ပြီမဟုတ်လား။ ငါအကုန်ကြားပြီးပြီ"

သူ သက်ပြင်းတစ်ချက် ချလိုက်မိသည်။

"ဟုတ်တယ်.. ငါဖွင့်ပြောတာမှန်တယ်၊ ဒါပေမဲ့"

ဩန်က သူ့မျက်နှာရှေ့ ဆတ်ခနဲလှည့်လာသည်။

"အေး.. အဲဒါရှင်းနေပြီပဲ၊ ဘာလို့ ငါ့ကိုလာပြီး လှည့်ပတ် ပြောနေဦးမှာလဲ၊ မင်းလိုကောင်မျိုးကို ငါ သူငယ်ချင်းမတော် ချင်ဘူး ဂျူလိုင်"



www.burmeseclassic.com

www.burmeseclassic.com



ဌွန်စကားက ခုနထိုးလိုက်တဲ့လက်သီးထက်ပိုပြီး သူ့ကိုနာကျင်သွားစေသည်။

"မင်း, ငါ့ကိုထိုးရုံမကလို့ အသေပဲသတ်သတ် ငါ ခံရဲတယ် ဌွန်။ ဒါပေမဲ့ မင်း, ငါ့ကို မိန်းမတစ်ယောက်အတွက် အဲလို မပြောပါနဲ့"

ဌွန်က သူ့ကိုရွံ့ရှာသလိုကြည့်ပြီး မထီတရီပြုံးသည်။

"မိန်းမတစ်ယောက်အတွက်ဟုတ်လား။ မိန်းမတစ်ယောက်အတွက် သူငယ်ချင်းအချင်းချင်း ကောက်ကျစ်ယုတ်မာတာ မင်း။ ငါ, မင်းအစား သိပ်ရှက်တယ်၊ မင်းမျက်နှာ ငါမကြည့်ချင်တော့ဘူး ဂျူလိုင်။ မင်း, ငါ့ရှေ့က ထွက်သွား"

သူ အံကို တင်းခနဲကြိတ်လိုက်သည်။ အရာမထင်သေးသော စေတနာရဲ့ပွဲဦးထွက်ရလဒ်က အချစ်ဆုံးသူငယ်ချင်းရဲ့ လက်သီးတစ်ချက် ဖြစ်နေရခြင်းကို သူ ပူထူ နာကျင်စွာ ခံယူလိုက်ရသည်။

သူ ဌွန့်ရှေ့က လှည့်ထွက်ခဲ့သည်။

သူ့စေတနာကို ဌွန်နားလည်တဲ့တစ်နေ့ မရောက်မချင်း သူ ရင်ထဲကဒဏ်ရာက ပိုပြီးနာကျင်စေဦးမည်ကို ကောင်းစွာသိပေမယ့် ရှင်းပြချင်စိတ်မရှိတော့။





မဟူရာကိုပြောခဲ့သောစကားများက သူ့နှလုံးသားထဲမှလာသော အမှန်တရားများဖြစ်နေသည်ကလွဲ၍ သူ့ကိုယ်ကျိုး တစ်ခုမှမပါခြင်းကို ဘုရားသခင်သာ သိပေလိမ့်မည်။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

ချယ်ရီနှင့် ရွှန်းဝေက မေ့စကားကို အံ့သြတကြီးနားထောင်ပြီး ပြုံးလိုက်တာမို့ ••

"နင်တို့က ဘာပြုံးတာလဲ"

ဟု ရုက်ကိုးရုက်ကန်းအော်ပစ်လိုက်သည်။ ချယ်ရီက ရွှန်းဝေမျက်နှာကိုလှမ်းကြည့်ပြီး မျက်စပစ်ပြသည်။ ပီတိနှင့် ကြည်နူးပြုံးရွှင်နေသောမေ့မျက်နှာက ချက်ချင်းနီရဲလာကာ ရှက်ရွံ့သွားသည်ကိုကြည့်ပြီး သူမတို့နှစ်ယောက် အတော်လေးသဘောကျနေ၏။

"ဘယ်လိုလဲ ကောင်မလေးတစ်ယောက်၊ ခုထိ ရင်ခုန်မပြယ်



www.burmeseclassic.com

www.burmeseclassic.com



သေးဘူးထင်တယ်''

''ချယ်ရီနော်, ငါ့ကိုအဲလိုမစနဲ့ နောက်ဆို ဘာမှမပြောပြတော့ဘူး''

စပ်စပ်စုစုလုပ်တတ်သောရွှန်းဝေက မေ့စကားအဆုံး မျက်လုံးပြူး၍ လက်ကလေးကာရင်း. . .

''ဟဲ့, အဲလိုတော့ သစ္စာမဖောက်နဲ့နော် မေ၊ ဘာအကြောင်းရှိရှိ ပြောပြကြေးပဲ၊ ငါတို့အလှည့်ရောက်လည်း ပြောပြမှာပဲ''

ဟုပြောလိုက်သည်။ ချယ်ရီက နှာခေါင်းရှုံ့ရင်း. . .

''ရွှန်းဝေလား. . . အဝေးကြီး၊ စပ်စုမ, ဖက်တီးမ၊ သူ့အလှည့်က ဘယ်ဆီနေမှန်းမသိသေးဘူး၊ သူ့ကို မျိုးဖော်သိန်းပဲကြိုက်တယ်''

''အောင်မာ. . . မျိုးဖော်သိန်းကို နင်ပဲယူ၊ ငါ့မျာ း ဖက်တီးပုပ်လေးဘာလေးနဲ့၊ ဖက်တီးပုပ်က နင့်ထက်အမြင်ကျယ်တယ်နော်''

ချယ်ရီက မျက်လုံးမေးသောကြောင့် ရွှန်းဝေစကားအဆုံး ရှုံ့မဲ့သွားသည်။

''ဘာပဲဖြစ်ဖြစ်နော်. . . မေ နင်နဲ့ဂျွန်အဆင်ပြေသွားရင် ငါ





လည်း ဂျူလိုင်နဲ့''

''အောင်မာ. . . ဖက်တီးက ဂျူလိုင်ကိုချိန်နေတယ်၊ မရဘူး ငါအရင်ဦးထားပြီးသား''

''ဘာဖြစ်လဲ သူ့နဖူးမှာ နင်က စာသွားကပ်ထားလို့လား''

''နဖူးမဟုတ်ဘူး၊ နှလုံးသားမှာ ချယ်ရီဆိုတဲ့တံဆိပ် ခတ်နှိပ်ပြီးပြီနော်''

''မျက်လုံးသာမှေးတာ၊ ဒါတော့မြင်တတ်တယ်''

ရွှန်းဝေက မနိုင်,နိုင်ရာပြောသည်။ ချယ်ရီက မကြားချင်ယောင်ဆောင်ပြီး ဂျူလိုင်ချင်းထပ်အောင် ပြောနေသည်။

''တော်ပြီဟာ, ဘာတွေမှန်းမသိဘူး၊ နားကိုငြီးနေတာပဲ''

မေအော်လိုက်တော့မှ နှစ်ယောက်လုံး ငြိမ်သွားကြတော့သည်။

''ငါ. . . အရင်က ဆုတောင်းခဲ့ဖူးတယ် သိလား''

''ဘာဆုတောင်းတာလဲ''

''ဪ. . . ငါရွေးမယ့်ချစ်သူက ငါ့ကိုသိပ်ချစ်သလို ငါကလည်း သူ့ကိုသိပ်ချစ်မိတဲ့သူဖြစ်ရမယ်လို့''

မေ့စကားအဆုံး ချယ်ရီက ရယ်သည်။

''ဘာများအထူးအဆန်းလဲလို့ လူတိုင်း အဲဒီလိုဖြစ်ချင်ကြတာ



www.burmeseclassic.com

www.burmeseclassic.com



ချည်းပဲ"

"ပြီးတော့ ငါကံကောင်းတယ်သိလား။ သူနဲ့ငါက ဝါသနာတူ အကြိုက်တူတယ်။ ဘာသာချင်းလည်း အတူတူပဲ။ အဲဒီလို ဖြစ်လာလိမ့်မယ်လို့ ငါဘယ်ထင်မလဲ။ ပြီးတော့ ငါကြိုက်တဲ့ အနက်ရောင်ကို သူကြိုက်တယ်။ ငါ့ကို သူက မဟူရာတဲ့၊ ဘယ်လောက်စိတ်ကူးယဉ်ဆန်သလဲဟင်"

အချစ်ရေးမှာ သူတို့ထက်ကံကောင်းသောမေ့ကို ချယ်ရီနှင့် ရွှန်းဝေက အားကျနေမိသည်မှာ ဘာမှမဆန်းချေ။ အိမ်မက်ထဲက စိတ်ကူးယဉ်မင်းသားလေးနဲ့ အပြင်မှာဆုံခွင့်ရသောမေ့အဖို့ အရာရာဟာ ပျော်ရွှင်စရာတွေနှင့် ပြီးပြည့်စုံနေမည်ဟုလည်း မှတ်ချက်ချကြလေသည်။

"သူနဲ့ဂျူလိုင်က ဘာမှမတော်တူးသိလား။ သူငယ်ချင်းတောင် သိပ်ချစ်ကြတာ ဘယ်တော့မှမခွဲဘူး။ အမြဲတတွဲတွဲပဲ။ နင် ကံကောင်းတယ်မေ..နင့်ကိုဆို ပိုပြီးချစ်မှာ"

ရွှန်းဝေ၏မှတ်ချက်ချသံအဆုံး မေ ဘာမှမပြောဘဲ အသာ အယာပင် ပြုံးနေလေတော့သည်။

☙ ☙ ☙

ရွှေပဒေသာစာပေ

အခန်း-(၁၂)

ထမင်းစားရင်း ဖေဖေနှင့်မေမေက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး တစ်စုံတစ်ခုပြောရန် အရှိန်ယူနေသည်ကို သူ မော့ မကြည့်ဘဲ သိလိုက်သည်။

လွန်ခဲ့သည့်နှစ်ရက်လောက်ကတည်းက အကဲခတ်နေတာမို့ သူမသိချင်ယောင်ဆောင်နေခဲ့သည်။ ဒါပေမဲ့ တစ်နေကုန် အခန်းအောင်း ပြီး ဂစ်တာတီးလိုက်အိပ်လိုက်နှင့် အပြင်မထွက်တာမို့ သူတို့စိတ်ထဲ ထူးဆန်းချင် ထူးဆန်းနေပေလိမ့်မည်။

"သား"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူထမင်းစားနေရင်းက ခေါင်းမော့ကြည့်လိုက်သည်။

"ဂျူလိုင်လည်း အိမ်ကိုမလာတာကြာပြီနော်"

မေမေ့စကားအဆုံး ပါးစပ်ထဲက ဝါးလက်စထမင်းကို တစ်ချက်ရပ်ပြီး ခေါင်းညိတ်ပြလိုက်သည်။ မျက်နှာအမူအရာ ဘာတစ်ခုမှပျက်မသွားအောင် ကြိုးစားထားပေမယ့် ဘာမှဆက်ပြီးဖြေလိုစိတ်မရှိသည့် အရိပ်အယောင်ကတော့ သူ့မျက်လုံးထဲမှာ အတိုင်းသားပေါ်လွင်နေမှာ သေချာလှသည်။

"သားနဲ့ ရန်တွေဘာတွေများ ဖြစ်လို့လားကွယ်"

မေမေ့စကားကြောင့် သူ ခဏမျှ တွေဝေတုံ့ဆိုင်းသွားသော်လည်း ခေါင်းခါပြလိုက်သည်။ တစ်ချိန်လုံး ဘာမှဝင်မပြောသောဖေဖေက ၎င်းမျက်နှာကို စူးစိုက်ကြည့်နေသည်။

"မဟုတ်သေးပါဘူးသားရယ်၊ မေမေ့ကိုမှန်မှန်ဖြေစမ်း ၎င်း။ ဂျူလိုင်နဲ့သား ရန်ဖြစ်ထားတယ်မဟုတ်လား။ ဂျူလိုင် မလာတာ လေးငါးရက်ရှိပြီ"

သူ ဘာမှပြန်မပြောမိ။ ဆိတ်ဆိတ်နေခြင်းကို ဝန်ခံခြင်းဟု မေမေက ယူဆလိုက်ဟန်ရှိသည်။ ဖေဖေက ခေါင်းကို ဖြည်းညင်းစွာ ခါရမ်းပြီး ထမင်းစားခန်းထဲမှ ထထွက်သွားသည်။





"ဘာဖြစ်လို့ ဂျူလိုင်နဲ့ရန်ဖြစ်ရတာလဲသားရယ်။ မေမေဖြင့် မယုံနိုင်ဘူး။ ဘယ်တုန်းက သားတို့ရန်ဖြစ်ခဲ့ဖူးလို့လဲ။ ဂျူလိုင်ဟာ သားရဲ့ညီဆိုလည်း ဟုတ်တယ်၊ အစ်ကိုလို့လည်း သားကို ညာတာတယ်၊ တော်ရုံကိစ္စလောက်နဲ့တော့ သူ ဒီလောက်ထိ နေနိုင်မှာမဟုတ်ဘူး။ သား သူ့ကိုဘာပြောလိုက်လို့လဲ"

မေမေ့စကားအဆုံး ထမင်းစားဝိုင်းမှ သူ ထရပ်လိုက်သည်။

"သား, သူ့ကိုမလာနဲ့လို့ပြောထားလို့ပါ"

ပြောပြီးပြီးချင်း သူ လှည့်ထွက်ခဲ့သည်။

"အို! ဘုရားရေ"

မေမေ့ရဲ့အထိတ်တလန့်ရေရွတ်သံက သူ့နောက်မှာ လွင့်ကျခဲ့သည်။

အခန်းထဲရောက်တော့ နံရံမှာထောင်ထားတဲ့ ဂျူလိုင့်ဂစ်တာကိုလှမ်းကြည့်ပြီး အလိုလိုနေရင်း ဒေါသထွက်လာသည်။ ဂျူလိုင်ရေးလက်စ သီချင်းစာရွက်အပိုင်းအစတွေက အခန်းထဲမှာ သူ့လက်ချက်ကြောင့် ဟိုတစ်ရွက်ဒီတစ်ရွက် ပြန့်ကျဲနေသည်။

သူတို့နှစ်ယောက်လုံး တစ်ယောက်မပါဘဲ တစ်ယောက်တည်း ဘယ်မှသွားလေ့မရှိတာမို့ အခန်းအောင်းပြီး ဂစ်တာတီးလိုက်၊ စာဖက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်နှင့်သာ အချိန်ကုန်သည်။ ဂျူလိုင်ရော, ခုချိန်ဘာလုပ်နေမလဲဟု ဒေါသထွက်နေသည့်ကြားထဲက တွေးလိုက်မိသေးသည်။

"တောက်!"

အရာအားလုံးကို စိတ်အလိုအကျသလို ဖြစ်နေမိသည်။ ဂျူလိုင်နှင့်သူ မကြာခဏစကားများခဲ့ဖူးသည်။ တစ်ခါမှ တစ်နေကုန်အောင် စိတ်မဆိုးတတ်ခဲ့။ တစ်ယောက်မဟုတ် တစ်ယောက်က စခေါ်ခဲ့သည်ချည်းသာ။

ဒါပေမယ့် သူ ဂျူလိုင့်ကို တစ်ခါမှ လက်သီးနှင့်မထိုးဖူးခဲ့သလို ဂျူလိုင်လည်း သူ့ကို ဘယ်တုန်းကမှ နာကျင်အောင် မလုပ်ခဲ့ဖူးချေ။

ဟိုနေ့က မေ့ကိုစွဲနဲ့မှန်ထူပြီး ထိုးလိုက်မိသည့်အတွက် နောင်တရမိသလိုလို၊ ဂျူလိုင့်ကိုပဲစိတ်နာမိသလိုလို ဖြစ်နေမိသည်။

မေနဲ့ ဂျူလိုင်ကို တစ်လှည့်စီသတိရနေရင်း မေ့ကိုတွေ့ချင်လာသည်။ ဒါပေမဲ့ သူမတွေ့ချင်။ ဖုန်းဆက်ကြည့်ရင်ရော။ ဒါဆိုလျှင် ဂျူလိုင်နဲ့ သူ့မအခြေအနေကို သူ မဖြစ်မနေသိရမည်။ သူ့ခံစားနိုင်ပါ့မလား။ မေ့စကားတွေကို သူကြားရဲပါ့မလားဆိုပြီး ဖုန်းဆက်ရမှာ မဝံ့မရဲဖြစ်နေရသည်။

နောက်ဆုံးတော့ လူချင်းမတွေ့ရပေမယ့် ခပ်လွယ်လွယ်မေ့





ပစ်လို့မရသောကောင်မလေးကို သူ ဖုန်းဆက်လိုက်မိသည်။

"ဟလို . . မေလား"

သူ့အသံက မသိမသာတုန်ယင်သွားသည်။ မေက သူ့ကိုရုတ်တရက်မမှတ်မိသလို . .

"ဘယ်သူလဲဟင်" တဲ့၊ သူ့ရင်ထဲ လှုပ်ခတ် နာကျင်သွားသည်။ အံကိုတင်းခနဲကြိတ်လိုက်ပြီး ဂျူလိုင့်ကို စိတ်ထဲမှ တီးတိုးကျိန်ဆဲပစ်လိုက်သည်။

"ကျွန်တော်ပါ . . ရွှန်"

"အို!"

မေက ရှက်ရွံ့သွားသလို အာမေဋိတ်သံတိုးတိုးလေးတစ်ခုသာ ရေရွတ်သည်။

"မေ့ကို ကျွန်တော်သတိရလို့ ဖုန်းဆက်လိုက်တာ"

သူ့စကားအဆုံး မေက ခပ်တိုးတိုးရယ်သည်။ နောက်ကောက်ကျသူတစ်ယောက်မို့ ရယ်သံနဲ့ လှောင်ပြောင်လိုက်တာလားဆိုပြီး သူ့ရင်ထဲ အခံရခက်သွားသည်။

"တော်ပါ . . ခုမှလာချွဲပြနေတယ်၊ ဟိုနေ့က သီချင်းဆိုပြဆိုတော့ လူချင်းတွေ့မှဘာညာနဲ့ သူ ဘုရားကျောင်းတက်မလား



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး မျှော်မှန်းသေးတယ်၊ ဘာတွေအလုပ်ရှုပ်နေလဲပြော"

"ဗျာ!"

မေ့စကားကြောင့် သူကြောင်တောင်တောင်ဖြစ်သွားသည်။ သူက မေ့ကိုသီချင်းဆိုပြမယ်လို့ပြောခဲ့တယ်တဲ့။ သူဘာတစ်ခုမှ နားမလည်နိုင်တော့။

"ဟုတ်လား . . ကျွန်တော်မေ့နေတာ"

"ကြည့်စမ်း! ခုကတည်းက မေ့တတ်နေပြီ ပြောတုန်းကတော့ ညရောက်လို့ မှောင်ရင်တောင် မဟူရာ့ကိုသတိရတာတဲ့။ ခုကျတော့"

မဟူရာ။ မဟူရာဆိုတဲ့နာမည်က သူ့ရင်ထဲ လှိုင်းတစ်လုံးလို အရှိန်ပြင်းစွာ ဆောင့်တတ်လာသည်။ သူနဲ့ဂျူလိုင် မေ့အတွက် သီချင်းရေးမယ်ဆိုပြီး စဉ်းစားထားတဲ့နာမည်။

"ဟိုတ် . . ဘာတွေစဉ်းစားပြီး ငြိမ်သွားတာလဲ"

"ဪ . . ဘာမှမဟုတ်ပါဘူး။ ကျွန်တော် မေ့အတွက် သီချင်းရေးမလို့စဉ်းစားထားတာ . . အဲဒါ"

"ဪ . . ဟိုနေ့ကတော့ မေ့ကို မဟူရာလို့ခေါ်တယ်နော်၊ အဲဒီနာမည်ကို မေသိပ်ကြိုက်တယ်သိလား"





မေ့စကားသံအဆုံး သူ ဖုန်းခွက်ကို တင်းကျပ်စွာဆုပ်ကိုင်ရင်း ငြိမ်သက်တွေဝေသွားမိသည်။

"မေ . . အဲ . . မဟူရာ၊ အဲဒီနာမည်ကိုသဘောကျတယ်ဆို အဲဒီနာမည်ကို သီချင်းခေါင်းစဉ်အဖြစ် ကျွန်တော်ရွေးထားတာ မှန်သွားပြီပေါ့"

မေက ဘာမှမပြောဘဲ ရယ်နေသည်။ သူမ၏ရယ်သံကြောင့် သူ့ရင်သည် အတိုင်းအဆမဲ့ လှုပ်ရှားလာပြန် သည်။

သို့သော် တစ်စုံတစ်ရာက သူ့ကိုပျော်ရွှင်ခွင့်မရနိုင်အောင် တင်းကျပ်စွာ တုပ်နှောင်ထားသလို ခံစားရသည်။ ဂျူလိုင့်အတွက် သူ စိတ်မကောင်းခြင်းများစွာဖြစ်မိသည်။

ဒါ ဂျူလိုင်ခင်းပေးသွားတဲ့လမ်းဆိုတာ တဖြည်းဖြည်းသဘောပေါက်လာရသည်။ မေ့ဘက်က သူ့ကိုလုံးဝကြည်ဖြူနေပြီမို့ ဘယ်လိုစကားလုံးတွေနဲ့ ဂျူလိုင်က သူ့ကိုယ်စား ရင်ဖွင့်သွားခဲ့သလဲ။ သူက ချောလဲရောထိုင်ရုံသက်သက်နှင့် မေ့ထံမှအချစ်ကို တောင်းခံဖို့အသင့်ဖြစ်နေပြီ။

"မဟူရာ"

"ပြောလေ . . ကျွန်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မဟူရာကိုချစ်တယ်လို့ပြောခဲ့တယ်နော်။ ဟုတ်လား . ."

သူ့စကားအဆုံး မေဘာပြန်ပြောမလဲလို့ ရင်တဒိတ်ဒိတ်ခုန်ရင်း နားစွင့်နေမိသည်။

"ဘယ်တုန်းက ပြောလို့လဲ . . ဘာတွေလျှောက်မေးနေတာလဲ . . ဂျွန်"

"စိတ်မရှိပါနဲ့ မဟူရာ . . ကျေးဇူးပြုပြီး ဖြေပေးပါ၊ ကျွန်တော် တကယ်မေ့နေလို့"

သူ့စကားက တော်ရုံစိတ်ဆတ်သောမိန်းကလေးဆို စိတ်ဆိုးကောင်းဆိုးသွားနိုင်သည်။ မေကတော့ ထူးထူးဆန်းဆန်းကောင်မလေးပင်။

"တကယ်လားဂျွန် . . မေ အမှန်အတိုင်းဖြေရမှာလား"

"အင်း"

"မပြောရသေးဘူး ပြီးတော့ မေ့ကိုဘာမှ . ."

မေက ဆက်ပြောမှာ ရှက်သလို စကားတဲ့သွားသည်။ သူ ဝမ်းသာလွန်းလို့ ထခုန်မိမတတ် ဝမ်းသာသွားရသည်။

"ဟာ . . တကယ်လား . . အဲ . . အဲဒါဆို အခုပြောပြီနော်၊





မဟူရာ့ကို ကျွန်တော်သိပ်ချစ်တယ်၊ ပြီးတော့ ကျွန်တော့်ကို ပြန်ချစ်ပါနော်"

"သွား . . လူလည်၊ သူမေးချင်တာတွေမေး ပြောချင်တာတွေ ပြောပြီးမှ"

မေ့ရဲ့ရှက်မျက်စောင်းလှလှလေးက ချက်ချင်း သူ့ဆီဝဲပျံရောက်ရှိလာသလို မြင်ယောင်လိုက်မိသည်။

"ဖြေပါ မဟူရာ . . ကျွန်တော် ရင်တွေခုန်လှပြီ"

မေက သူ့စကားအဆုံး တိုးတိုးကလေးရယ်သည်။ ပြီးမှ . .

"ခဏလေးနော် . . ဂျွန်, မေ စဉ်းစားလိုက်ဦးမယ်"

ပြောပြီးပြီးချင်း မေက ဖုန်းချသွားသည်။

ဘယ်လောက်လည်တဲ့ကောင်မလေးလဲလို့ . .

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

"ဂျူလိုင်"

အဝေးမှပျံ့လွင့်လာသောခေါ်သံခပ်တိုးတိုးကြောင့် သူ ဖြည်းညင်းစွာလှည့်ကြည့်လိုက်သည်။ အင်းလျားရေပြင်ကိုဖြတ်တိုက်လာသောလေညင်းက သူ့မျက်နှာကိုခပ်ကြမ်းကြမ်းဝှေ့ပြီး ဆံပင်တွေကိုလွင့်ဝဲသွားစေသည်။ ခဲရောင်ကားလေးပေါ်မှ ခပ်သုတ်သုတ်ဆင်းလာသောဂျွန့်ကိုတွေ့လိုက်ရသည်။

"ဂျူလိုင်"

ဂျွန့်ခေါ်သံအဆုံး သူ လက်ကြားမှစီးကရက်တိုကို ခပ်ဝေး



www.burmeseclassic.com

www.burmeseclassic.com



ဝေးသို့တောက်ထုတ်လိုက်ပြီး ခုံတန်းလျားမှ ထရပ်လိုက်သည်။

ဗွန်က သူ့မျက်နှာကို စိုးရိမ်တကြီးပုံစံနှင့်စိုက်ကြည့်ရင်း ငြိမ်သက်နေသည်။

သူ ဗွန့်ကိုပြုံးပြလိုက်သည်။ ထိုအခါမှ ညှိုးလျော် နွမ်းလျနေသောဗွန့်မျက်နှာက ချက်ချင်းလို ကြည်လင်ရွှင်ပျလာသည်။

"ဂျူလိုင်, ငါ"

ဗွန်က သူ့ရှေ့ကိုလျှောက်လာရင်း တစ်စုံတစ်ခုပြောတော့မလို ပြင်ပြီးမှ သူ့မျက်နှာကို ဆို့ဆို့နင့်နင့်စိုက်ကြည့်သည်။

သူဘာမှမဖြစ်သလိုပြုံးရင်း ဗွန့်ပခုံးကိုသိမ်းဖက်လိုက်သည်။ ဗွန်က ခေါင်းကိုခပ်သွက်သွက်ခါရမ်းရင်း..

"ငါမှားသွားတယ်ဂျူလိုင်.. မင်းကျေနပ်အောင် ငါဘယ်လို တောင်းပန်ရမလဲ၊ ပြောပါ"

"ကိစ္စမရှိပါဘူးဗွန်.. တကယ်တော့ ငါ့ဘက်က လိုသွားတာလည်း ပါတယ်.. ဘာပဲဖြစ်ဖြစ် မင်းကိုအရင်ဆုံးအသိပေးရမှာ။ ငါ မင်းကိုအံ့ဩသွားအောင် နောက်မှပြောမယ်ဆိုပြီး"

"မဟုတ်ဘူး ဂျူလိုင်၊ တကယ်တော့ ငါမှားတာ.. ငါ့ကိုပြန်ထိုးပါကွာ"





ဗွန့်စကားအဆုံး သူခေါင်းကိုခါရမ်းရင်း ခပ်ဝေးဝေးကိုငေးနေလိုက်မိသည်။

"မင်းကို ငါအဲဒီလိုလုပ်ဖို့.. ဘယ်တုန်းကမှစိတ်ကူးမရှိဘူးဗွန်"

"ဟုတ်တယ်.. ဂျူလိုင်၊ ငါကသာ မင်းကိုစော်ကားခဲ့မိတာ၊ တကယ်ဆို သူ့ကို မင်းတကယ်ချစ်နေရင်တောင် ငါနောက်ဆုတ်ပေးသင့်တာ၊ ငါက တစ်ကိုယ်ကောင်းဆန်ပြီး အတ္တကြီးတဲ့ကောင်ပါကွာ။ မင်း ငါ့ကိုခွင့်မလွှတ်သင့်ဘူး.. ဖေဖေနဲ့မေမေသိရင် ငါ့ကိုအပြစ်တင်လို့ဆုံးမှာမဟုတ်ဘူး"

ယူကြုံးမရ ကြေကွဲခြင်းများစွာနှင့်ပြောလိုက်သောဗွန့်စကားသံများက သူ့နှလုံးသားကို ပြင်းထန်စွာရိုက်ခတ်စီးဝင်သွားကြသည်။

"တော်တော့ ဗွန်.. ငါ မင်းကိုစိတ်မဆိုးဘူး။ မင်း နားလည်လာတာကိုပဲ ငါဝမ်းသာတယ်။ မင်း သူနဲ့အဆင်ပြေသွားပြီမဟုတ်လား"

သူ့စကားအဆုံး ဗွန် ခေါင်းငုံ့သွားသည်။ သူ ပီပီပြင်ပြင်ပြုံးလိုက်မိသည်။

"မင်း, မေ့ကို မဟူရာလို့ခေါ်ခဲ့တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ဠွန့်စကားကြောင့် သူ တစ်ခဏမျှငြိမ်သက်သွားခဲ့သည်။

"အဲဒါ . . မင်းရွေးခဲ့တဲ့နာမည်လေ၊ မင်းစိတ်ကူးထဲမှာ အဲလို ခေါ်မယ်လို့ ငါတွေးမိလို့ပါ"

ဠွန်က သက်ပြင်းတစ်ချက်ရှိုက်ရင်း ခေါင်းခါသည်။

"ငါ အဲ့လိုခေါ်ဖို့စိတ်ကူးမရှိဘူး။ မေဆိုတာပဲ ငါကြိုက်တယ်။ မေနဲ့ဠွန်ဆိုတာ ပိုပြီးနီးစပ်တယ်မဟုတ်လား"

ဠွန့်စကားအဆုံး သူဘာမှပြန်မပြောမိ။ သူတို့နှစ်ယောက်ကြား တိတ်ဆိတ်ခြင်းက ကြီးစိုးသွားသည်။

"ကောင်းပါတယ် . . ဠွန်၊ မင်းကြိုက်သလိုခေါ်လို့ရပါတယ်"

ဠွန်က သူ့မျက်နှာကို စူးစူးနင့်နင့်စိုက်ကြည့်သည်။

"မင်း . . မေ့ကိုချစ်ခဲ့မိသေးလားဟင်"

ကလေးဆန်လွန်းတဲ့ဠွန့်စကားအတွက် သူဟားတိုက်ရယ်မောပစ်လိုက်သည်။ စက္ကန့်ပေါင်းအတော်ကြာတဲ့အထိ ကန်ရေပြင်ပေါ်မှာ သူ့ရယ်သံတွေ ဂယက်ထသွားသည်။

"ဟား . . ဟား . . မင်းတော်တော်အူတဲ့ကောင်ပဲဠွန်၊ ငါ သူ့ကိုဘယ်တုန်းကမှမချစ်ခဲ့ဘူးကွ။ သိပြီလား . . ဟား . . ဟား . . ဟား . . ဟား"





သူ့ရယ်သံတွေကြောင့် လေပြည်လေညင်းတွေက ပိုပြီးလတ်ဆတ်သွားသည်။ မြက်ခင်းတွေကြားထဲက ပန်းပွင့်ဝါဝါလေးတွေပင် ခေါင်းထောင်ပြီး ကြည့်ကြသလိုပင်။

ဠွန့်မျက်နှာက တဖြည်းဖြည်းပြုံးလာသည်။

"တကယ်လား . . ဂျူလိုင်"

"တကယ်ပါ . . ငါသူ့ကိုမချစ်ဘူး။ ပြီးတော့ စိတ်လည်းမဝင်စားပါဘူး။ ငါ့သူငယ်ချင်းရဲ့ချစ်သူဆိုတော့ သူက ငါ့သူငယ်ချင်းပဲလေ"

သူ့စကားအဆုံးတွင် ဠွန်နှင့်သူ တစ်ယောက်လက်ကို တစ်ယောက် တင်းကျပ်စွာဆုပ်ကိုင်လိုက်မိသည်။ သူ ဘောင်းဘီအိတ်ထဲက စာရွက်ကလေးတစ်ရွက်ထုတ်ပြီး ဠွန့်လက်ထဲထည့်ပေးလိုက်သည်။ ဠွန်က စာရွက်လေးကိုဖဝေဖေါကြည့်ပြီး သူ့ကိုမေးလေသည်။

"ဒါဘာလဲ ဂျူလိုင်"

"သီချင်းလေ . . မင်းနဲ့ငါအတူရေးဖို့တိုင်ပင်ထားတဲ့ မဟူရာဆိုတဲ့သီချင်း။ တစ်ပိုင်းပဲပြီးသေးတယ်၊ ကျန်တာ မင်းဆက်ရေးဖို့ချန်ထားတာ၊ ဖြစ်တယ်မဟုတ်လား"

ဠွန်ကပြုံးရင်း စာရွက်လေးကိုဖြန့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါသွားမယ် ဌွန်း . . ဒီညနေ အင်တာနက်ဆိုင်ရောက်ရင် မင်းမှာ ချစ်သူလုလုလေးရသွားပြီဆိုတဲ့အကြောင်း မမနီးကို အသိပေးလိုက်မယ်"

သူ့စကားအဆုံး ဌွန်းက ပျာပျာသလဲလှမ်းတားသည်။

"ဟာ,နေဦး ဂျူလိုင်၊ သူ ငါ့ကိုအဖြေမပေးရသေးဘူး။ အဲဒါ ငါဘယ်လိုလုပ်ရမလဲဟင်"

ဌွန်းစကားကြောင့် သူ မျက်မှောင်ကြုတ်ရင်း ခဏတွေဝေသွားပြီးမှ ဟက်ခနဲရယ်ချလိုက်မိသည်။

"ဘယ်သိမလဲကွ"

ပြောပြီးပြီးချင်း သူလှည့်ထွက်လာတော့ ကန်ဘောင်ပေါ်မှာ ဌွန်းတစ်ယောက်တည်း ကြောင်တောင်တောင်လေး ရပ်ကျန်ရစ်ခဲ့တော့သည်။

ဂျူ ဂျူ ဂျူ



အခန်း (၁၄)

"အံမယ် . . ကြည့်စမ်း! ကြည့်စမ်း! ဒါက ဘယ်လိုဖြစ်တာလဲ"

အခန်းထဲပြေးဝင်လာသောချယ်ရီက မှန်တင်ခုံရှေ့တွင် အကျအနထိုင်ပြီး အလှပြင်နေသည့်မေ့ကိုကြည့်ကာ အလန့်တကြားအော်လိုက်တာမို့ အန်တီကေသီနှင့် မီးဖိုခန်းထဲတွင် စကားပြောနေသော ဌွန်းဝေပါ ပြေးဝင်လာသည်။

"ဟယ် . . မေ . . ဘုရားရေ! ငါတို့မျက်စိမှားတာ မဟုတ်ပါဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



ရွှန်းဝေက ရင်ဘတ်လေးဖိပြီး ပြောလိုက်တာကြောင့် မေ ခစ်ခနဲအသံထွက်ရယ်လိုက်မိသည်။ ချယ်ရီနှင့် ရွှန်းဝေ အံ့သြမယ်ဆိုလည်း အံ့သြချင်စရာ။ အမြဲတမ်း အနက်ရောင်လွှမ်းနေသည့်မေက ဒီတစ်ခါတော့ ဆင်ဆွယ်ရောင်အင်္ကျီလက်ရှည်နှင့် ချောကလက်ရောင် ထမိန်စကပ်အရှည်ကိုတွဲဝတ်ပြီး မျက်နှာမှာ မိတ်ကပ်ပြေပြေလေးချယ်ထားသည်။

နှုတ်ခမ်းကိုလည်း ပန်းရောင်စိုစိုလွင်လွင်လေး ဆိုးထားလိုက်သောကြောင့် မေ့ပုံစံက မိန်းကလေးပီသစွာ လှသွားသည်။ တီရှပ်တွေ ဘောင်းဘီတွေနှင့်မဟုတ်တာကြောင့် သွယ်လျသောခန္ဓာကိုယ်လေးက ချပ်ရပ်နေသောအဝတ်အစားများအောက်မှာ ထင်းထင်းရှင်းရှင်းလေး ပေါ်လွင်လာသည်။

ဆံပင်တွေဆို အမြဲဖွာရာကြဲဖြန့်ချထားသောမေက နဖူးဆံစပ်က ဆံပင်တွေကိုအကုန်စုပြီး ဇာဘီးကုပ်ဖြူဖြူလေးနှင့် သိမ်းထားလိုက်တာမို့ မေ့မျက်နှာလေးကို မဟာဆန်ပြီး တည်ငြိမ်ရင့်ကျက်သွားစေခဲ့သည်။

"ဘယ်လိုလဲ.. ငါပြင်ထားတာ အဆင်ပြေရဲ့လား"

"အိုး.. လွန်တောင်လွန်နေသေးတယ် မေ၊ နင်ပြင်တာ ပွဲ





နေပွဲထိုင်သွားမှာကျနေတာပဲ"

"ဒါနဲ့.. နင့်မှာ ဒီအဝတ်အစားတွေ အရင်ကမရှိပါဘူး။ ဘယ်ကရတာလဲ"

"အောင်မာ.. ငါ့ကိုများ အထင်သေးလို့။ ဘယ်က ရ,ရမှာလဲ ဝယ်ထားတာပေါ့"

မေက အင်္ကျီခါးကိုဆွဲချ၊ မှန်ရှေ့မှာ လှည့်ပတ်ကြည့်ရင်း ပုပ်ပုပ်လေး ပြန်ပြောသည်။

"သိပ်မရှိဘူးထင်တယ်နော်.. မေ မှန်မှန်ပြော ဒီနေ့ ဘယ်သူနဲ့ချိန်းထားလဲ"

"ဘယ်နှစ်ယောက်ရှိလို့ ဘယ်သူနဲ့ချိန်းရမှာလဲ"

မေ့စကားအဆုံး ချယ်ရီက...

"အဲ.. ဟုတ်သားပဲ၊ ဒါဆို မေ ဘယ်သူနဲ့သွားတွေ့မလဲဆိုတာ ငါသိပြီ၊ ဌှန်နဲ့မဟုတ်လား"

မေက မဖြေဘဲ ပြုံးနေသည်။ ဒါဆိုသေချာသွားပြီဆိုတဲ့အထာနဲ့ ချယ်ရီနှင့်ရွှန်းဝေတို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး မေးငေါ့ပြကြသည်။

"အချစ်နဲ့တွေ့ရင် လူတွေက အရာရာပြောင်းလဲသွားတတ်



www.burmeseclassic.com

www.burmeseclassic.com



ကြတယ်နော်"

ချယ်ရီစကားအဆုံး မေကာ မချိုမချဉ်လေးပြုံးရင်း..

"ဘယ်ကအချစ်နဲ့တွေ့ရမှာလဲ၊ အခုမှသွားမှာ"

"ဟယ်..နင် ဒီနေ့ Sunday School မတက်ဘူးလား"

"တတ်မှာပေါ့..ပြီးမှ.."

"ပြီးမှ..ဘာဖြစ်လဲဟင်"

"စပ်စုလိုက်တာ ဘာဖြစ်ဖြစ်ပေါ့"

"နေပါဦး..မေ၊ နင်က ဘယ်လိုဖြစ်ပြီး ဒီဗိုင်းတွေ ပြောင်းသွားတာလဲ။ နေ့ချင်းညချင်းကြီး"

"နင်တို့ပြောသလိုပေါ့၊ အချစ်နဲ့တွေ့မှ.."

မေကာ စကားကိုတစ်ပိုင်းတစ်စနဲ့ရပ်ပြီး အခန်းတံခါးဘက်ကို လှည့်ကြည့်သည်။

"မေလေးရေ..ကားယူသွားမှာလား၊ အန်တီကေ အပြင်ခဏသွားမလို့"

"ဟင့်အင်း..မယူဘူးအန်တီကေ။ အန်တီကေ ယူချင်ယူသွားလေ"

"အေး..ကျေးဇူးပဲ"





အန်တီကေသီက အခန်းအပြင်မှလှမ်းအော်ပြီး ပြန်ထွက်သွားသည်။

"ဟွန်..သဘောတွေ တယ်ကောင်းနေပါလား"

သူ့ကားကို ဘယ်သူမှယူစီးတာမကြိုက်သည့်မေကာ အန်တီကေသီကို ကြည်ကြည်ဖြူဖြူ ကားပေးလိုက်သောကြောင့် ချယ်ရီနှင့် ရွှန်းဝေမှာ တအံ့တဩဖြစ်နေကြသည်။

"နင် ဒီလိုဝတ်တာစားတာတွေ ပြောင်းသွားတော့ အန်တီကေသီနဲ့ နင့်ဒယ်ဒီက ဘာပြောလဲ"

"ဒယ်ဒီက အံ့ဩနေတာပေါ့။ အန်တီကေကတော့ ငါ့ကို အကဲခတ်နေတယ်သိလား။ နင်တို့ ဟိုဟာဒီဟာတွေ လျှောက်မအော်နဲ့နော်၊ သိသွားရင်မလွယ်ဘူး"

"အေးပါ..ဘာလို့ပြောရမှာလဲ၊ ငါ့ကိုသာ ဂျူလိုင်နဲ့..ဟဲ ဟဲ..မမေ့နဲ့နော်.."

ချယ်ရီစကားကြောင့် မေသဘောကျစွာ ရယ်လိုက်မိသည်။ ရွှန်းဝေက ရှုံ့မဲ့ရင်း..

"ဟင်း..ဟိုက ဘာမှန်းမသိဘူး တစ်ယောက်တည်းသေချာနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အံ့မယ်, နင်မကြားဖူးဘူးလား . . မေတ္တာဆိုတာ အလျားအနံ မရှိပေမယ့် အသွားအပြန်ရှိတယ်တဲ့ . . နော်"

နှစ်ယောက်စုံမိတိုင်း ကြောင်နှင့်ကြွက်လို ရန်ဖြစ်တတ်သော ချယ်ရီတို့နှစ်ယောက်ကြောင့် မေ စိတ်လည်းရှုပ်၊ ရယ်လည်းရယ်ချင်နေမိသည်။ ဘာပဲဖြစ်ဖြစ် အလိုလိုနေရင်း ရင်ခုန်ကြည်နူးကာ ရွှင်မြူးနေတာလည်း ဖြစ်နိုင်လေသည်။

❀ ❀ ❀





## အခန်း (၁၅)

"ဟိုမှာလာနေပြီ ဌွန်း . . ငါသွားတော့မယ်"

ဂျူလိုင်စကားကြောင့် သူလှမ်းကြည့်လိုက်တော့ အရင်မြင်နေကျပုံစံနဲ့မဟုတ်ဘဲ သူပြောတဲ့ပုံစံလေးအတိုင်း ဝတ်လာတာကြောင့် ဌွန်းပိုပြီးရင်ခုန်သွားရသည်။

ဂျူလိုင်က မေ့ကိုလှမ်းကြည့်ပြီး မျက်မှောင်ကြုတ်သွားသည်။

"ဘယ်လိုလဲ . . ဂျူလိုင် ပိုလှတယ်မဟုတ်လား။ အခုမှ မေဆိုတဲ့နာမည်နဲ့ လိုက်ဖက်ညီသွားတာ"

မြင်ဖူးနေကျအနက်ရောင်လေးနဲ့ ခေတ်ဆန်ဆန် အပြင်အဆင်



www.burmeseclassic.com

www.burmeseclassic.com



တွေ မရှိတော့သည့်မေ့ကို တအံ့တဩကြည့်ရင်း ခေါင်းညိတ်ပြသည်။ မဟူရာကို လုံးဝပျောက်ဆုံး လွင့်ပျယ်သွားသလို ခံစားလိုက်ရသည်။

"ငါသွားတော့မယ် ဂျွန်..တော်ကြာ သူရှက်သွားဦးမယ်"

သူတားဖို့ပြင်လိုက်စဉ်မှာပင် ဂျူလိုင်က သူ့နားက ခပ်သုတ်သုတ်ထသွားတော့သည်။

"မေ"

မေ့ပုံစံက ဝတ်ထားတဲ့အဝတ်အစားအရှိန်ကြောင့်ထင်သည်။ ယခင်ထက် ပိုမိုနူးညံ့သိမ်မွေ့ကာ ရှက်ရွံ့နေပုံပင်။

"ကျွန်တော်၊ မေလို့ခေါ်မယ်နော်၊ အခုမှ နာမည်နဲ့လိုက်သွားတာ"

သူ့စကားအဆုံး မေက ရှက်ပြုံးနှင့် ခေါင်းငုံ့သွားသည်။ သူလည်း ဘာဆက်ပြောရမှန်းမသိဘဲ ရှိုးတိုးရှန်းတန်းဖြစ်နေမိသည်။

"မေ"

"ဟင်"

"ကျွန်တော့်လက်ဖျားတွေ အေးစက်နေတယ်၊ ကိုင်ကြည့်ပါလားဟင်"

သူ့စကားကြောင့် မေ့လက်တွေက သူ့လက်ကိုကိုင်ဖို့လှမ်းလာ





ပြီးမှ ရှက်လန့်တကြားလေး ပြန်ရုပ်သွားသည်။

"ဂျွန်ကလည်း မေ့လက်တွေလည်း အေးနေတာပဲဟာ"

"ဟင်! ဟုတ်လား..အဲဒါဆို ကိုင်ကြည့်မယ်နော်"

"ဟာ.."

မေက သူ့ကိုတားဖို့ပြင်ပေမယ့် နောက်ကျသွားပြီဖြစ်သည်။ မေ့လက်ဖျားအေးအေးလေးကို သူ ဖျတ်ခနဲဆုပ်ကိုင်ထားလိုက်မိသည်။

လက်ကလေးတွေ နွေးသွားပေမယ့် သူတို့နှစ်ယောက်လုံး ရင်ခုန်ပြီး ဘာစပြောရမှန်းမသိလောက်အောင် ထုံထိုင်းနေသည်။

"မေ..ကျွန်တော့်ကိုအဖြေပေးလိုက်ပြီပေါ့နော်"

မေက နှုတ်ကမဖြေ။ ခေါင်းညိတ်ပြသည်။

"အဲ့ဒါဆို ချစ်တယ်လို့ပြောပါလားဟင်။ ကျွန်တော်, မေ ပြောတာကြားချင်လို့"

"ဟာ..နောက်မှပြောမယ် ဂျွန်ရာ"

မေ့စကားကြောင့် သူ အောင့်သက်သက်ဖြစ်သွားရသည်။

"ဟို..မေ ကျွန်တော့်ကို ဒီလိုကြီးပဲခေါ်မှာလား။ ချစ်သူတွေလို ခေါ်ကြည့်ပါလားဟင်"

"ဘယ်လိုခေါ်ရမှာလဲ။ ဂျွန်လို့ခေါ်ရတာ ပိုကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မေ ရည်းစားထားဖူးလားဟင်"

"ဘာ! "

သူ့စကားကြောင့် မေက မကျေမနပ် ပေစောင်းစောင်းလေး ပြန်ကြည့်သည်။

"ဆိုလိုတာက ဒီလိုပါ.. ရည်စားတွေဖြစ်သွားရင် အဲဒီလို နာမည်တွေ မခေါ်ကြတော့ဘူးလေ။ ဟို မောင်တို့ ကိုတို့ အဲ့ လိုခေါ်တာမျိုးပေါ့"

ကြည့်ပါဦး။ ဘယ်လောက်စိတ်ကူးယဉ်ဆန်တဲ့သီချင်းလေးပါ လဲလို့။ မေ, သူ့စကားတွေ နားထောင်ရင်း ရယ်ချင်လာမိသည်။

"ဟင့်အင်း.. ကျွန်ကျတော့ မေ့ကို နာမည်ပဲခေါ်ပြီးတော့။ မရဘူး။ မေလည်း သူ့ကိုနာမည်ပဲခေါ်မှာ"

"အာ.. မေက ခေါ်ရတာ အဆင်ပြေတယ်လေ။ လှလည်း လှတယ်"

"မသိဘူးကွာ.. ကျွန်နဲ့မေက အသက်တူတူပဲဟာ၊ ဘာလို့ ကိုတွေမောင်တွေ ခေါ်နေရမှာလဲ၊ အဲ့ဒါ ရုပ်ရှင်တွေ ဇာတ်လမ်း တွေထဲက တမင်ချွဲနွဲ့ပြီးခေါ်တာမျိုးကြီး။ မေ မခေါ်ချင်ပါဘူး"

"အဲ့ဒါ ချစ်သူအချင်းချင်းခေါ်တဲ့ နာမ်စား မေရဲ့။ ကျွန်ဆိုတာ





သူငယ်ချင်းတွေလည်းခေါ်တယ်။ အားလုံးခေါ်တဲ့နာမည်ကြီး"

"ကဲ.. ဒါဆိုပြော, ကျွန့်အရင်ရည်းစားတွေက ကျွန့်ကိုဘယ် လိုခေါ်တာလဲ"

"ဟင်! "

မေ့စကားအဆုံးတွင် ပါးစပ်လေးဟ၊ မျက်ခုံးလေး မြင့်တက် သွားပြီးမှ ဟား.. ဆိုပြီး စိတ်ပျက်လက်ပျက်ခေါင်းငုံ့ရင်း ရယ်လိုက်တာ မို့ မေ သူ့ပုံစံလေးကို ရင်ထဲစွဲနစ်သွားရသည်။

"အလကားစတာပါ ကျွန်ရယ်.. ကျွန့်မှာ ရည်းစားမရှိခဲ့ဘူး ဆိုတာ သိပါတယ်"

မေ့စကားကြောင့် သူ ဖျတ်ခနဲအံ့သြသွားပေမယ့် ချက်ချင်း ပြုံးကာ..

"ဒါဆို ကျွန်တော့်အကြောင်းတွေ မေစုံစမ်းခဲ့တယ်ပေါ့နော်"

ဟု ပိုင်ပိုင်နိုင်နိုင်မေးလိုက်လေသည်။

"ကိုယ့်ကိုယ်ကို ကျွန်တော်လို့မပြောနဲ့လေ၊ မေက ကျွန်ရဲ့ ချစ်သူပဲဟာ၊ ဘာလို့ တလေးတစားပြောနေရမှာလဲ"

မေက သိသိသာသာ စကားလမ်းကြောင်းလွှဲပစ်သည်။

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဌွန်ရဲ့နောက်ရှုတ်ရှုတ်ပြောပုံကြောင့် မေက မသိမသာမျက်စောင်းထိုးသည်။

"သီချင်းဆိုပြမယ်ဆို"

"ဂစ်တာမှ ပါမလာတာ မေရဲ့ နောက်မှ.."

"ဟာ.. ဌွန်ကလည်း ရည်းစားနဲ့လာတွေ့တာ ဘယ်သူက ဂစ်တာယူလာမှာလဲ။ မရဘူး၊ ဆိုပြ"

မေ့ရဲ့ဖွတ်တရွတ်အမူအရာကြောင့် သူက ခပ်တိုးတိုးရယ်ရင်း ခေါင်းခါသည်။

"ဂစ်တာက သွားလေရာပါတယ် မေရဲ့၊ ကားထဲမှာ ကျန်ခဲ့တာ"

"အဲ့ဒါအရေးမကြီးပါဘူး။ မေက သီချင်းနားထောင်ချင်တာ။ ဌွန်ဆိုပြတာ နားထောင်ချင်တယ်၊ ဆိုပါ"

ကော်ဖီဆိုင်မှာ သီချင်းဆိုတုန်းက နည်းနည်းမှ ရှက်ရွံ့ဟန်မရှိခဲ့သောဌွန်က မေ့ရှေ့မှာဆိုပြရမည့်အတွက် အနည်းငယ်ရှက်နေပုံပင်။ မျက်နှာကို လက်နဲ့ပွတ်လိုက်၊ ခေါင်းမော့ရင်း ဆံပင်တွေ သပ်လိုက်နှင့် ရယ်နေသောဌွန့်ကိုကြည့်ပြီး မေ အသည်းယားလာသည်။

"ဌွန်..ဆိုနော်"





"မေ့ မရယ်ရဘူး။ အဲ့ဒါ ဂျူလိုင်နဲ့ကိုယ်ရေးထားတာ၊ မေ့အတွက်"

"အို.. ဘာလို့ရယ်ရမှာလဲ"

မေ့ရဲ့ခပ်တည်တည်ပြောလိုက်ဟန်ကြောင့် ဌွန်က မေ့ဘက်ကို မကြည့်ဘဲ သီချင်းစဆိုဖို့ပြင်သည်။

"xxxx မှောင်မိုက်တဲ့ညတွေမှာ xxxx လွှမ်းမိုးနိုင်သူ နင်ဟာ ငါချစ်တဲ့ လရောင်ကို xxxx မေ့ပျောက်စေနိုင်သူလား xxxx ဘယ်တော့မှ မပျောက်ပျက်တဲ့ရောင်စဉ်နဲ့ xxxx

အတွေးထဲမှာ အမြဲသာ xxxx

ငါ့ဘဝဟာ မဟုရာ xxxx

xxxx အို အစွဲလမ်းဆုံးပေါ့ xxxx မဟုရာ၊ လွမ်းဆွတ်ရတဲ့ xxxx အချိန်မှာ xxxx နင် ငါ့အနားကို xxxx လာနေ ပေးလှည့်ပါ xxxx

နင်ရှိတဲ့ဘဝဟာ xxxx အရာတိုင်းထက် ခမ်းနားနေတာ xxxx ငါ တမ်းတ နင်ရဲ့ရင်ခွင် xxxx တစ်နေရာဆီမှာလား xxxx ဘယ်တော့မှ မပြောင်းလဲတဲ့ xxxx အကြင်နာလည်း xxxx နှလုံးသားမှာရှိတာ xxxx



www.burmeseclassic.com

www.burmeseclassic.com



နှင့်အတွက်ပါ xxxx မဟုရာ xxxx

အို xxxx ခွဲလို့မသွားနဲ့ xxxx မဟုရာ

ငါ့ဘဝ ငါ့ရဲ့ xxxx မြေကမ္ဘာ

နှင်ဟာ ကောင်းကောင် xxxx သံစဉ်တေးတစ်ပုဒ်ပါ xxxx"

* * *



## အခန်း (၁၆)

"ငါ. . . မနေ့ညက မမနိုးနဲ့စကားပြောရတယ်"

ဂျူလိုင်စကားကြောင့် သူ တအံ့တသြဖြစ်သွားရသည်။

"မင်း. . . မေ့အကြောင်းတွေ ပြောလိုက်ပြီလား"

ဂျူလိုင်က ဘာမှမဖြေဘဲရယ်နေသည်။ တစ်ခုခုလုပ်ခဲ့ပြီး ထုတ်ပြောရမှာ အားနာတိုင်း ဆံပင်တွေကိုထိုးဖွရင်းဖွ၊ မဖွရင် ခပ်အေးအေးရယ်နေတတ်တာ ဂျူလိုင်အကျင့်။

"မင်းဘာယ်လိုထင်လို့လဲ"

"ပြောလိုက်ပြီမဟုတ်လား"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"အေး"

"ဘာပြောလဲ . . ငါ့ကိုဆူသေးလား"

"မဆူပါဘူး၊ ထင်တော့ထင်သားပဲတဲ့။ မေးလိုက်တာလည်း စုံနေတာပဲ။ ပြီးတော့ ပြောသေးတယ် ဒီအတိုင်းဆို နိုင်ငံခြားမှာ ကျောင်းတက်နိုင်းဖို့ မလွယ်ကူတော့ဘူးတဲ့"

"ဘာဆိုင်လို့လဲ"

"မဆိုင်ဘဲနေပါ့မလား။ အခုတောင်မှ လူချင်းမတွေ့ရရင် တစ်ညလုံး ဖုန်းပြောရတာနဲ့ အီးမေးလ်ပို့ရတာနဲ့"

ဂျူလိုင့်စကားအဆုံး ဗွန်ဘာမှမပြောဘဲ တဟားဟားအော်ရယ်နေသည်။

"မေ့အကြောင်းရော မေးသေးလား"

"မေးတာပေါ့၊ ငါလည်း ပိုပိုသာသာလေး ပြောလိုက်ပါတယ်၊ ကောင်မလေးက လိမ္မာတယ် . . ဘာသာတရားလည်း ကိုင်းရှိုင်းတယ်ပေါ့၊ UFL တက်နေတာလို့၊ တွေ့တာတောင် Sunday School မှာ တွေ့ကြတာလို့ပြောလိုက်တယ်"

"မမနီးက အဲ့ဒီတော့ ဘာပြန်ပြောလဲ . . ငါ့ကိုအရမ်းချစ်တဲ့အကြောင်းရော ထည့်မပြောလိုက်ဘူးလား"





"မင်းထက်တော်မှာပါတဲ့ . . မင်းကိုအရမ်းချစ်တာ ငါကဘယ်လိုပြောရမှာလဲ ငါမှမသိတဲ့ဟာ"

အဖြစ်သည်းပြနေသောဗွန့်ကို ဂျူလိုင်က အမြင်ကပ်ကပ်နှင့် ပြောလိုက်သည်။

"အေး . . ဟုတ်သားပဲနော်"

"ဖုန်းဆက်တာ မင်းပါမလာလို့မေးတော့ သူ့ကောင်မလေးနဲ့ လျှောက်သွားနေတယ်လို့ပြောလိုက်တယ်"

ဂျူလိုင့်စကားကြောင့် ဗွန်မျက်လုံးပြူးသွားသည်။ အိပ်ရာပေါ်တွင် ရင်ဘတ်ပေါ် ဂစ်တာတင်ပြီး စိတ်ကူးနှင့်ပျော်နေသောဗွန်မှာ နောက်ဆုံးပိတ်စကားကြောင့် ရုတ်တရက်ထထိုင်ရင်း . .

"ဟာကွာ၊ ဘာလို့ အဲ့လိုပြောလိုက်ရတာလဲ၊ ငါ့ကိုစိတ်ဆိုးသွားမှာပေါ့"

ဂျူလိုင်က ဘာမှမတတ်နိုင်တော့ဘူးဆိုတဲ့ပုံစံနှင့် ပုခုံးတွန့်ရင်းလက်ခါပြသည်။

"အမှန်အတိုင်းပြောတာပဲဟာကို"

"အေးပါ . . အခုမှ အမှန်တရားဘက်တော်သားလုပ်နေ၊ မင်းအကြောင်းတွေမေးလည်း ငါကအကုန်ပြောပစ်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား . . ဟ ကြောက်နေရပါလား။ ငါက ဘာတွေလုပ်နေလို့လဲ"

ဂျူလိုင်စကားအဆုံး ဇွန်က ဘောင်းဘီအိတ်ထဲမှ မီးခြစ်နှင့် စီးကရက်ဘူးလေးကိုထုတ်ပြီး . .

"ဒီမှာလေ . . ဒါ ဘယ်သူ့ပစ္စည်းလဲ"

ဟုပြောလိုက်လေသည်။

"ဟော့ . . အေး, အဲဒါ မင်းဘယ်ကရတာလဲဇွန်၊ မင်းသောက်နေလား"

ဇွန်က ဘာမှပြန်မပြောဘဲ ဘောင်းဘီအိတ်ထဲ ခပ်တည်တည် ပြန်ထည့်သည်။ ဂျူလိုင် ထိုင်နေရာမှထသွားပြီး . .

"ပြန်ပေး . . ဇွန်၊ မင်းမသောက်တတ်ဘဲနဲ့"

"ဘာလို့မသောက်တတ်ရမှာလဲ၊ မင်းက ငါ့အခန်းထဲ လာလာသိမ်းထားတာကို။ ဒါ ငါ့ကိုအပိုင်ပေးလိုက်တော့"

ဇွန့်စကားကြောင့် သူ မျက်လုံးပြူးသွားရသည်။

"အား . . မဟုတ်တာ၊ မင်းနဲ့မတည့်ဘူး"

"ဘာ! မင်းနဲ့တော့ တည့်တယ်ပေါ့"

ညဘက်ခြံထဲမှာ ကြာကြာထိုင်ပြီး ဂစ်တာတီးလျှင် မနက်ကျ





နစေးချောင်းဆိုးဖြစ်တတ်သောဇွန်ကို အားလုံးက ချူချာသူအဖြစ်သတ်မှတ်ထားတာမို့ စီးကရက်မသောက်စေချင်ပါ။

"ငါက ဘာမှမဖြစ်ဘူး။ မင်း, ချောင်းဆိုးရင် အန်တီခိုင်နွယ်သိသွားမှာ။ မဖြစ်ပါဘူးကွာ . . ပြန်ပေးစမ်းပါ"

"ရတယ်၊ ဘယ်သူမှမသိစေရဘူး။ ချောင်းလည်းမဆိုးစေရဘူးကွာ"

ခေါင်းမာပေကပ်လွန်းသောဇွန့်ကို သူဒေါသဖြစ်လာသည်။

"ပေးဆိုပေးကွာ"

သူခပ်မာမာအော်ပစ်လိုက်တော့ ဇွန့်မျက်နှာပျက်သွားသည်။ အိမ်ရှေ့ခန်းဘက်ကို အန်တီခိုင်နွယ်များ ကြားသွားမလားဆိုပြီး တစ်ချက်လှမ်းကြည့်ရင်း အိတ်ထဲမှ ငွေရောင်မီးခြစ်ကလေးနှင့် စီးကရက်ဘူးကိုဆွဲထုတ်သည်။ ဂျူလိုင့်ကို ထုံပေအေးစက်စွာကြည့်ရင်း . .

"ရော့ . . ဝယ်ရင် ပေါလွန်းလို့"

ဟုခပ်တိုးတိုးပြောပြီး လှမ်းပစ်ပေး၏။ သူ မီးခြစ်နှင့် စီးကရက်ဘူးလေးကိုမဖမ်းဘဲ ရပ်ကြည့်နေလိုက်မိသည်။ ကြမ်းပြင်ပေါ်ကို ဒေါက်ခနဲပြုတ်ကျသွားသောစီးကရက်ဘူးနှင့် မီးခြစ်ကို သူ စက်ဆုပ်ရွံမုန်းစွာ ကြည့်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း မသောက်ရဘူး . . ငါလည်း မသောက်တော့ဘူး"

ဋ္ဌန်က ဘာမှပြန်မပြောဘဲ တစ်ဖက်လှည့်သွားသည်။

"ဋ္ဌန်, ငါ သင်တန်းသွားစုံစမ်းမလို့ လိုက်ဦးမလား Do Re Mi ကို မင်းစိတ်ဝင်စားတယ်ဆို"

ဋ္ဌန်က ခေါင်းရမ်းပြသည်။ သူ သက်ပြင်းတစ်ချက်ချလိုက်မိသည်။

"ညနေကျရင် မမနိုး, မင်းဆီကိုဖုန်းဆက်လိမ့်မယ်။ ဟိုမှာ ကျောင်းတတ်ဖို့ ဘာတွေအဆင်သင့်လုပ်ထားပြီးလဲတဲ့။ အဲဒါ ငါတို့ရှိလို့ရအောင် ဟုတ်တာမဟုတ်တာထား။ သင်တန်းတစ်ခုခုတော့သွားအပ်ထားမှရမယ်၊ ဇေယျာတက်နေတဲ့သင်တန်းက. . IELTS တို့ TOEFL တို့ ဖြေစရာမလိုဘဲနဲ့ HND Foundation တတ်ရုံနဲ့ ဟိုမှာဘွဲ့ယူလို့ရတယ်တဲ့။ ဟုတ်မဟုတ်တော့မသိဘူး။ သူက ကနေဒါသွားဖို့ စီစဉ်ပြီးသားလို့ ပြောတာပဲ"

ဋ္ဌန်စိတ်ဝင်စားမည်ထင်သည့်အကြောင်းအမျိုးမျိုးရှာ၍ လျှောက်ပြောနေပေမယ့် ဋ္ဌန်က ငြိမ်သက်မြဲငြိမ်သက်နေသည်။

"ငါတော့ Edumap မှာပဲ Japanese Speaking သွား





တက်ထားမလားလို့၊ Photoshop တို့ Graphic Design တို့ တတ်ထားလည်း မဆိုးပါဘူး . . ဘာပဲပြောပြော မမနိုးမေးရင် ပြောနိုင်အောင်လို့ပါ"

သူဆက်ပြောဖို့အရှိန်ယူနေတုန်း ဋ္ဌန်က ခွီးခနဲထရယ်သည်။

"အရူးပါးစပ်ထဲ တွေ့ရာတွေလျှောက်ရွတ်ပြနေတယ်၊ မင်းဘာသာသွားပါလား။ ဘာကိစ္စ ငါ့ရှေ့မှာ လာပွားနေတာလဲ"

ဋ္ဌန့်စကားအဆုံး သူ ဟက်ဟက်ပက်ပက်ရယ်လိုက်မိသည်။ သူတို့နှစ်ယောက်မှာ တစ်ယောက်က စကားမပြောဘဲနေလျှင် မပြောပြောအောင် လုပ်ကြတာ ဟိုးငယ်ငယ်ကတည်းကမို့ အကျင့်ပါနေကြသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

သူစကားဆုံးတော့ မေက ကိုယ်လေးသိမ့်သိမ့်ခါသွားအောင် ရယ်သည်။ ဌျှန့်ကိုလည်း ရယ်စရာကလေးလေးတစ်ယောက်လို ချစ်စနိုး ဟန်နှင့် သေသေချာချာကြည့်နေသည်။

"ဌျှန်တို့က ခုထိကလေးတွေလိုပဲနော်"

"ကလေးတွေလိုမဟုတ်ဘူးမေရဲ့၊ ကလေးစိတ်ကို မကုန်သေး တာ"

"အဲဒါနဲ့များ ရည်းစားထားနေသေးတယ်"

မေက နေကြာစေ့တဖျောက်ဖျောက်ဝါးရင်း သူ့ကိုမျက်စောင်း



www.burmeseclassic.com

www.burmeseclassic.com



ထိုးပြီး ပြောလိုက်လေသည်။

"ကိုယ်က ကလေးမဆန်တော့ပါဘူး။ ကလေးဆန်တာ ဂျူလိုင်ငယ်ငယ်ကဆို ကိုယ် သူ့ကိုတင်းနေပြီဆိုရင် ကာတွန်းခွေလာပေး, ဂိမ်းခွေတွေလာပေးနဲ့"

"ဟင်း . . ဒါဆို ဂျွန်က အမြဲစိတ်ကောက်တတ်တာပေါ့"

"စိတ်ကောက်တာတော့မဟုတ်ပါဘူး။ အဲဒီတုန်းက ကိုယ်တို့က ခြောက်တန်းပဲရှိသေးတယ်၊ ဂျူလိုင်က ငယ်ငယ်ကတည်းက မိဘတွေမရှိတော့ သူ့ကို bible သင်ပေးတဲ့ ဖာသာရ်တွေနဲ့အတူတူနေတာလေ၊ ဘရာသာရ်တွေကလည်း သူ့ကိုဂစ်တာတီးသင်ပေးတော့ ကိုယ်နဲ့စာရင် သူက ပိုတော်တယ်။ အိမ်ကိုလာရင် မမနီးနဲ့သူနဲ့က တစ်ဖွဲ့ဖြစ်နေရော။ မမနီးက ပီယာနိုမှာ ဆရာ၊ ကိုယ်က ဘာမှမဟုတ်သေးဘူး ပါဝါရိန်းဂျားတွေ စပိုက်ဒါမင်း(န်)တွေနဲ့ ပတ်ချာလည်နေတုန်း။ ဂစ်တာအရမ်းတီးတတ်ချင်တော့ သူ့ကိုဆရာတင်ရတာ၊ သူလည်း ကလေးဆိုတော့ ကိုယ့်ကို ဘယ်ကောင်းကောင်းသင်ပေးနိုင်မှာလဲ။ အဲဒါသူကျတော့ သီချင်းတွေတော်တော်များများရနေပြီး ကိုယ့်ကိုတတ်အောင်မသင်ပေးရကောင်းလားဆိုပြီး ဒေါကန်တာ"





"ခစ် . . ခစ် . . ရယ်ရတယ်၊ အဲဒါနဲ့များ ဂျွန်က သီချင်းဆိုကောင်းတဲ့ကောင်လေး ဖြစ်သွားသေးတယ်နော်"

"ကိုယ် အခုနေ စီးရီးထုတ်မယ်ဆို သီချင်းတွေတော်တော်များနေပြီ၊ အိမ်က ပေးမလုပ်လို့၊ မမနီးကိုအားကိုးရမလား မှတ်တယ်၊ သူကလည်း ကိုယ့်ကို ဟိုမှာအလုပ်လုပ်ဖို့ ကျောင်းတက်ဖို့ပဲ တိုက်တွန်းနေတာ"

ဂျွန့်စကားအဆုံး မေက မျက်မှောင်လေးတွန့်သွားသည်။

"ဟင်း . . ဒါဆို ဂျွန်က နိုင်ငံခြားကိုသွားရမှာပေါ့"

"ခုချက်ချင်းမဟုတ်သေးပါဘူး မေရယ်"

"ချက်ချင်းမဟုတ်လည်း . . သွားတော့သွားမှာမဟုတ်လား။ ဂျွန့်မမ ဟိုကိုရောက်နေတာ ဘယ်လောက်ကြာပြီလဲ"

ဂျွန်က နားမလည်သလို မျက်ခုံးလေးပင့် ခေါင်းလေးငဲ့စောင်းရင်း ပြန်မေးသည်။ မေ့မျက်နှာက ချက်ချင်းလို ညှိုးကျသွားတော့ ဂျွန်ပျာယာခတ်သွားသည်။

"ဘာဖြစ်လို့လဲမေ . . ကိုယ်ဘာလုပ်ပေးရမလဲဟင်"

ဘယ်လောက်အ,လိုက်တဲ့ ရည်းစားလေးပါလဲ။ မေစိတ်ဆိုးရအခက်၊ စိတ်ကောက်ရအခက်ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဂျွန် နိုင်ငံခြားသွားရင်လည်း . . အဲလိုအကြာကြီးနေမှာပဲ မဟုတ်လား။ မေ့ကိုထားပစ်ခဲ့ဦးမှာပေါ့"

ရယ်ရယ်မောမောစကားပြောနေရင်းက ချက်ချင်း ငိုချတော့မလို ငိုမဲ့မဲ့လေးဖြစ်လာသောမေ့ကိုကြည့်ပြီး ဂျွန်စိတ်မကောင်းဖြစ်သွားရလေသည်။ ရည်းစားထားပြီးမှ စိတ်ပြေအောင်ဘယ်လိုချော့ရမလဲဟု အပြေးအလွှားစဉ်းစားရင်း သက်ပြင်းချမိသည်။

"ပြောသာပြောရတာ၊ ကိုယ်လည်း မေနဲ့မဝေးချင်ပါဘူး။ သွားလည်း မသွားချင်ဘူး။ ကိုယ်က သီချင်းပဲဆိုချင်တာ၊ ဖေဖေက လုံးဝအားမပေးလို့ မေမေကာမှနည်းနည်းတော်သေးတယ်"

ဂျွန့်ရဲ့စိတ်ပျက်လက်ပျက်ပြောပုံက တကယ့်မှုလတန်းကလေးတစ်ယောက်လိုမို့ တဗွတ်ထိုးဆန်တဲ့မေ့ဗိဇလေးက ခေါင်းပြူလာလေသည်။

"မသွားချင် မသွားနဲ့ပေါ့ ဂျွန်ရယ်၊ ဒီမှာပဲနေပါ။ မေ အကြာကြီးမခွဲနိုင်ဘူး။ သီချင်းဆိုချင်တယ်ဆို တကယ်ဖြစ်အောင်လုပ်၊ မေ တတ်နိုင်သလောက်ကူညီမယ် . . သိလား"

မေ့စကားအဆုံး ဂျွန့်မျက်နှာက တဖြည်းဖြည်းပြုံးလာသည်။ မေ့ရဲ့လက်ချောင်းသွယ်သွယ်လေးတွေကို ဆုပ်ကိုင်ဖျစ်ညှစ်ရင်း . .





"ကိုယ်လည်း မေနဲ့လုံးဝမခွဲနိုင်ဘူး"

ဟုလိုက်လိုက်လှဲလှဲပြောလိုက်မိသည်။ မေက သူ့ပုခုံးမှာ ခေါင်းလေးမှီရင်း တိုးတိုးလေးပြန်ပြောသည်။

"မခွဲနိုင်ဘူးလို့မပြောပါနဲ့ ဂျွန်ရယ်။ ဘယ်တော့မှမခွဲဘူးလို့ ပြောပါ . . မေ့ဘဝမှာ ဂျွန်ရယ်၊ ပြီးတော့ သီချင်းတွေရယ်၊ သူတို့မရှိရင် မဖြစ်ဘူးသိလား"

"တကယ်ဆို ကိုယ့်ဘဝမှာလည်း မေရှိမှ သီချင်းတွေဖြစ်လာမှာပါ . . ကိုယ့်စိတ်ကူးထဲမှာ ကိုယ်ဆိုမယ့်စီးရီးခေါင်းစဉ်က မဟူရာတဲ့"

ဂျွန့်စကားအဆုံး မေ့နှုတ်ခမ်းတွေက ပြုံးယောင်သမ်းသွားကြသည်။ တိတ်ဆိတ်အေးချမ်းသောပတ်ဝန်းကျင်သည် သာယာကြည်နူးမှုနှင့်အတူ လှပလို့နေသည်။

ချစ်သူဆိုတာ တစ်ယောက်နဲ့တစ်ယောက် ဖေးမကူညီရင်း နှစ်သိမ့်အားပေးရင်း ဘဝတစ်လျှောက်လုံး တွဲလက်တွေခိုင်မာဖို့ ယုံကြည် မြတ်နိုးခြင်းရယ်၊ လေးစားအားကိုးခြင်းနဲ့ ယှက်သွယ်ထားတဲ့ သံယောဇဉ်ကြိုးတစ်ချောင်းနှင့်သာ ချည်နှောင်ရန်လိုအပ်သည်လေ။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

သူနှင့် မေ အေးအေးဆေးဆေးချိန်းတွေ့နေသည့်အချိန်တွင် ဂျူလိုင်က ဂစ်တာတီးရင်း ကားပေါ်တွင် ကျန်နေခဲ့သည်။ တစ်ခါတစ်လေလည်း သမ္မာကျမ်းစာအုပ်တစ်အုပ်နှင့် တိတ်တဆိတ်ရှိနေတတ်သည်။

"ဘယ်လိုလဲ ဂျူလိုင်၊ ပျင်းနေပြီလား"

သူ့စကားအဆုံး ဂျူလိုင်ကပြုံးရင်း ခေါင်းခါပြသည်။ ထို့နောက် သူထင်မှတ်မထားသောမေးခွန်းကို ထမေးလိုက်လေသည်။

"မင်း . . မဟူရာ့ကို ဘာလို့ပုံစံပြောင်းခိုင်းရတာလဲ"

ရုတ်တရက်မို့ သူကြောင်သွားသည်။

ရွှေပဒေသာစာပေ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဂျူလိုင်သည် မေ့ကို မဟူရာဟု ခွဲခွဲခြားခြားခေါ်ခြင်းကို ဘာရယ်ကြောင့်မသိ၊ မနှစ်မြို့ချေ။

ပိုပြီးစိတ်တိုင်းမကျမိသည်က. . မေသည် မဟူရာဆိုသော နာမည်ကိုအလွန်သဘောကျနေခြင်းပင်။

"မင်းဘာကိုဆိုလိုတာလဲ ဂျူလိုင်"

"မဟူရာက အရင်ကနဲ့မတူတော့လို့ပါ။ သူကြည့်ရတာ လွတ်လပ်ပေါ့ပါးမှုမရှိသလိုပဲ၊ အဝတ်အစားကအစ မိန်းမဆန်ပြီး အရမ်းကိုသိမ်မွေ့နေတာလေ"

"အဲဒါမကောင်းဘူးလား"

"မင်းပဲ အရင်က ပုံစံကိုသဘောကျခဲ့ပြီးတော့"

ဂျူလိုင့်စကားအဆုံး သူဘာမှပြန်မပြောဘဲ နှုတ်ဆိတ်နေမိသည်။ အရင်တုန်းက မေ့ကို ပန့်(ခ်)စတိုင်လ်လေးနှင့် ထူးထူးခြားခြား ဆွဲဆောင်မှုရှိလို့ စိတ်ဝင်စားခဲ့မိခြင်းဖြစ်သည်။ ယခုတော့ မေ့ကို သူတစ်ယောက်တည်းသာ စိတ်ဝင်စားချင်သည်။ မေ့ကို တခြားလူတွေ အာရုံစိုက်မိသွားမှာ အရမ်းကြောက်နေမိတော့သည်။

ထိုအကြောင်းကို သူ ဝန်မခံချင်ပါ။ အထူးသဖြင့် ဂျူလိုင်ကို သူငယ်ချင်းအချင်းချင်းပေမယ့် ကိုယ်သဝန်တိုတာ ဖွင့်ပြောရမှာ ရှက်



BURMESE CLASSIC .com



နေမိ၏။

"ငြိမ်လှချည်လေး ဂျွန်၊ ဘာတွေစဉ်းစားနေတာလဲ"

"ဘာမှမဟုတ်ပါဘူး"

သူ့စကားကြောင့် ဂျူလိုင်က ရယ်သည်။

"ငါပြောတာ မင်းအတွက် စိတ်အနှောင့်အယှက်ဖြစ်သွားရင် တောင်းပန်ပါတယ် ဂျွန်။ တကယ်တော့ တကယ်ချစ်မိလာရင် သဘောထားသေးသိမ်တာတွေ၊ သဝန်တိုတာတွေက မလွှဲမသွေဖြစ်လာတတ်တယ်တဲ့"

သူ့ရင်ထဲမှာ ဘာဖြစ်နေတယ်ဆိုတာ တပ်အပ်ထွင်းဖောက်သိမြင်နိုင်စွမ်းသောဂျူလိုင်ကို သူတကယ်အံ့သြလေးစားသွားရသည်။ ပြီးတော့ ရှက်ရွံ့သလိုလည်းဖြစ်သွားမိတာမို့ ဆံပင်တွေထဲ လက်ထိုးထည့်ရင်း ခပ်တိုးတိုးခေါင်းငုံ့ရယ်နေလိုက်မိသည်။

❧ ❧ ❧



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

ခုတစ်လော မေမေက ဌာန်ကို တစ်ချက်တစ်ချက်အကဲခတ် သလိုကြည့်နေတတ်တာ သတိထားမိခဲ့သည်။ အစကတော့ မေနဲ့ကိစ္စကို မေမေ တစ်စွန်းတစ်စရိပ်မိနေတာများလားဟု ထင်နေခဲ့သော်လည်း တစ်ရက်တွင် သူ အပြင်မှပြန်အလာ၊ မေမေသည် သူ့အခန်းထဲတွင် တစ်စုံတစ်ခုကိုတွေ့လိုတွေ့ငြားနှင့် ဟိုရှာသည်ရှာလုပ်နေသည်ကို တွေ့ လိုက်ရလေတော့သည်။

ပထမတော့ သူ ဝေးကြောင်ပြီး ရပ်ကြည့်နေခဲ့မိသည်။ ခြင်း ထဲတွင် လုံးထွေးပစ်ထားသော သူ အိမ်နေရင်း တီရှပ်အနီရောင်လေး



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကိုယူပြီး နမ်းကြည့်နေစဉ်မှာတော့ သူ့ရင်ထဲ တဒိတ်ဒိတ်ခုန်နေမိသည်။

မေမေက စိတ်ပျက်လက်ပျက်ပုံစံနှင့် ခေါင်းရမ်းပြီး အင်္ကျီကို အပြန်ပြန်အလှန်လှန်နမ်းကြည့်သည်။

ဩန်အာခေါင်တွေခြောက်လာသည်။ တံတွေးကိုအလျင်အမြန်မျိုချရင်း မေမေ့ကိုလှမ်းခေါ်ဖို့ပြင်လိုက်ပေမယ့် အသံက ထွက်မလာဘဲ လည်ချောင်းထဲ တစ်ခုခုကျပ်ခဲဆို့နှင့်နေသလို ခံစားလိုက်ရ၏။

သံသယမကင်းသော်လည်း ဘာမှရှာမတွေ့သည့်ပုံစံနှင့် သက်ပြင်းချရင်း မေမေအခန်းထဲကထွက်သွားတော့မှ သူ လေှကားအကွယ်မှထွက်ပြီး ဘာမှမသိသည့်ပုံစံနှင့် အခန်းထဲကိုဝင်ခဲ့သည်။

အရင်အတိုင်း သူ့အခန်းက မွှေးရနံ့တစ်မျိုးနှင့် သင်းပျံ့လန်းဆတ်နေသည်။ မေမေ မသင်္ကာလောက်စရာ၊ ဒါမှမဟုတ် စွပ်စွဲလောက်စရာ ဘာအငွေ့အသက်မှမရှိ။ မနေ့ကတင် toilet ထဲ ခြင်ဆေးတွေရော တခြားအနံ့ပြင်းပြင်းဆေးတွေပါ လျှောက်ဖျန်းထားတာမို့ ဘာအနံ့မှ စွဲမြဲမနေနိုင်။ စီးကရက်တိုတွေ ပြာစတွေဆိုတာ အိမ်သာအိုးထဲပစ်ထည့်ပြီး ရေဆွဲချလိုက်တာနှင့်ကိစ္စပြီးသည်။

မပြီးတာက ည,ည ချောင်းဆိုးနေသည့်ကိစ္စ၊ မနက်ဆိုလျှင် ချောင်းဆိုးရင်းလန့်နိုးပြီး တော်တော်နှင့်ပြန်အိပ်မရတော့၊ ညရောက်





လို့ တစ်အိမ်လုံးတိတ်ဆိတ်နေပြီဆိုလျှင် လည်ချောင်းထဲက အသည်းအသန်ယားပြီး ချောင်းဆိုးချင်လာသည်မှာ ဘယ်လိုမှထိန်းလို့မရချေ။

တော်သေးရဲ့။ သူ့စားပွဲအံဆွဲကို သော့ခတ်ထားခဲ့မိပေလို့၊ အဲဒီအထဲမှာ ဂျူလိုင်စိတ်နာပြီး ထားပစ်ခဲ့တဲ့ ငွေရောင်မီးခြစ်လေးနှင့် သူဝယ်ထားသောစီးကရက်ဘူးတွေ ရှိနေသည်။

သူချောင်းတွေဆိုးနေတာ ဂျူလိုင်လည်း မရိပ်မိ။ မေမေကသာ နေရောညရော အရိပ်လိုလိုက်ကြည့်နေသောကြောင့် သိသွားခြင်းပင်ဖြစ်သည်။ တစ်ခါ မေ့ရှေ့မှာ ချောင်းဆိုးမိသောအခါက မေက သူ့အိတ်ကထဲမှ စထရပ်ဆေး(လ်)ငုံဆေးပြားလေး ထုတ်ပေးဖူးသည်။

သူ အမှတ်တရသိမ်းထားလိုက်သည်။ မေ့ရဲ့ဂရုစိုက်မှု ကြင်နာမှုကြောင့် ထိုနေ့က သူချောင်းဆိုးရတာကို အကျေနပ်မိဆုံးပင်။

ဂျူလိုင်သာသိလျှင် သူ့ကိုအရူးဟု ပြောလိမ့်မည်ထင်သည်။ ထို့ပြင် သူ စီးကရက်ကို စွဲစွဲမြဲမြဲသောက်တတ်နေခြင်းကို ထိတ်လန့်အံ့ဩသွားမည်လားမဆိုနိုင်။

ဘာပဲဖြစ်ဖြစ် ဘယ်သူမှမသိအောင် ခိုးဖွာက်လုပ်ရတာ အလွန်ပျော်စရာကောင်းလှသည်ဟု တွေးလိုက်မိသည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

"ထွန်း ပြောနေတာကြားရဲ့လား"

ရင်ဘက်ထဲကနေ လည်ချောင်းတစ်လျှောက် တလိပ်လိပ်တက်လာသော ချောင်းဆိုးချင်စိတ်ကို ကြိတ်မှိတ်မျိုချရင်း သူခေါင်းညိတ်ပြလိုက်တဲ့အထိ မေက မကျေနပ်သေး။

"သွားမှာလား၊ မသွားဘူးလား ရှင်းရှင်းပြောစမ်းပါ ထွန်းရာ။ မေက ချယ်ရီတို့နဲ့တောင်မလိုက်ဘဲ တမင်နေရစ်ခဲ့တာ"

"အင်းပါ.. မေသွားချင်ရင် အဟွတ်.. ဟွတ်.. ကိုယ်လိုက်ပို့ပေးပါ့မယ်.. အဟွတ်.. ဟွတ်.. အဟွတ်"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှမအောင့်နိုင်တဲ့အဆုံး ချောင်းတွေ အဆက်မပြတ်ဆိုးလိုက်မိတော့ မေ မျက်နှာပျက်သွားသည်။ မျက်မှောင်လေးကြုတ်ပြီး သူ့ဘက်ကိုသေသေချာချာငဲ့စောင်းကြည့်တော့ သူမနေတတ်သလို မျက်နှာလေး ရဲသွားရသည်။

"ဂျွန် ချောင်းတွေအရမ်းဆိုးတာပဲ၊ နေမကောင်းဘူးလား"

ဂျွန့်မျက်လုံးတွေက အရင်လိုမဟုတ်ဘဲ၊ ညိုလဲ့ မှိန်ဖျော့နေသယောင်ထင်ရသည်။ မိန်းကလေးတစ်ယောက်လို ဝင်းမွတ်သန့်စင်တဲ့ ဂျွန့်မျက်နှာက ရင့်သွားသလိုလို၊ ခပ်ရဲရဲစိုလက်နေတဲ့နှုတ်ခမ်းတွေကလည်း မွဲပြာပြာခြောက်သွေ့နေသလိုလို။

မေ့စိတ်က ထင်လို့ပဲလားမသိ။ ဂျွန့်မျက်နှာက ပြောင်းလဲနေသည်။ မေ အသေအချာစိုက်ကြည့်တော့ ဂျွန်က ရယ်ရင်း..

"ကိုယ်ဘာမှမဖြစ်ပါဘူးမေရဲ့၊ ဘာလို့ သေသေချာချာကြည့်နေတာလဲ"

ဟုမေးလေသည်။ မေ ခေါင်းကိုဖြည်းညင်းစွာ ခါယမ်းလိုက်သည်၊

"ဂျွန့်ကိုကြည့်ရတာ တစ်မျိုးပဲ"

မေ့စကားအဆုံး သူမျက်နှာပျက်သွားပေမယ့် ဘာမှမဖြစ်သလို





ပြုံးကာ ကျောပိုးအိတ်ထဲမှ ချွင်းဂန်းဘူးလေးကိုထုတ်နေသည်။

အပေါ်က စက္ကူလေးဖယ်ပြီး ငွေရောင်စက္ကူလေးကိုခွာတဲ့ ဂျွန့်လက်တွေက မသိမသာလေးတုန်နေသည်။

"မေ စားမလားဟင်"

"ဟင့်အင်း၊ မစားချင်ဘူး။ ခုတလော.. ဘာဖြစ်လို့ ချွင်းဂန်းတွေ အရမ်းစားနေတာလဲ။ ချောင်းဆိုးနေတဲ့ဟာကို"

ဂျွန်က သူမစကားကိုမကြားသလို ချွင်းဂန်းကိုခပ်ဖြည်းဖြည်းဝါးရင်း ငြိမ်သက်နေသည်။ ခဏကြာမှ..

"ဘာရယ်တော့မဟုတ်ပါဘူး။ ပျင်းတဲ့အခါ ဒီလိုပဲ"

"မဟုတ်သေးပါဘူး။ ဂျွန် အရင်က ဒါတွေ တစ်ခါမှ စိတ်လိုလက်ရမဝါးဘဲ ခုမှ ဘာစိတ်ကူးပေါက်နေတာလဲ"

"ပျင်းလို့ပါဆို"

"ပျင်းရင် ဂစ်တာတီးလို့ရတယ်၊ သီချင်းဆိုလို့ရနေတာပဲဟာ။ အဲဒါတွေစားရင် ရင်ကြပ်တတ်တယ်"

လူကြီးလေးလို ခပ်မာမာအော်ပစ်လိုက်တော့ ဂျွန်က အံ့အားသင့်သွားတဲ့ပုံစံနဲ့ လှည့်ကြည့်သည်။

"ဟာ.. ကြောက်နေရပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဌာန်နေ ဲ့ . . အကောင်းပြောနေတာကို မစနဲ့"

"မေစားတဲ့နေကြာစေ့တွေကရော တည့်လို့လား။ သွေးပေါင်ကျတယ်၊ အချဉ်ထုပ်တွေကလည်း ဗိုက်အောင့်တာပဲ"

"မသိဘူးကွာ . . မေစားတာ ဘာမှမဖြစ်ဘူး။ ဘယ်တုန်းက ဌာန့်ရှေ့မှာ ဗိုက်အောင့်ပြလို့လဲ၊ မစားနဲ့ . . အဲဒီချွင်းဂန်း အခု ထုတ်"

ဌာန်က ကိုယ်ကိုနောက်ယို့ရင်း ပါးစပ်ထဲက ချွင်းဂန်းကို ပူ ပေါင်းအကြီးကြီး ရအောင်မှုတ်ပြသည်။

"ထုတ်ပစ်လိုက်ပါဆို"

"ခဏလေး . . ဒီ့ထက်ကြီးတဲ့ပူဖောင်းရအောင် လုပ်ပြမယ်"

ဌာန်က ချွင်းဂန်းကို တစ်ချက်နှစ်ချက်ဝါးပြီး နောက်ထပ်ပူ ဖောင်းတစ်လုံး ထပ်မှုတ်သည်။ တဖြည်းဖြည်းပါးလှပ်ပြီး အကြီးကြီး ဖြစ်လာသောပူဖောင်းကိုကြည့်ပြီး ရယ်လည်းရယ်ချင်၊ ဒေါသလည်းထွက် လာသည်။

ဌာန်က ပါးစပ်က မပြောအားတော့ ပူဖောင်းကိုလက်ညှိုးနဲ့ထိုး ပြပြီး ဘယ်လိုလဲဟူသောပုံစံနှင့် မျက်ခုံးပင့်ပြသည်။ မေ, ပူဖောင်းကို လက်နှင့်ပိတ်ရိုက်ပစ်လိုက်သည်။





"ဒီလောက်ဖြစ်နေတာ . . ကဲ"

"ဟာ!"

"ဟား . . ဟား . . ခုမှမိုက်သွားတာ၊ ခစ် . . ခစ်"

နှုတ်ခမ်းတစ်ဝိုက် ပေကျံကပ်ငြိသွားတဲ့ ချွင်းဂန်းတွေကို ဌာန် က စိတ်ပျက်လက်ပျက်နှင့် ခက်ခက်ခဲခဲပြန်ခွာသည်။

မေက ဌာန့်ပုံစံကိုကြည့်ပြီး အူနှိပ်ရယ်သည်။

တော်တော်နှင့်ခွာမရတဲ့အဆုံး ကားဒက်(ရှ်)ဘုတ်ပေါ်မှာ တင် ထားတဲ့ စန္ဒီးတာဝါယူပြီး ပွတ်ပစ်ရသည်။

"သူများကိုဒုက္ခပေးရတာ တော်တော်ပျော်တယ်ပေါ့။ တွေ့ မယ် . . ဒီတစ်ခါ မေ့အလှည့်ပဲ"

ဌာန်က ချစ်ဖို့ကောင်းလောက်အောင် ကြိမ်းမောင်းလိုက်တာမို့ မေ ပိုပြီးသဘောကျသွားသည်။

ဌာန်က နှုတ်ခမ်းပေါ်မှာ လက်ဝါးလေးအုပ်ကာပြီး ရယ်နေတဲ့ မေ့ကိုစိုက်ကြည့်ပြီး မချိုမချဉ်ပြုံးသည်။

"ရယ်လွန်းရင် ငိုရတတ်တယ်"

ပြောပြီးပြီးချင်း ဌာန့်လက်က မှန်တံခါးတင်တဲ့ခလုပ်ဆီရောက် သွားတာမို့ မေက မျက်လုံးလေးပြူးရင်း . .



www.burmeseclassic.com

www.burmeseclassic.com



"ဟင်! ဘာလုပ်တာလဲ၊ ဒီလောက်အိုက်နေတာကို"

သူမစကားမဆုံးခင် ဌှန်က ပြန်လှည့်လာပြီး . .

"ဘာလို့ပိတ်တာလဲ . . သိချင်လား။ ခဏမျက်လုံးမှိတ်ထား"

ဟုခပ်တိုးတိုးကပ်ပြောသည်။ မေအထိတ်တလန့်လေး နောက်ဆုတ်သွားသည်။

"ဌှန်နော်"

မျက်နှာနားတရွေ့ရွေ့တိုးကပ်လာတဲ့ ဌှန့်မျက်လုံးတွေက စူးလက်တောက်ပပေမယ့် သူ့နှုတ်ခမ်းတွေက ပြုံးမနေခဲ့ချေ။

ဌှန့်ထံမှ အသက်ရှူသံခပ်ပြင်းပြင်းကြောင့် မေအထိတ်တလန့် မျက်လုံးမှိတ်ပစ်လိုက်မိသည့်ခဏ၌ ပူနွေး ရှိန်းမြသော ချွင်းဂန်းအနံ့ကို ပြင်းပြင်းပြုပြုရလိုက်မိလေသည်။

ထိုနေ့က မေအလွန်ကြိုက်သော လိုက်(ဖ်)ရှိုးပွဲ သွားကြည့်ရန် နှစ်ယောက်လုံး မေ့လျော့နေခဲ့မိ၏။

ဏှ ဏှ ဏှ



## အခန်း (၂၁)

ဂျူလိုင်ရောက်လာချိန်တွင် သူ အလွန်ကြီးကျယ်ခန်းနားသော အိပ်မက်တစ်ခုကို မက်ပြီးစဖြစ်နေသည်။

"ဌှန့်၊ မင်း အခုမှ အိပ်ရာက နိုးတာလား"

သူ ကုတင်စွန်းမှာ ဂျူလိုင်ဝင်ထိုင်ပြီးသည့်အထိ သူ မျက်နှာကြက်ကို ငေးမောနေမိသည်။ ဂျူလိုင်က သူ့စားပွဲပေါ်မှစာအုပ်တွေကို ယူပြီး ဟိုလှန်သည်လှန်လျှောက်ကြည့်နေသည်။

"ဂျူလိုင်"

"ဟေ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ.. အခုပဲ အိပ်မက်,မက်လို့ပြီးသွားတာ"

သူ့စကားအဆုံး ဂျူလိုင်က နာရီကိုတစ်ချက်ငုံ့ကြည့်ပြီး တစ်စုံတစ်ခု ခပ်တိုးတိုးရေရွတ်သည်။

"မနက်ရှစ်နာရီလောက်မှမက်တဲ့အိပ်မက်ကို မင်း ဘယ်လို ထင်လို့လဲ။ အိပ်မက်ထဲမှာ ငါနဲ့မေ ဘုရားရှိခိုးကျောင်းတစ်ကျောင်းမှာ လက်ထပ်ကြတာကွ။ တစ်ခုရယ်စရာကောင်းတာက အဲဒီအိပ်မက်ထဲမှာ သမ္မာကျမ်းစာရွတ်နေတဲ့ Senier Paster က မင်းတဲ့။ ဟား.. ဟား.. ငါက မေ့မျက်နှာပေါ်က ဇာပဝါလေးလှပ်ပြီး နမ်းတာကပဲ ငါးမိနစ်လောက်ကြာတယ်တဲ့"

"တော်.. တော်.. အရူး ဖြစ်ချင်တာတွေ လျှောက်ပြောနေတယ်။ အိပ်မက်ကိုက အဓိပ္ပါယ်မကျတာ၊ မင်္ဂလာအခမ်းအနားမှာတောင် ငါးမိနစ်လောက် နမ်းနေတော့ သူ့အဖေကြီးက မင်းကို ခုံနဲ့ကောက်မပေါက်ဘူးလား"

"ဘယ်ပေါက်လို့ရမလဲ၊ အဲဒီအချိန်မှာ မေ့ကို သူ့အဖေကိုယ်တိုင် ငါ့လက်ထဲထည့်ပြီးပြီလေ.. ဟဲ.. ဟဲ"

တကယ့်ကို ပိုင်ပိုင်နိုင်နိုင်လေသံနှင့်ပြောလိုက်သောဂျွန့်စကားအဆုံး ဂျူလိုင်က နာခေါင်းရှုံ့သွားသည်။ သူကတော့ မေ့အနမ်း ပူပူနွေးနွေးကိုသာ တရှိုက်မက်မက်တမ်းတနေမိ၏။

"ဂျွန်.. ထကွာ၊ စိတ်ကူးယဉ်မနေနဲ့၊ နာရီကိုကြည့်ဦး"

"နာရီက မေ့မျက်နှာနဲ့တူလားဟင်"

"ဟာကွာ.. အူကြောင်ကြောင်နဲ့"

ဂျွန့်က သူ့စကားသူသဘောကျသွားပြီး တဟားဟားအော်ရယ်လေသည်။ ရယ်ရင်း ချောင်းတွေတဟွတ်ဟွတ်ဆိုးလာသောကြောင့် အိပ်ရာမှကမန်းကတန်းထပြီး ရေချိုးခန်းထဲဝင်သွား၏။ ခဏနေတော့ ဂျွန်ပြန်ထွက်လာသည်။ အသားဖြူသူမို့ ချောင်းဆိုးတာတောင် မျက်နှာက ရဲတွတ်သွားတာကိုကြည့်ပြီး ဂျူလိုင်က ပုခုံးတွန့်သည်။

"ဘာဖြစ်တာလဲ.. ဂျွန်"

"ညက အဲကွန်းမပိတ်မိဘူး.. အအေးမိတာထင်တယ်၊ နည်းနည်းအသက်ရှူကျပ်တယ်"

ဂျူလိုင်က 'ဆေးသောက်ဦး' ဟု ခပ်တိုးတိုးပြောပြီး ဂစ်တာကောက်ကိုင်သည်။ ခဏနေမှ ဂျွန့်ဘက်လှည့်လာပြီး...

"ကိုစောအယ် ဖုန်းဆက်တယ်ကွ။ သူ့ဆိုင်မှာ သီချင်းလာမဆိုတာ ကြာလို့တဲ့.. ဒီည သွားရအောင်"







www.burmeseclassic.com

www.burmeseclassic.com



ဂျူလိုင့်စကားအဆုံး သူ နှစ်နှစ်ခြိုက်ခြိုက်ပြုံးလိုက်မိသည်။

"အေး.. ငါတို့ Winter ကိုမရောက်တာ ကြာပြီ။ တကယ်တော့ အဲဒီဆိုင်လေးက ငါနဲ့မေ စပြီးဆုံခဲ့တဲ့နေရာကွ။ အတော်ပဲ၊ မေ့ကိုဖုန်းဆက်ရမယ်၊ သူလည်းလိုက်ချင်မှာ"

ဂျူလိုင်က ခေါင်းတစ်ချက်ညိတ်ပြရင်း ပြတင်းပေါက်ဆီကို လျှောက်သွားပြီး ခြံထဲကိုလှမ်းကြည့်နေသည်။

"မနေ့ညက မမနိုးဖုန်းဆက်တယ်၊ သိလား, ဂျူလိုင်"

ဩန့်စကားကြောင့် ဂျူလိုင်က စိတ်ဝင်တစားလှည့်ကြည့်လာသည်။

"ဘာပြောသေးလဲ"

"အစုံပဲ.. ဗိုင်နယ်ဖြေပြီးရင် UFL တတ်ဖို့လည်း ပါတယ်။ ဂျပန်စာကို အနည်းဆုံး Level 2 လောက် အောင်မှ အဆင်ပြေမယ်ဆိုတာရော စုံနေတာပဲ။ သီချင်းတစ်ခွေလောက် လုပ်ချင်တယ်ဆိုတော့ ဖြည်းဖြည်းပေါ့တဲ့၊ မေ့အကြောင်း သိပ်မမေးဘူး။ ငါက ပြောပြတော့ တကယ်အတည်ဖြစ်နေပြီလားတဲ့။ ငါက လက်ထပ်ဖို့ သေချာသလောက်ဖြစ်နေပြီလို့ပြောတော့ ဆဲနေသေးတယ်.. တော်တော်ညည်ရှယ်ချက်ကြီးပါလားတဲ့။





မင်းကိုမေးနေသေးတယ်"

ဩန့်ကပြောပြီး တစ်ယောက်တည်း သဘောကျစွာရယ်နေသည်။

"ဒါနဲ့ မေ့မွေးနေ့ကို.. ငါ Winter မှာပဲ သွားလုပ်ပေးရင်ကောင်းမလားလို့ စဉ်းစားနေတာ"

"မွေးနေ့က ဘယ်တော့မို့လို့လဲ"

"အင်း.. လိုပါသေးတယ်၊ ဒီဇင်ဘာလကျမှ"

နောက်ထပ်ခြောက်လလောက်မှ ရောက်လာမည့် ချစ်သူမွေးနေ့ကို ဝီရိယကောင်းနေသောဩန့်ကို သူ မအံ့သြမိတော့ချေ။

အချစ်ဆိုတာ ဒါမျိုးပါလားဟုသာ နားလည်လိုက်မိသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

နေရာတကာ အေးတိအေးစက်နိုင်ပြီး စိတ်ရှည်တတ်သော ချယ်ရီပင်လျှင် သူမလက်မှနာရီကို မကြာခဏငုံ့ကြည့်နေလေသည်။ ရွှန်းဝေက ဘာမှမမြင်ရတဲ့မှန်တံခါးဆီကို လှမ်းလှမ်းကြည့်ပြီး သက်ပြင်းချသည်။

"ခုနှစ်နာရီမထိုးခင် လာမယ်ဆိုပြီး ခုထိမလာသေးပါလား မေ ဒီအချိန်ကျမှတော့ . . မလာတော့ဘူးထင်တယ်"

မေ လက်မှငွေရောင်နာရီသေးသေးလေးကိုငုံ့ကြည့်ရင်း နှုတ်ခမ်းကို ခပ်ကြိတ်ကြိတ်ဖိကိုက်ထားလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ညရှစ်နာရီပင် ခွဲနေပြီ။ ဌွန်နှင့်ဂျူလိုင်က ခုထိ ရောက်မလာသေးချေ။

"မလာဖြစ်တော့ဘူးဆိုရင်လည်း ဖုန်းလေးဘာလေးဆက်ပေါ့ ခုတော့"

မေအံကြိတ်ထားရင်းက ငိုချတော့မယောင် မျက်ဝန်းတွေက နီရဲရဲစွတ်လာသည်။ မိန်းကလေးတွေတောင် ညဘက်ကြီးကို တကူးတက ထွက်လာခဲ့ပြီးမှ သူတို့ကရောက်မလာတာမို့ မေ ရှက်ရွံ့ဝမ်းနည်းရင်း ဒေါသလည်း တလိပ်လိပ်ထွက်လာသည်။

ယောကျ်ားဆိုတာမျိုးက မချစ်မိသေးခင်ကတစ်မျိုး၊ ချစ်ပြီးသွားရင်တစ်မျိုး၊ ရည်းစားဖြစ်ခါစကတော့ လူချင်းမတွေ့ရတာတောင် ဖုန်းဆက်ရမှ၊ ဘာမှအလုပ်မရှိလျှင် အီးမေးလ်ပို့ထားရတာနှင့် သည်းသည်းလှုပ်ပြနေပြီး ရည်းစားသက်တမ်းလေး မဆိုစလောက်ရင့်လာတာနှင့် ဂရုမစိုက်သလိုဖြစ်ကုန်တော့သည်။

မေကိုက မှားတာပါ။ အစကတည်းက သူ့ကိုစချစ်မိတော့ သူများတကာတွေလို ချစ်ရဲ့သားနှင့် မူမနေချင်တာကြောင့် ရိုးသားပွင့်လင်းစွာ ပြန်ချစ်ခဲ့တောတွေက ကိုယ့်ဘက်ရှုံးဖို့ချည်းဖြစ်လာရသည်။

ဝမ်းနည်း စိတ်ထိခိုက်လောက်စရာ ဟုတ်သည်မဟုတ်သည်





အသာထား၊ မေ့ရင်ထဲမှာတော့ ဝမ်းနည်းကြေကွဲစိတ်နှင့် တမြေ့မြေ့ ကျွမ်းခြစ်တောက်လောင်နေရသည်။ ဖြူလွလွအခန်းနံရံတွေကို ငေးစိုက်ကြည့်ရင်း ခေါင်းအငုံ့မှာ မျက်ရည်တစ်စက်က မလိုအပ်ဘဲ စားပွဲခင်း ဖြူဖြူလေးပေါ် ပြုတ်ကျ စိုစွတ်သွားလေတော့သည်။

"ပြန်ကျစို့ဟာ"

ရှိုက်သံမထွက်အောင် ထိမ်းလိုက်ပေမယ့် ထိုစကားလုံးတွေက ဒေါသဖြစ်ခြင်း ကြေကွဲခြင်းတို့ စုရုံးကာ ဗလုံးဗထွေးဖြစ်နေသည်။ ရွှန်းဝေနှင့်ချယ်ရီက အလိုက်တသိပင် ထိုင်ခုံမှထရပ်လိုက်ကြသည်။

"သူ့အကြောင်း တစ်ခုခုရှိလို့ဖြစ်မှာပါမေရာ၊ ဒါ တမင်လုပ်တာမှမဟုတ်တာ"

ချယ်ရီက ပြေရာပြေကြောင်း ဝင်ပြောပေမယ့် မေက ခေါင်းလည်းမညိတ်၊ ခေါင်းလည်းမခါဘဲ အံကိုသာ ခပ်တင်းတင်းကြိတ်ထားသည်။ ကော့ရှန်းသောမျက်တောင်နက်များပေါ်တွင် မျက်ရည်စတို့က နှင်းငွေ့များလို ရီဝေအုံ့ဆိုင်းစွာ တွဲခိုနေလေသည်။

ပထမဆုံးအကြိမ် ဌွန့်ကိုတွေ့လိုတွေ့ငြားလာခဲ့စဉ်က ဒေါသဖြစ်ခြင်းနှင့် ယခုတစ်ကြိမ်ဒေါသဖြစ်ခြင်းက ဘာမျှတူညီသက်ဆိုင်ခြင်း မရှိတော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို ဒီလိုအချိန်မှာ မေ မျှော်နေမယ်ဆိုတာ သူသိရက်နဲ့...။

ဣ ဣ ဣ



## အခန်း (၂၃)

တစ်ချက်တစ်ချက် သိုးသိုးသန့်သန့်ထွက်လာသောဆေးနံ့က အသက်ရှူချင်စိတ်မရှိတော့အောင် ပြင်းရှလှသည်။ ဆေးခန်းနံရံဖြူဖြူကိုငေးကြည့်နေရင်းမှ စိတ်က တစ်နေရာသို့ရောက်နေသည်။

နာရီကိုငုံ့ကြည့်တော့ ညရှစ်နာရီခွဲဖို့ ဆယ်မိနစ်သာလိုတော့သည်။ ဒါဆို သူတို့ ဆေးခန်းကိုရောက်တာ နှစ်နာရီနီးပါးရှိနေပြီပေါ့။

ဂျူလိုင် သက်ပြင်းတစ်ခုကိုလေးတွဲ့စွာချရင်း အထူးကုဆေးခန်းအတွင်းဘက်မှန်တံခါးဆီသို့ စိတ်လှုပ်ရှားစွာ လှမ်းကြည့်လိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွီခနဲမြည်သံနှင့်အတူ တံခါးပွင့်လာသည်။

သူထိုင်နေရာမှ စိတ်လှုပ်ရှားစွာ ထရပ်လိုက်မိသည်။ မျက်မှန်ခပ်ထူထူတပ်ထားသော ဝဝဖိုင့်ဖိုင့်ဆရာဝန်ကြီးက ဘေးမှနာ့စ်မလေးကို ဇာစ်စုံတစ်ရာပြောရင်း သူ့ထံသို့ ခပ်သုတ်သုတ်လျှောက်လာသည်။

"ဒေါက်တာ.. သူဘယ်လိုနေသေးလဲ"

"လူနာရှင်လား"

"ဟုတ်ကဲ့"

"ခဏလိုက်ခဲ့ပါ"

ဆရာဝန်က ထိုမျှသာပြောပြီး သူ့ရှေ့မှ ဆက်လျှောက်သွားသည်။ သူ ဇဝေဇဝါနှင့် ခဏရပ်နေမိပြီးမှ သတိဝင်ကာ ဆရာဝန်ကြီးနောက် အပြေးအလွှားလိုက်သွားမိသည်။

သူဝင်သွားတော့ ဆရာဝန်ကြီးက ဖွင့်လက်စဖိုင်တစ်ခုကိုပိတ်ပြီး သူ့ကိုမော့ကြည့်၏။

"ထိုင်ပါ"

သူ ခုံမှာဖြည်းညင်းစွာ ဝင်ထိုင်လိုက်မိသည်။ ဆရာဝန်ကြီး၏ သေးငယ်စူးရှသောမျက်လုံးက သူ့ထံသို့ စူးစိုက်ကျရောက်လာသလို ခံစားလိုက်ရသည်။





ဘုရားသခင်... ဒွန် ဘာမှမဖြစ်ပါစေနဲ့။

"လူနာနဲ့ ဘာတော်သလဲ"

"သူငယ်ချင်းပါ.. ဒါပေမဲ့ ညီအစ်ကိုလိုပဲ ရင်းနှီးပါတယ်"

"သူ ဘယ်လိုစဖြစ်တာလဲ၊ ပြောပါဦး"

သူ သက်ပြင်းတစ်ချက်ရှိုက်လိုက်မိသည်။ ဒွန် ဘာက ဘယ်လို စဖြစ်တာလဲလို့ သူကိုယ်တိုင်လည်း သိချင်နေမိ၏။

"ညနေက သူ့ဆီကိုကျွန်တော်ရောက်သွားတော့ နေမကောင်းတဲ့လက္ခဏာ ဘာမှမတွေ့ရဘူး။ ဒီလိုပုံမှန်ပဲ၊ သူ့ပုံစံကလည်း နေမကောင်းတဲ့လူ့ပုံစံမဟုတ်ဘူး။ ညနေခြောက်နာရီခွဲလောက် အိမ်ကထွက်လာတော့လည်း ဒီလိုပဲ.. ကားပေါ်ရောက်ပြီး အင်း.. သူကားမောင်းတာ ငါးမိနစ်လောက်နေတော့ သူ ကားကို ရုတ်တရက်ထိုးရပ်လိုက်တယ်။ ကျွန်တော်က ကားတစ်ခုခုဖြစ်ပြီထင်တာ။ အဲဒီမှာ စတာပဲ၊ သူ ခြေတွေ လက်တွေ ဘယ်လိုဖြစ်မှန်းမသိဘူးတဲ့၊ ခါးထဲကလည်း အောင့်တယ်ဆိုတော့"

သူစကားမဆုံးခင် ဆရာဝန်ကြီးက လက်ကာပြသည်။ ခေါင်းတချက်ညိတ်ရင်း..



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ..ဒါဆို ဆရာမေးမယ်၊ သူ ခုတစ်လော ချောင်းဆိုးတာ မြင်မိသလား"

"ဗျာ! ချောင်းဆိုးတာ..ဟုတ်ကဲ့ သူ မကြာခဏ ချောင်းဆိုးတတ်ပါတယ်။ ယယ်ယယ်ကတည်းက သူ အအေးမိရင်းပဲဖြစ်ဖြစ် အစားမှားရင်ပဲဖြစ်ဖြစ် ဆိုးတာပါ၊ ဒါပေမဲ့ တစ်ခါမှ ပြင်းပြင်းထန်ထန်တော့ မဟုတ်ပါဘူး။ ဒီနေ့မှ"

သူဆက်မပြောဘဲ ဆရာဝန်ကြီး၏မျက်နှာကို တစ်ချက်မော့ကြည့်လိုက်သည်။ 'ငါမောသလိုပဲ' လို့ပြောပြီး ချောင်းတစ်ချက်အဟပ်မှာ နှုတ်ခမ်းထောင့်စွန်းက ပွက်ခနဲကျလာတဲ့ သွေးစက်တွေကို ဌါန်မမြင်အောင် တစ်ရှူးပေပါနဲ့သုတ်ခဲ့ရတဲ့လက်ကို အထိတ်တလန့်ငုံ့ကြည့်လိုက်မိသည်။ ခေါင်းကိုတစ်ချက်ချင်း ဖြည်းလေးစွာ ညိတ်နေတဲ့ဆရာဝန်ကြီးမျက်နှာက စိတ်ရှုပ်ထွေးညစ်ညူးခြင်းတို့ပြည့်နှက်ကာ ခေါင်းကိုတယ်ပြန်ညာပြန်ခါရမ်းပြန်လေသည်။ နောက်ထပ်မေးခွန်းတစ်ခုကဲ့အမေးမှာ သူ့အသံက လိုအပ်တာထက် ပိုကျယ်နေပြန်သည်။

"သူ ဆေးလိပ်သောက်တတ်သလား။ စီးကရက်သောက်လား"

"ဗျာ!"

သူ့တစ်ကိုယ်လုံး ခုတ်လိုက်ခံရသလို ထုံကျင် အောင့်သက်





သွားရ၏။ ညီအစ်ကိုလိုရင်းနှီးပါတယ်ဆိုပြီးမှ ကျွန်တော်မသိဘူးဟုဖြေရမှာ ဝန်လေးတွန့်ဆုတ်နေမိသည်။

"စီးကရက်သောက်တာတော့ မတွေ့ဖူးဘူး ဒေါက်တာ၊ ဒါပေမဲ့.."

ဘယ်သူမှမသိအောင် ခိုးသောက်နေတာလည်း ဖြစ်နိုင်တာပဲဆိုတဲ့စကားကို သူ ဘာကြောင့် ပြောမထွက်ခဲ့ရပါလိမ့်။ ဆရာဝန်ကြီးက တစ်စုံတစ်ခုကိုအလေးအနက်စဉ်းစားသလို မျက်ခုံးတွေကို တွန့်ချိုးချထားသည်။

"ပုံမှန်ချောင်းဆိုးတာမျိုး ဆက်တိုက်ဖြစ်ပြီး တစ်ပတ်ကျော်ရင် သွေးစတွေပါလာရင် ယေဘုယျအားဖြင့် တီဘီလို့ပြောလို့ရတယ်။ အခုဟာက.."

"သူ..သူဘာဖြစ်တာလဲ..ဒေါက်တာ၊ တီဘီဆိုရင် ဆေးစားလို့ရတယ်မဟုတ်လား..အဲဒါပျောက်ပါတယ်နော်"

သူ့အစိုးရိမ်လွန်စွာ အထွန့်တက်လိုက်မိသည်။ ထိုစဉ် နာ့စ်မလေးက စက္ကူညိုအိတ်ကြီးတစ်အိတ်ကိုင်ရင်း အခန်းထဲဝင်လာသည်။ ထိုစက္ကူအိတ်ထဲမှ ဖလင်လိပ်ကြီးတစ်ခုကိုထုတ်ပြီး ဆရာဝန်ကြီးထံ လှမ်းပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ.. ခုန လူနာရဲ့ဓာတ်မှန်"

သူမစကားမဆုံးခင် ဆရာဝန်ကြီးက ဖလင်ကိုအလျင်အမြန် ဆွဲယူကြည့်သည်။ ပြီးမှ စိတ်ပျက်လက်ပျက်ပုံစံနှင့် ဖလင်ကို စားပွဲပေါ် ပြန်တင်ကာ..

"လူနာရဲ့အဆုတ်က လေတွေနဲ့မည်းနေတယ်။ ဒါပေမဲ့ ဆရာတို့ရှာနေတဲ့ တစ်သျှူးဆဲလ်တွေကိုတော့ မတွေ့ရဘူး။ မျက်စိနဲ့ကြည့်လို့မမြင်နိုင်တာလည်း ဖြစ်နိုင်တယ်"

"ဒေါက်တာဆိုလိုတာ.."

"သူ တီဘီဖြစ်တာမဟုတ်ဘူး"

"ဒါဆို သူဘာဖြစ်တာလဲဆရာ"

"အဆုတ်ကင်ဆာဖြစ်နိုင်တယ်"

"ဗျာ! "

သူတစ်ကိုယ်လုံး နေရာမှလွင့်စင်ထွက်သွားသလို ခံစားလိုက်ရသည်။ ဆောက်တည်ရာမဲ့ဖြစ်သွားသည်။ သူအသက်နှစ်ဆယ်ပဲရှိသေးတယ် ဒေါက်တာ။ ဟင့်အင်း..အဲဒီလိုမဖြစ်စေရဘူး။

"သေချာလို့လား ဒေါက်တာ"

တုန်ယင်လှိုက်ခါနေတဲ့ သူ့ရဲ့ဗလုံးဗထွေးစကားသံအဆုံး ဆရာ





ဝန်ကြီးထံမှ သက်ပြင်းရှိုက်သံသဲ့သဲ့ထွက်လာသည်။ သူ့မေးခွန်းအတွက် စိတ်ပျက်ညစ်ညူးသွားခြင်းလား၊ ဖြေရခက်ခြင်းလား။

မဖြစ်ပါစေနဲ့။ ကျေးဇူးပြုပြီး မသေချာသေးဘူးလို့ ဖြေလိုက်ပါလား.. ဒေါက်တာ။

"Small cell cancer (ဆဲလ်သေးကင်ဆာ)လို့ ယူဆရတယ်၊ အဲဒီကင်ဆာဆဲလ်က အဆုတ်ထဲရောက်နေရင် ရှာရခက်တယ်၊ ဓာတ်မှန်မှာ မပေါ်နိုင်ဘူး။ တချို့ဆို ပြောင်းဖူးစေ့ပဲစေ့လောက်ရှိတဲ့အဖုလေးတွေဖြစ်နေတာ၊ Small cell cancer က အဝေးပြန့်ကင်ဆာမျိုးပဲ၊ သလိပ်စစ်ပြီးရင် ပိုသေချာသွားအောင် ဘိုင်အော့ (ပ်)စီ လုပ်ရလိမ့်မယ်"

ဆရာဝန်ကြီး၏စကားများက နီးသွားလိုက် ဝေးသွားလိုက်နှင့် သူ့နားထဲမှာ မကြားရတော့သလို အကျယ်ကြီးကြားရသလိုဖြစ်နေသည်။

"တစ်ခုရှင်နင့်စရာကောင်းတာက အဆုတ်ကင်ဆာကို တော်ရုံမတွေ့ဘဲ ဖြစ်နေတာမျိုး အသိနောက်ကျတာမျိုးပဲ"

"ဒါပေမဲ့ ကုလို့ရတာယ်မဟုတ်လား ဒေါက်တာ"

ဆရာဝန်ကြီးက ခပ်လျှောလျှောပြုတ်ကျနေတဲ့ နှာခေါင်းရိုးပေါ်က မျက်မှန်ကိုပင့်တင်ပြီး သူ့ကိုစိုက်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အကောင်းဆုံးကုသနည်းကတော့ ကာကွယ်ခြင်းပဲရှိတယ်။ စီးကရက်မှာ ကာစီနိုဂျင် အများဆုံးပါတယ်၊ အဆုတ်ကင်ဆာအတွက် အကောင်းဆုံးကုသနည်းကတော့ ကြိုပြီးကာကွယ်ထားတဲ့နည်းပဲ၊ စီးကရက်မသောက်ခဲ့ရင်ပေါ့"

"ဒါ . . ဒါဆို"

"ဆရာတို့အကောင်းဆုံးဖြစ်အောင် ကြိုးစားကြတာပေါ့။ ဦးနောက်ထဲထိ မပျံ့နေရင်ပိုကောင်းမယ်။ အင်းပေါ့လေ . . သွားကံပဲပေါ့"

ဆရာဝန်ကြီးစကားအဆုံး သူသက်ပြင်းချချင်ရက်နှင့် မချဖြစ်ဘဲ ရုတ်တရက်တောင့်မတ်ငြိမ်သက်သွားရသည်။

ဗျှန်, ပြီးတော့ သူ့အဖေနဲ့အမေ၊ သူ့အစ်မရယ်၊ သူ့ကိုသိပ်ချစ်တဲ့ မဟူရာ . . .

သူတို့ကို ဘယ်လိုဘာသာစကားမျိုးနဲ့ သူပြန်ပြောပြရမလဲ။ ခဏနေလို့ စမ်းသပ်ခန်းထဲက ထွက်လာတော့မယ့်ဗျှန့်ကိုရော ဘယ်လိုရင်ဆိုင်နှစ်သိမ့်ရမလဲ။

ကတုန်ကယင်ဖြစ်နေသောစိတ်သည် တုန်လှုပ် ချောက်ချားစွာ သည်းတွားအော်ဟစ်နေသည်။





မင်း အဆုတ်ကင်ဆာဖြစ်နေပြီလို့ပြောမယ့်အစား ငါအဆုတ်ကင်ဆာဖြစ်နေတယ်လို့ ပြောပစ်လိုက်ချင်သည်။

ဗျှန်း . . မင်း ဘာလို့ကံဆိုးရတာလဲကွာ။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

အံ့သြဖွယ်ဆိုခြင်းထက် တုန်လှုပ်ချောက်ချားစရာကိစ္စကို ကြားလိုက်ရသူတစ်ယောက်အတွက် ဘယ်လိုခံစားရလေမလဲဟူသော တွေဝေစိတ်ကြောင့် သူဘာပြောရမှန်းမသိဘဲ အံကိုသာတင်းတင်းကြိတ်ထားမိသည်။ တော်တော်လေးကြာမှ . .

"စိတ်မပူနဲ့ဂျွန်၊ မင်း ငါ့အိမ်မှာ အိပ်မယ့်အကြောင်း အန်တီ့ကိုဖုန်းဆက်ထားတယ်"

ဟုခပ်တိုးတိုးပြောလိုက်မိသည်။ ကားပေါ်မှာ ငြိမ်သက် မိန်းမောစွာ လိုက်ပါလာတဲ့ဂျွန်က သူ့ကို ယခုထိဘာမှမမေးသေး။ မေးချင်စိတ်



www.burmeseclassic.com

www.burmeseclassic.com



မရှိတာလား။ မေးစရာမလိုလောက်အောင် သူ့အခြေအနေ သူသိနေလားမပြောတတ်။

ထိုင်ခုံ ကုရှင်ကိုမှီရင်း ရှေ့တူရူကိုခပ်ငေးငေးကြည့်နေသည်။ သူတစ်ယောက်တည်းကြိတ်ပြီး သက်ပြင်းချလိုက်မိ၏။

ဆေးခန်းထဲက ထွက်လာကတည်းက သူ့ကို တစ်ခုခုအမေးမရမေးလိမ့်မည်ဟု ထင်ထားခဲ့သည်မှာ လုံးဝကိုမှားယွင်းနေတော့သည်။

"မေတော့ ငါ့ကိုစိတ်ဆိုးသွားမှာပဲ"

ကားစက်သံနှင့်ရောလျက် ထွက်ပေါ်လာသောဂျွန့်အသံကြောင့် သူ ဖျက်ခနဲလှည့်ကြည့်လိုက်မိသည်။

လက်စသတ်တော့ ဂျွန်က မေ့အကြောင်းတွေးပြီး ငိုင်နေတာကိုး။ စိတ်ကောက်နေတဲ့ချစ်သူကို ချော့ရတာလွယ်ပါတယ်ဂျွန်၊ မင်းကိုယ်မင်း နည်းနည်းမှစိတ်မပူတော့ဘူးလား။

အပြီးတိုင် ရက်စက်သွားတဲ့ကံကြမ္မာကိုသာ တောင်းပန်လို့မရနိုင်တာပါ။

"ဆရာဝန်က ဘာပြောသေးလဲ ဂျူလိုင်"

"ဟော!"

မထင်မှတ်ချိန်မှာ ရုတ်တရက် ထမေးလိုက်သောဂျွန့်အသံက





သူ့ကိုအသက်ရှူမှားသွားစေသည်။

"ကောင်းသွားမှာပါတဲ့၊ အခုဆေးထိုးပေးလိုက်တယ်မဟုတ်လား"

သူ့စကားအဆုံး ဂျွန်က သူ့ကိုကြောင်တောင်တောင်ပြန်ကြည့်သည်။ ပြီးမှ ခေါင်းကိုအသာခါရမ်းကာ . .

ဘယ်လောက်ဖြေရခက်လိုက်တဲ့မေးခွန်းပါလဲ။ အဆင်သင့်ရှိပြီးသားမေးခွန်းတစ်ခုကိုတောင် သူ ရှောရှောရှူရှူမဖြေနိုင်ခဲ့။ ပြောပြရမှာ ခက်လွန်းတယ် ဂျွန်။ ပြီးတော့ မင်းသိဖို့လည်း အချိန်စောလွန်းနေတယ်။

"ဂျူလိုင်"

ဂျွန့်အသံက တစ်ခုခုကိုသံသယစွက်နေသလို ဒေါသဖြစ်နေဟန်လည်းရှိ၏။ သူ အတတ်နိုင်ဆုံး ပေါ့ပေါ့ပါးပါးဖြစ်သွားအောင် ပြုံးလိုက်မိသည်။

"ခုမှ စိုးရိမ်နေတယ်၊ ဟုတ်လား . . ည,ည အအေးမိအောင် နေတော့ ဖြစ်တာပေါ့"

သူ့အသံက ခြောက်ကပ်ကာ အဆုံးသတ်တိမ်ဝင်သွားသည်။ အပြစ်တင်လိုဟန်ထက် ယူကြုံးမရဟန် ပိုပေါက်နေသလို။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်တာလဲ"

"ရင်ကျပ်တာတဲ့ . . အဆုတ် . . အအေးမိပြီး"

"မဖြစ်နိုင်တာ"

သူ့စကားမဆုံးခင် ဌွန်ရဲ့မာဆတ်ဆတ်ပြတ်တောင်းတောင်း အသံက ခပ်တိုးတိုးထွက်လာသည်။ သူတစ်စုံတစ်ရာပြောဖို့ အရှိန်ယူပြီး ဌွန့်မျက်နှာကိုလှမ်းကြည့်လိုက်သည်။

"အဆုတ်အအေးမိပြီး ရင်ကျပ်တာလောက်ကို ဆေးခန်းမှာ ဘာလို့ နှစ်နာရီကျော် သုံးနာရီနီးပါး ကြာရတာလဲ၊ ဆေးထိုးတာ ဆေးသောက်တာနဲ့ ပြီးရမယ့်ကိစ္စကို . . ဓာတ်မှန်ရိုက်တာတွေ ဟိုဟိုဒီဒီစစ်တာတွေက လိုလို့လား"

ဌွန့်အသံက စိတ်လှုပ်ရှားခြင်းကြောင့် အနိမ့်အမြင့်မညီညာစွာ လှုပ်ခတ်နေကြသည်။ မေးဟိုက်နွမ်းလျနေသည်။

"အဲဒါ မင်းတစ်ခုခုဖြစ်မှာစိုးလို့ စစ်ဆေးတာ"

"စစ်ဆေးတော့ ဘာတွေ့လဲ၊ ငါဘာဖြစ်တာလဲ"

"ဘာမှမဖြစ်ဘူး"

ဌွန့်မျက်လုံးတွေက သူ့အပေါ်စူးစိုက်ကျရောက်လာသည်။

"ဘာမှမဖြစ်ဘဲ ဆရာဝန်ရုံးခန်းထဲကို မင်းအကြာကြီးသွား





စကားပြောနေတာ ဘာအဓိပ္ပာယ်လဲ၊ မညာတတ်ဘဲ မညာ စမ်းပါနဲ့ ဂျူလိုင်"

ဌွန့်စကားကြောင့် သူ ထိတ်လန့်တုန်လှုပ်စွာ လှည့်ကြည့် လိုက်မိသည်။ သူတစ်ခုခုကိုရိပ်မိသွားမှာ အကြောက်ဆုံးပင်။

"ဒီမှာ ကြည့်လိုက်ဦး ဂျူလိုင်။ ဒါ ရိုးရိုးအဆုတ်အအေးမိတာ ဖြစ်နိုင်ရဲ့လား"

ဌွန်ဝတ်ထားသောတီရှပ်အဖြူစင်းပေါ်မှ ညိုညစ်ညစ်အကွက် တစ်ကွက်ကိုကြည့်ပြီး သူ အံ့သြ ဆွံ့အသွားခဲ့သည်။

"မဟုတ်ဘူး"

သူ ခေါင်းကိုတွင်တွင်ခါရမ်းလိုက်မိသည်။

"ရိုးရိုးချောင်းဆိုးရင်လည်း လည်းချောင်းကွဲပြီး သွေးပါနိုင်တယ် ဌွန် . . ဒါ"

ကြားဖူးနားဝရှိထားသောစကားတချို့နှင့် ဌွန်စိတ်သက်ရာရအောင် နှစ်သိမ့်လိုက်သည်။ ဌွန်က အေးစက်ထုံထိုင်းစွာ သူ့ကိုကြည့်ပြီး ခပ်ယဲ့ယဲ့ပြုံးသည်။ ထိုအပြုံးကြောင့် လိမ်ညာကွယ်ဝှက်ဖို့ ကြိုးစားနေသော သူ့ရင်ထဲမှအတွေးက ဖြုန်းခနဲ လှစ်ဟ ဖွင့်ကြည့်ခြင်းခံလိုက်ရသလို အထိတ်တလန့်ငုံ့လျှိုးသွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဘာဖြစ်တာလဲ ဂျူလိုင်"

သွားကြားထဲမှလားသောလေသံနှင့် ခပ်ကြိတ်ကြိတ်မေးလိုက်တဲ့ဂွျန့်လေသံက ဒါ နောက်ဆုံး စိတ်ရှည်သည်းခံပြီး မေးတာပဲလို့ထပ်ပြောလိုက်သလို။ ကားကို လမ်းဘေးမှာ ထိုးရပ်ပြီး စတီယာရင်ပေါ် မျက်နှာမှောက်ချလိုက်မိသည်။ အခြေအနေမှန်ကို မပြောဘဲထားခြင်းက ဂွျန့်ကို စိတ်ဒုက္ခများစွာဖြစ်စေမှန်း သူနားလည်လိုက်သည်။

ဘုရားသခင်. . ဂရုဏာထားတော်မူပါ။ ဘာကြောင့် ဝါကျတစ်ကြောင်းလောက်ကို အလွယ်တကူမရေရွတ်နိုင်ရတာလဲ။

သူဖြစ်ချင်တဲ့အဆိုတော်ဘဝ၊ သူချစ်တဲ့မိသားစု၊ ပြီးတော့ သူ့ချစ်သူ. . အားလုံးကို မကြာခင်စွန့်လွှတ်ဖို့ အဆင်သင့်ဖြစ်နေပါရဲ့လား. . ဂွျန်။

"မင်း. . အာ့ဆုတ်ကင်ဆာဖြစ်နေတာ"

စကားအဆုံး သူ့နားထဲမှ လေတွေ တဝူးဝူးထွက်သွားသလိုခံစားလိုက်ရသည်။ ဂွျန့်ထံမှ ထိတ်လန့်တုန်လှုပ်စွာ အော်ဟစ်ခြင်းအံ့ဩတကြီးရေရွတ်သံ၊ စိတ်ထိခိုက်စွာ ပေါက်ကွဲမှု ဘာတစ်ခုမှထွက်မလာခဲ့ချေ။

ဒါမသေချာသေးပါဘူး ဂွျန်၊ ဆရာဝန်ပြောပုံအရဆိုရင်. .





ဘာညာ စတာတွေပြောပြီး သူနှစ်သိမ့်လိုက်ဖို့ ကောင်းသည်။

ဒါပေမဲ့ နှစ်သိမ့်တယ်ဆိုတာ ဝမ်းနည်းသူရှိမှ။ အသိခံစားမှုကင်းမဲ့သွားသူလို တောင့်မတ် ငြိမ်သက်သွားတဲ့ဂွျန့်ကို သူဘယ်လိုစကားမျိုးနဲ့ နှစ်သိမ့်ရမလဲ။

အံကိုတင်းတင်းကြိတ်ထားတဲ့ဂွျန့်မျက်နှာက မယုံနိုင်စရာအေးစက် မာကျောနေသည်။ နီရဲနေသည့်မျက်လုံးတွေက ရှေ့တူရူကိုစူးစိုက်ကြည့်နေပေမယ့် ဘာကိုမှမြင်ဟန်မတူ။

"မင်းဘာမှမဖြစ်လောက်ပါဘူး ဂွျန်။ သေသေချာချာကုရင်ပျောက်သွားမှာပါတဲ့"

ဘယ်သူမှမပြောလိုက်သော စကားတစ်ခွန်းကို ခက်ခက်ခဲခဲရှာဖွေရင်း ပြောမိသည်။ ဒါမျိုးက ခြောက်လလောက်။ အင်း. . ဒီထက်ပိုပြီး နေသွားတဲ့လူတွေလည်း ရှိတာပဲဆိုတဲ့ ဆရာဝန်ကြီးရဲ့မှတ်ချက်က လက်နက်မဲ့သူတစ်ယောက်ကို တရားမျှတမှုမဲ့တဲ့ စစ်မျက်နှာပြင်မှာ စီးချင်းထိုးဖို့ ရာဇသံပေးတာနှင့် တူလွန်းလှသည်။

ဒါပေမဲ့ ငါတို့ ဒီတိုက်ပွဲအတွက် အကောင်းဆုံးဖြစ်အောင်ပြင်ဆင်ရမယ်. . အားတင်းထားစမ်းပါ ဂွျန်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၅)

ဝမ်းမြောက် ရွှင်လန်း‥ စိတ်ပျော်စဉ်အခါ ××××
ဆုတောင်းခြင်းပြုရန် မမေ့အပ်ပါ ××××
ဝမ်းနည်းခြင်းနှင့် ဆုံတွေ့ရသောအခါ ××××
ဆုတောင်းခြင်းပြုရန်။ မမေ့အပ်ပါ ××××
လောကစည်းစိမ် ကြွယ်ဝသောအခါ ××××
ဆုတောင်းခြင်းကို မမေ့အပ်ပါ ××××
ခွန်အား ယုတ်လျော့၍ ×××× အားနည်းသောအခါ
ဆုတောင်းခြင်းကို မမေ့အပ်ပါ ××××

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



အားလုံးညီညာ ဖျဖျသီဆိုနေကြသော ထာဝစဉ်ဆုတောင်း ကျူးရင့်ခြင်းကို ပါဝင်သီဆိုနေချိန် မေ့စိတ်သည် တဒင်္ဂစိတ်အားတက်ကြွလာသလိုရှိမိ၏။ သို့သော် ၯွန်ကိုသတိရမိသည့်အခါ၌ မျက်ရည်ဝဲချင်သလိုဖြစ်လာသည်။ ငြိမ့်ညောင်းလှသောတယောသံက မေ့ရင်ထဲမှ ဝမ်းနည်းပူဆွေးမှုကို တမြေ့မြေ့လှိုက်ခါသွားစေခဲ့သည်။

ဘုရားကျောင်းမှအပြန် လွမ်းဆွတ်တပ်မက်ခြင်းဖြင့် စိတ်အစဉ်က လေးလံလျက်ရှိသည်။ သာယာနာပျော်ဖွယ် ခေါင်းလောင်းထိုးသံသည် လွမ်းမောဖွယ် လွင့်ပျံလာသည်။

“မေ.. castle သွားရအောင်၊ စိတ်ပြေလက်ပျောက်ပေါ့”

တကယ်တော့ ချယ်ရီ ဘာကိုရည်ရွယ်ပြီးပြောတာလဲဆိုတာ မေ ရိပ်စားမိပါသည်။ စိတ်ဆိုးနေချိန်မှာ မေကစ၍ ဘယ်တော့မှဖုန်းမဆက်ဟု စိတ်ကိုတင်းထားခဲ့သည်။ ယနေ့ဆိုလျှင် တစ်ပတ်တိတိရှိခဲ့ပြီ၊ Castle သွားလျှင် ဘာပဲပြောပြော ၯွန်နှင့်ပတ်သက်သောသဲလွန်စ တစ်စုံတစ်ရာရနိုင်ကောင်းသည်။

အော်ခေါ်တာမျိုးမလုပ်ပေမယ့် တီးတိုးရေရွတ်ခြင်းလောက်တော့ မေ ပြုမူရလိမ့်မည်။

ထို့ကြောင့် ဘုရားကျောင်းမှအပြန် Castle Internet





ဆိုင်သို့ ရောက်ဖြစ်ခဲ့သည်။

စိတ်ကိုထွက်ပေါက်မရှိ ပိတ်လှောင်ထားခြင်းထက် အနည်းငယ် လှစ်ဟထားခြင်းက အကြောင်းပြချက် အလင်းရောင်တစ်ခွန်းတစ်စ ထိုးဖောက်ဝင်ရောက်လာစေနိုင်လေသည်။

May @ gmail.com. ဆိုတဲ့မေ့ account ထဲမှာ ၯွန် ပို့ထားတဲ့စာတွေရှိမရှိဆိုတာ အရင်ကဆို သာမာန်ရင်ခုန်ကြည်နူးရတာမျိုး ဖြစ်ချင်ဖြစ်နေပေမယ့် ယခုလောက် စိတ်လှုပ်ရှားစရာမကောင်းခဲ့။

မေ့လိုပဲ ချယ်ရီနှင့် ရွှန်းဝေကလည်း ကွန်ပျူတာမျက်နှာပြင်ကို စိတ်ဝင်တစားဝိုင်းအုံကြည့်နေကြသည်။

“အဲ.. ဒီမှာတွေ့ပြီ”

ရွှန်းဝေရဲ့အားရဝမ်းသာအော်သံအဆုံး မေ အထိတ်တလန့် မျက်လုံးများနှင့် လှမ်းကြည့်လိုက်မိသည်။

မေ့နာမည်အောက်မှ Subject နေရာတွင် ရေးထားသောစာ ကြောင်းကြောင့် မေ အံ့ဩ မင်တက်သွားခဲ့သည်။

Goodbye “မဟူရာတဲ့။

ဘုရားသခင်.. ဒါ ဘာအဓိပ္ပာယ်လဲ ၯွန်။ မသိမသာလေး တုန်ယင်နေသောလက်က mouse ကို ခပ်ဖွဖွအုပ်မိုးကိုင်ရင်း အေး



www.burmeseclassic.com

www.burmeseclassic.com



စက်ထုံထိုင်းလာသည့် sign in မှာ click တစ်ချက်နှိပ်အပြီးမှာ တော့ . .

မေ . . ကိုယ့်ကို စိတ်ဆိုး နာကြည်းနေပြီလား။ အခုပြောမယ့် ကိစ္စအတွက် ကိုယ်ကြိုတင်တောင်းပန်ပါရစေ။ တကယ်တော့ good bye လို့မပြောသင့်ပါဘူး။ ကိုယ် မေ့ကိုနှုတ်မဆက်ချင်ဘူး . . မကြာခင်မှာ ကိုယ်တို့ပြန်တွေ့ကြမယ်။ မေ့ကို ဒီကိစ္စကြိုပြောဖို့သင့်ပေမယ့် ဘယ်လိုမှမခံစားနိုင်ဘူး။ ခွဲခွာခါနီး မေ စိတ်မကောင်းဖြစ်နေမှာ စိုးရိမ်တယ်။ ကိုယ်လည်း နောက်ဆံမတင်းချင်ဘူး။ ကိုယ် ဂျပန်ကိုသွားရလိမ့်မယ်လို့ပြောခဲ့တုန်းကတောင် မေဝမ်းနည်းနေတာ၊ တကယ်သွားတော့မယ်ဆိုတာသိရင် ဘယ်လိုနေမလဲတွေးမိပြီး နှုတ်မဆက်ခဲ့တာ၊ ပြီးတော့ လေဆိပ်မှာ လက်ပြနှုတ်ဆက်ရင်း ကျန်ခဲ့မယ့်မေ့မျက်နှာကို ကိုယ်မြင်ရင် ဝမ်းနည်းမိမယ်။ ခုလိုသွားရတာကို မေနားလည်ပေးမယ်လို့ ကိုယ်မျှော်လင့်တယ်။ ကိုယ်တို့နှစ်ယောက်ရဲ့အနာဂတ်လှပဖို့အတွက်ပါမေ။ ဘာမှမကြာတဲ့ နှစ်ကာလတစ်ခုအတွင်းမှာ (သီချင်းတွေရယ် ပြီးတော့ မေရယ်ပေါ့) သူတို့တွေရှိတဲ့အရပ်ကို ကိုယ်ပြန်လာခဲ့မယ်။

စောင့်နေပေးနော်။ ပြီးတော့ မေ့ဆီက စာတွေကိုလည်း မျှော်နေမယ်။ စာရေးမယ်မဟုတ်လားဟင် . .





အို . . ဘုရားသခင်။ မေ မျက်စိမှားတာပဲ ဖြစ်လိုက်စမ်းပါတော့။ ချယ်ရီနှင့် ရွှန်းဝေက 'ဟင်' 'ဟယ်' ဆိုပြီး အာမေဍိတ်ပြုကြသည်။

မဟုတ်ဘူး . . ဒါမဖြစ်နိုင်ဘူးလို့ အကြိမ်ကြိမ်ငြင်းဆန်ရင်း မေ့မျက်လုံးထဲ ပြာဝေ မှောင်မိုက်သွားသည်။

"မေ . . အို"

"မေ . . သတိထားပါဦး"

ချယ်ရီနှင့် ရွှန်းဝေရဲ့ အထိတ်တလန့် အော်ဟစ်လိုက်သံတွေက အာရုံထဲမှ တစ်စချင်း မှေးမှိန်ပျောက်ကွယ်သွားကြတော့သည်။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၆)

သမ္မာကျမ်းစာရွတ်ပြနေတဲ့မေမေ့အသံက တိုးဆိုက် တုန်ခါစွာ စီးမျောလာခဲ့သည်။ သူ့မျက်စိတွေကို ငြိမ်သက်စွာမှိတ်ချထားလိုက်၏။

"ကျွို..."

တံခါးဖွင့်သံနှင့်ပြန်ပိတ်သံကို ကြားလိုက်ရသည်။ အလွန်တရာ သိမ်မွေ့ငြိမ်သက်လွန်းသောအသံ။ ဘယ်သူလဲ, ဂျူလိုင်များလား။ ဒါမှမဟုတ် ဆရာဝန်လား။ သူ မျက်လုံးဖွင့်မကြည့်မိ။ ဖော့ဖော့ဖွဖွလေးနှင့် လျှောက်လာတဲ့ခြေသံက သူ့ကုတင်ဘေးမှာ ရပ်တန့်သွားခဲ့သည်။ ထို့နောက် နူးညံ့ တိုးလျတဲ့အသံတစ်ခု။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"သား. . အိပ်ပျော်သွားပြီထင်တယ်"

Bible စာအုပ်ကိုပိတ်ပြီး သူ့ခေါင်းရင်း စားပွဲပေါ်မှာ တင်လိုက်သံကို ကြားရ၏။

"သားလေးရယ်"

မေမေရဲ့ မချိတင်ကဲ ရေရွတ်သံကြောင့် သူ့မျက်လုံးတွေကို ပိုပြီးဖိကပ်ပိတ်ထားမိသည်။

"သားငယ်"

တုန်ယင်အက်ကွဲတဲ့အသံအဆုံး ခပ်နွေးနွေးလက်ဖဝါးတစ်ဖက်က သူ့နဖူးပေါ် အုပ်မိုးကျလာသည်။ နီးကပ်လွန်းတဲ့ခန္ဓာကိုယ်က ကိုယ်သင်းနံ့တစ်ခုကိုရလိုက်သည်။

သူ့ရင်သည် အထိန်းအကွပ်မဲ့စွာ ခုန်လှုပ်သွားရ၏။ ဖေဖေ။ ဒါ. . ဖေဖေ့ကိုယ်နံ့။ နဖူးပေါ်က လက်ဖဝါးက ဖေဖေ့လက်ဖဝါးလေ။

ကာလအတော်ကြာ သူ့အပေါ် (ဆိုဆုံးမချင်စိတ်မရှိအောင် စိတ်ပျက်ခဲ့သောဖေဖေသည်) နွေးထွေး ကြင်နာစွာ ဆက်ဆံလာခဲ့ပြီ။ သူ ဝမ်းသာရမလား ဝမ်းနည်းရမလား မသိတော့ပါ။

"သူအိပ်ပါစေ"

သက်ပြင်းရှိုက်သံနှစ်ခုက ရှေ့ဆင့်နောက်ဆင့်ဆိုသလို ထွက်





ပေါ်လာကြသည်။ ခဏနေတော့ အလွန်ညင်သာသောခြေနင်းသံများနှင့် အခန်းတံခါးဆီသို့လျှောက်သွားသည်ကို ကြားလိုက်ရ၏။

သူ့မျက်လုံးကို အသာအယာဖွင့်ကြည့်လိုက်သည်။ တံခါးလက်ကိုင်ဘုကို ခပ်ဖြည်းဖြည်းဆွဲဖွင့်နေသောဖေဖေနှင့်မေမေ့ကျောပြင်ကို တွေ့လိုက်ရ၏။ သူ့မျက်လုံးအစုံ မှိတ်ချလိုက်စဉ်မှာတော့ တံခါးကို အသံမြည်သည့်ဆိုရုံလေး စေ့ပိတ်သွားသည်ကိုသိရပေသည်။

မျက်လုံးမှိတ်ထားပေမယ့်၊ ရှုပ်ယှက်ခက်နေတဲ့အနက်ရောင် အရိပ်တွေကြားထဲတွင် မေ့မျက်နှာဖူးဖူးလေးကို မြင်ယောင်လာသည်။ တကယ်ဆို သူ အဖြစ်မှန်တွေကိုပြောပြလိုက်ဖို့သင့်သည်။ အပြစ်မရှိတဲ့မေ့ကို ဘာအကြောင်းပြချက်မှမပေးဘဲ ဖြတ်ပစ်လိုက်ရမလား။ ဒါဆို သူ့ကိုစိတ်နာပြီး မေ့ပစ်လိမ့်မည်ထင်သည်။

အဖြစ်မှန်တွေသာသိရလျှင် မေ ဘယ်လိုခံစားရမလဲ။ သူ့ကိုယ်တိုင်ရော. .။ နာကျင်ရလွန်းလို့ ထုံထိုင်းပြီး မနာတတ်တော့တာများလား။

တွေးတိုင်း ရင်ဘက်ထဲမှာ နာကျင် အောင့်သက်လာခဲ့သည်။ လေတစ်ချက်ဝှေ့တိုက်သွားသည်တွင် မေ့အငွေ့အသက်တို့ ပါလာလေသယောင် ထင်ရသည်။ ခေါင်းရင်းပြတင်းပေါက်ကို တစ်စုံတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်လိုက်သလား။

သူ မျက်လုံးဖွင့်ကြည့်လိုက်သည်။

"ဌျန်"

ဂျူလိုင်က အထိတ်တလန့်ရေရွတ်ရင်း ကိုင်ထားတဲ့ဂစ်တာကို နံရံမှာ ပြန်ထောင်သည်။

"မင်းဘယ်သွားတာလဲ ဂျူလိုင်"

လီးလွှဲငြင်းဆန်ဖို့အကြောင်းရှာသလို ဂျူလိုင့်မျက်လုံးတွေက ဂဏှာမငြိမ် လှုပ်ရှားနေကြသည်။

"မင်း, အင်တာနက်ဆိုင် သွားပြန်ပြီလား"

"ဟုတ်တယ် ဌျန်၊ ငါ မင်း account ကို ဖွင့်ခဲ့တယ်။ မေဘာစာများ ရေးထားမလဲလို့"

သူ့မျက်လုံးတွေက မျှော်လင့်ချက်တို့ဖြင့် လက်ခနဲတောက်သွားပြီးမှ ခေါင်းကို ဖြည်းညင်းစွာ ခါရမ်းပစ်လိုက်သည်။

"ဘာပြဿနာမှ ဖြစ်ကြတာမှမဟုတ်ဘဲ ဌျန်။ သူနဲ့စကားပြောသင့်တယ်ထင်တယ်"

သူ ဟက်ခနဲရယ်ချလိုက်မိသည်။ မျှော်လင့်ချက်မဲ့ ခြောက်ကပ် အက်ကွဲသောရယ်သံက တိတ်ဆိတ်နေသောအခန်းထဲ တစ်စုံတစ်





ခု လွတ်ကျကွဲရှသလို ခပ်တိမ်တိမ်ထွက်ပေါ်လာသည်။

"သူက မင်း နိုင်ငံခြားသွားတယ်လို့ပဲ သိထားတာ။ ပြီးတော့ မင်းဘာမှမဖြစ်နိုင်ဘူး"

ကိုယ့်စကားကိုယ် ယုံကြည်မှုအပြည့်ရှိရဲ့လား ဂျူလိုင်။ စိတ်ဆိုးလက်စနဲ့ စိတ်နာသွားရင် ပိုမကောင်းဘူးလား။ သူ့လမ်းသူ လွပ်လပ်စွာ ဆက်လျှောက်ပါစေတော့။ ဒီလိုလုပ်နေတာ တရားမျှတမှုရှိရဲ့လား။

"ငါ သူ့ကို ဘယ်အချိန်ထိ လှည့်စားထားရမှာလဲ"

ဂျူလိုင်က အံကိုတင်းတင်းကြိတ်ရင်း ခေါင်းခါသည်။

"လှည့်စားတာမဟုတ်ဘူး ဌျန်၊ မင်းကို မေ ဘယ်လောက်ချစ်လဲဆိုတာ မင်းအသိဆုံးပါ၊ သူ ရုတ်တရက် စိတ်ထိခိုက်သွားမှာမျိုး မင်းအဖြစ်ခံနိုင်လား။ သူ့ကို မင်းမတွေ့ချင်တော့ဘူးဆိုတာ မင်းရင်ထဲက စိတ်ရင်းအမှန်မဟုတ်ဘူးဆိုတာ ငါသိတယ်ဌျန်။ ဒီတစ်ခါတော့ မင်း ငါ့စကားကိုနားထောင်ပေးပါ။ နေကောင်းသွားရင် မင်းတို့နှစ်ယောက် ဘုရားကျောင်းမှာ လက်ထပ်တာ ငါမြင်ချင်တယ်၊ မင်းလည်းအဲဒီလိုစိတ်ကူးမိမှာပဲမဟုတ်လား"

နောက်ထပ် ဂျူလိုင်ပြောလာသောစကားလုံးပေါင်း မြောက်



www.burmeseclassic.com

www.burmeseclassic.com



များစွာကို သူမကြားတော့ပါ။ ရောဂါဝေဒနာဆိုတာ သူ့အတွက် အနာပါတဲ့ပန်းသီးတစ်လုံးလို ကွက်လပ်ရုံနဲ့ အကောင်းပကတိဖြစ်မသွားနိုင်တော့တဲ့အခြေအနေမှာ ဘာကိုဖက်တွယ်သိမ်းဆည်းဦးမလဲ။

ခပ်မှိန်မှိန် ဖျော့တော့ လင်းလက်ခဲ့ဖူးသည့် ပါးလျသောမီးနိုင်ငွေ့များနှင့်အတူ သူ့ဘဝက တဖြည်းဖြည်းလွင့်ပျယ်ရဦးမည်။

"ညနေတိုင်း ကိုးနာရီထိုးရင် စကားပြောရအောင်လို့ မှာထားခဲ့တယ် ဂျွန်"

ဂျူလိုင့်အသံက သူ့ကို အတွေးအိမ်မက်မှ ဆတ်ခနဲနိုးထသွားစေခဲ့၏။ သူဘာမှပြန်မပြောမိ။

ဂျူ ဂျူ ဂျူ



## အခန်း (၂၇)

"သူရောက်လာလိမ့်မယ် ဂျွန်... ငါကျိန်ပြောရဲတယ်"

ချောင်ကျကျလမ်းကြားလေးတစ်ခုထဲ ကားကိုချိုးကွေ့ဝင်လာပြီး မှန်တံခါးအနက်များ ကာထားသည့်အင်တာနက်ဆိုင်ရှေ့တွင် ကားရပ်ပြီး ဂျူလိုင်က သူ့ကိုလှည့်ပြောလိုက်ခြင်းဖြစ်သည်။

သူသတိလက်လွတ်ခေါင်းညိတ်ပြပြီးမှ ပျော့ညံ့လွယ်သောစိတ်ကို တီးတိုးကျိန်ဆဲလိုက်မိသည်။

ခုံတစ်လုံးမှာ တောင့်မတ်ငြိမ်သက်စွာဝင်ထိုင်ပြီးအချိန်အထိ သူ့လက်တွေကို ဘာမှမလှုပ်ရှားဘဲ ငြိမ်သက်စွာတင်းထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကီးဘုတ်ပေါ်က ခလုတ်တွေကို တစ်ခါမှမမြင်ဖူးသူလို ငေးစိုက်ကြည့်နေမိစဉ် သူ့နောက်မှာ ရပ်နေသောဂျူလိုင်က mail talk လုပ်ဖို့ အဆင်သင့်ချိတ်ပေးသည်။

သူ နာရီကို ငုံ့ကြည့်လိုက်သည်။ ကိုးနာရီထိုးပြီလို့ သုံးမိနစ်ပင် စွန်းနေပြီ။

"ဂျွန်"

"ဟာ, ok ရပြီ ဂျွန်.. မေရောက်နေပြီ"

ဂျူလိုင်ရဲ့ဝမ်းသာအားရအော်သံအဆုံး သူ ရင်ခုန် စိတ်လှုပ်ရှားစွာ ကီးဘုတ်ခလုတ်တွေပေါ် လက်တင်လိုက်မိသည်။

"မေ"

သူ့လက်တွေက အလိုအလျောက် လှုပ်ရှားသွားမိစဉ် ပထမဆုံးရေးမိတာ မေ..။

"earphone တပ်ပါလား ဂျွန်"

ဂျူလိုင်က သူ့နား ကပ်ပြောသည်။ ပြီးတော့ ဘေးမှာချိတ်ထားတဲ့ earphone ကို ယူပေးသည်။

"ကိုယ်နားထောင်နေတယ် မေ။ မေ့အသံ ကိုယ်ကြားချင်တယ်"





ဂျူလိုင်က ပြုံးစေ့စေ့နှင့် ခေါင်းတစ်ချက်ညိတ်ပြီး ထွက်သွားသည်။ သူတို့နှစ်ယောက်ကို လွပ်လွပ်လပ်လပ်ပြောပါစေတော့။

"ကိုယ့်ကို စိတ်ဆိုးနေသေးလားဟင်"

"ဟင့်အင်း.. မေစိတ်မကောင်းတာ၊ ဝမ်းနည်းနေတာ"

မေ့အသံက သူ့ရင်ကိုဆို့နင့်လှိုက်ခါသွားစေသည်။

"ကိုယ်ပြန်လာမှာပါ မေ"

ဘုရားရေ.. သူညာလိုက်မိပြီလား။

"မေမျှော်နေမှာပါ၊ ကျန်းမာရေးကိုဂရုစိုက်နော်"

ချစ်သူ့စကားက သူ့နှလုံးသားကို ရုတ်တရက် ဆွံ့အ နာကျင်သွားစေပြန်သည်။ ကိုယ့်ကျန်းမာရေးက ဂရုစိုက်ရမယ့်အဆင့်ထက် ပိုနေမလား မလိုတော့ဘူးလားဆိုတာ မသိနိုင်တော့ဘူး မေရယ်။

"ခု.. အဲဒီမှာ ဘယ်နှစ်နာရီရှိပြီလဲ ဂျွန်"

သူ ခေတ္တတွေဝေသွားမိသည်။ အဲဒီမှာဆိုတာ ဘယ်နေရာလဲ။ ဂျူလိုင်ပြောသလိုဆို ဂျပန်ပေါ့။

"ဘယ်နှစ်နာရီလဲဆိုတော့.. အင်း"

"သိပြီဂျွန်.. ခု ဆယ့်တစ်နာရီကျော်ပြီမဟုတ်လား၊ မေတို့ဆီမှာ ကိုးနာရီကျော်ပြီလေ။ ဂျပန်နဲ့ ဒီက နှစ်နာရီကွာတယ်"



www.burmeseclassic.com

www.burmeseclassic.com



တဲ့ . . ကြားဖူးတာပဲ"

သူ ယောင်ရမ်းပြီး နာရီကိုငုံ့ကြည့်လိုက်မိသည်။ ဝေဝါးနေသောအမြင်အာရုံထဲမှာ သူ့နာရီက ကိုးနာရီ ဆယ့်ငါးမိနစ်ကို ခပ်ပြုံးပြုံး ညွှန်ပြနေလေသည်။

"ကိုယ် . . မေ့ကိုလွမ်းတယ်"

"ဟုတ်မှာပါ . . နှင်းတွေ အဆုပ်လိုက်အခဲလိုက်နဲ့ ကြည့်လေရာရာ အဖြူရောင်ချည်းဆိုတော့ စိတ်ကိုတော်တော်ပိတ်လှောင်ပြီး ဝါးတားတားနိုင်မှာပဲ။ မေလည်း ဂျွန့်ကိုလွမ်းတယ်"

နူးညံ့ဖြူစင်လှသောချစ်သူ၏စကားအဆုံးတွင် သူပြုံးလိုက်မိသည်။ သူ ဒုတိယအကြိမ် မိုက်မဲမိပြန်ချေပြီ။

"ကိုယ် အမြန်ဆုံးပြန်ခဲ့မယ်"

ထို့နောက် မရေတွက်နိုင်လောက်အောင် ပြောမိသော သူ့စကားများတွင် လွမ်းဆွတ်နိုင်လောက်အောင် ထပ်တလဲလဲ ညည်းတွားနေခဲ့မိသည်။

ထိုအတူ သူ့မနက်ဖြန်သည် မေ့အား တပ်မက်လွမ်းဆွတ်ခြင်းနှင့် ရှင်သန် ရှန်းထလာပြန်၏။

မေနှင့်တစ်နာရီနီးပါး စကားပြောပြီးသောအခါ . . .





"ညည့်နက်ပြီပေါ့နော် . . ဂျွန်အိပ်သင့်ပြီ၊ အိပ်ရေးပျက်မခံနဲ့၊ ဘယ်မှလျှောက်မသွားနဲ့၊ ကောင်မလေးတွေနဲ့မရှုပ်နဲ့၊ ပြီးတော့ ချွင်းဂန်း မဝါးနဲ့"

ဟုအပြီးသတ်မှာတော့ သူနှင့်စကားပြောခြင်းကို ရပ်တန့်ဖြတ်တောက်သွားခဲ့လေသည်။

"ချွင်းဂန်း မဝါးနဲ့" ဟူသော နောက်ဆုံးပိတ်အမှာစကားက သူ့ရင်ကို နင့်သည်းစွာ ဆွတ်ကျင်စေပြီး စိတ်ကူးယဉ်အိပ်မက်မှ မှောင်မိုက်သောညလယ်အံ့တွင်း နိုးထ သက်ဆင်းခဲ့ရလေတော့သည်။

မေရေ . . ရှိန်းလင်းဝင်းဖြာနေတဲ့ လရောင်အိပ်မက်က နိုးတော့ ပြတင်းတစ်ချပ်က ဝုန်းခနဲပွင့်ဟသွားတယ် . .

ပဖဉ်းရင်ကွဲအော်သံတွေနဲ့ ဘယ်တော့မှ မိုးမလင်းတော့မယ့်ညက ရာနိုင်နှုန်းပြည့် သိပ်သည်းဆတွေနဲ့ မည်းမှောင်လို့ရယ်။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

ဂစ်တာကိုကောက်ကိုင်ပြီး တစ်ချက်နှစ်ချက်တို့ထိလိုက်ပြီးမှ ဂျွန့်ကိုသတိရကာ ပြန်ထောင်ထားလိုက်သည်။

တစ်စထက်စစိတ်ခါတ်ကျဆင်းစပြုနေသောဂျွန့်ကို အကောင်းဆုံးကုသဖို့နည်းကို သူတွေ့ရှိခဲ့ပြီးပေမယ့် ကျန်းမာရေးကတော့ အားရလောက်စရာ ထူထောင်မလာခဲ့။

ခန္ဓာကိုယ်ထဲက အသားစတစ်ချို့ကို အပ်နဲ့စုပ်ထုတ်ပြီး ရှာတော့ ရောဂါဆဲလ်တွေက ခန္ဓာကိုယ်ထဲ ပျံ့နှံ့နေပြီဆိုတာ သေချာနေပြီတဲ့။ သလိပ်စစ်ပြီး ပိုသေချာအောင် ဘိုင်အော့(ပ)စီလုပ်ခြင်းက ဂျွန့်



www.burmeseclassic.com

www.burmeseclassic.com



အတွက် သေဒဏ်ကို ဘာနဲ့မှ လဲလှယ်အယူခံဝင်ခွင့်မရအောင် တစ်ချက်လွှတ်အမိန့်ချလိုက်ပြီ။

ရှိသမျှစည်းစိမ်တွေကုန်သွားပါစေ၊ ရအောင်ကုမယ်ဆိုတဲ့ မိဘနှစ်ပါးနဲ့ အစ်မဖြစ်သူရဲ့စကားက ကံကြမ္မာအတွက် ဟားတိုက် လှောင်ရယ်စရာတစ်ခုလိုဖြစ်နေခဲ့သည်။ ညညချောင်းတွေ အဆက်မပြတ်ဆိုးနေတဲ့ ဂျွန့်ခုတင်ဘေးမှာ ငုပ်တုတ်မိုးလင်းရင်း မနက်ဖြန်အတွက် အကောင်းဆုံးဖြစ်ဖို့ ဘုရားသခင်ဆီမှာ အကြိမ်ကြိမ် ဆုတောင်းခဲ့ဖူးသည်။ ဘာတွေနဲ့မှ လာဘ်ထိုးလို့မရတဲ့သေမင်းနဲ့ ရင်ဆိုင်ရခါနီး ဂျွန်ကရော ဘယ်လိုစိတ်နဲ့အိပ်ပျော်နေရှာမလဲ။

"ဂျူလိုင်.."

တချုပ်ချုပ်မြည်နေတဲ့နာရီသံကို ဖုံးလွှမ်းသွားတဲ့ အသံရှတတလေးကြောင့် သူ ခေါင်းမော့ကြည့်လိုက်သည်။

"ဂျွန်.. မင်းမအိပ်သေးဘူးလား"

"အဲဒါ.. မင်းကိုမေးမလို့"

"ငါ ငုတ်တုတ်အိပ်ပျော်နေတာကွ"

ဂျွန့်ထံမှ 'ခြော်' ဟူသော အာမေဋိတ်သံ တိုးတိုးလေး ကြားလိုက်ရ၏။





"စာအုပ်ရော"

"ရှိတယ်.. ဂျွန်၊ မနက်မှ ဖတ်ပေါ့"

"ငါ.. အိပ်မက်,မက်ပြန်ပြီ၊ အရင်တစ်ခါလိုပဲ"

စိတ်လှုပ်ရှားခြင်းကြောင့်ဖြစ်မည်။ သူ့အသံက တိုးခိုက် တုန်ယင်လွန်းသည်။

"အိမ်မက်ဆိုတာ.. အဖြစ်အပျက်တွေရဲ့ရှေ့ပြေးနိမိတ်ပဲ။ ဘုရားကျောင်းမှာ မင်းတို့တကယ်လက်ထပ်ရလိမ့်မယ်"

ဂျွန်က ခပ်ယဲ့ယဲ့ပြုံးသည်။ ခေါင်းကိုဖြည်းညင်းစွာခါရင်း..

"တကယ်လို့ ဖြစ်မလာဘူးဆိုရင်ရော"

"ဟာ.. ကွာ.. ဘာလို့မဖြစ်ရမှာလဲ။ မင်း နေကောင်းနေပြီပဲ"

"ငါ့ကိုကတိပေးပါလား ဂျူလိုင်.. ငါမရှိတော့ဘူးလို့ သူ ဘယ်တော့မှမသိစေရဘူးဆိုတာ။ ငါသေသွားရင်တောင် ငါ သူနားမှာနေမှာ။ အဲဒီတော့ ငါအမြဲရှိနေတဲ့အကြောင်း ပြောထားပေးပါ"

ဂျွန့်စကားကို အော်ဟစ်ကန့်ကွက်လိုက်ဖို့ သူသတိမရခဲ့။ ဖြူဖျော့နေသော ဂျွန့်မျက်နှာကိုသာ သူ ရင်နင့်စွာ ငေးကြည့်နေခဲ့မိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဘာမှမဖြစ်နိုင်ပါဘူးလို့ပြောချင်ပေမယ့် သူ့ရင်ထဲမှာ ကျပ်ခဲ ဆို့နင့်နေသည်။

အိပ်မပျော်တဲ့ရက်တွေ ဘယ်လောက်များခဲ့ပြီလဲမသိ။ ဂျွန့် မျက်နှာက သိသာစွာ ချောင်ကျသွားခဲ့သည်။

"ငါမှားသွားတယ် ဂျွန်။ တကယ်ဆို ဒီအချိန်မှာ မင်းဘေးမှာ မေ ရှိသင့်တယ်။ အားပေးနှစ်သိမ့်တဲ့လူရှိရင် ပိုပြီး . ."

ဂျွန်က ခေါင်းကိုတွင်တွင်ခါရမ်းသည်။

"ကဗျာတစ်ပုဒ်ဖတ်ဖူးတယ် ဂျူလိုင်။ ငါမသေခင် နောက်ဆုံးအချိန်အထိ ချစ်သူရဲ့လက်တစ်ဖက်ကို ဆုပ်ကိုင်ထားချင်တယ်တဲ့။ ဘယ်လောက်ပျော့ညံ့လွန်းတဲ့စိတ်လဲ။ ငါ အဲဒီလိုမလုပ်ချင်ဘူး။ ငါ့ရဲ့နောက်ဆုံးခရီးကို သူမမြင်စေချင်ဘူး"

စကားပြောရင်း ချောင်းတွေ တဟွတ်ဟွတ်ဆိုးလာပြန်သည်။

"ငါ့ကိုကတိပေးစမ်းပါ . . ဂျူလိုင် . . သူ့ကိုမပြောပါဘူးလို့"

သူ ခေါင်းညိတ်လိုက်မိသည်ထင်သည်။

ဂျွန်က အသက်ကို ခပ်မှင်းမှင်းရှူရှိုက်ရင်း မျက်လုံးတွေကို မှိတ်သွားသည်။ ပြီးမှ အသံတိုးတိုးလေးနှင့်ပြောသည်။

"သီချင်းဆိုရအောင်"





"ညည့်နက်ပြီ ဂျွန် . . ဘာသီချင်းဆိုချင်လို့လဲ"

"ဓမ္မသီချင်းပါ . . အထက်ယေရုဇလိမ်လေ"

သူ အံကို တင်းခနဲကြိတ်ရင်း ခေါင်းခါလိုက်သည်။ မဆိုပါရစေနဲ့ ဂျွန်။

ထိုသီချင်းကို သူ မဆိုချင်ပါ။ အဖဘုရားသခင်၏ ကြီးမြတ်တင့်တယ်သော ကောင်းကင်နိုင်ငံတော်ကို ဘယ်အခါမှ ရောက်ရပါ့မလဲဆိုတဲ့အဓိပ္ပာယ်ကို သူ ဆိုမပြချင်ပါ။

စိတ်မလျှော့ပါနဲ့ ဂျွန်။ ဘုရားသခင်ရဲ့ဂရုဏာတော်နဲ့ မင်း ကျန်းမာလာပါစေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၉)

ထိုနေ့က ဂျွန် တစ်နေကုန် အခန်းထဲမှမထွက်။ သူ ရှာပေးထားသောစာအုပ်ကို စိတ်ပါဝင်စားစွာ ဖတ်နေခဲ့သည်။ ဂျပန်နိုင်ငံအကြောင်း ရေးထားသည့်စာအုပ်ပင်။

မေက ဂျပန်မှာ နေရထိုင်ရတဲ့အကြောင်းတွေမေးရင် အဆင်ပြေအောင်လို့တဲ့လေ။ အင်တာနက်ဆိုင်ရောက်သွားတော့ ဂျွန် ချောင်းအဆက်မပြတ်ဆိုးပြီး သွေးစတွေ ပြန်ပါလာသည်။

"မင်း . . ဖြစ်ရဲ့လား ဂျွန်"

"ရပါတယ် . . ဘာမှမဖြစ်ပါဘူး"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မျက်ကွင်းတွေ ညှိုမည်းနေပြီး အားရစရာမကောင်းလောက်အောင် ပိန်လှီ ဖျော့တော့နေသောဂျွန့်ကို ခပ်တွေတွေကြည့်ပြီး သူမမြင်အောင် သက်ပြင်းတွေခိုးခိုးရှိုက်ရတာလည်း အကြိမ်ကြိမ်။ ဆေးကောင်းဝါးကောင်းနှင့်ကုနေပေမယ့် ဂျွန်ကိုယ်တိုင် စိတ်ဓာတ်ကျနေတာကို ဘယ်သူမှမကုစားနိုင်။

သူ စိတ်နည်းနည်း ပြန်တက်ကြွလာပြီဆိုပြီး ငမ်းသာလို့မှ မဆုံးသေး။ ရောဂါက တိုးလာလိုက်နှင့် ပတ်ချာလည်နေသည်။ အရင်က သူ့ခန္ဓာကိုယ်နဲ့ မတိမ်းမယိမ်းရှိခဲ့တဲ့ဂျွန်က ခုဆို ဖြူဖျော့ပြီး ပိန်ကိုင်းကိုင်းဖြစ်နေသည်။

ဂျွန် ဘာတွေရေးပေးနေသလဲလို့ လှမ်းကြည့်လိုက်မိသည်။ သူကြည့်နေတာမြင်တော့ ဂျွန်က မလုံမလဲလှည့်ကြည့်သည်။

"မေက မေးနေတယ်၊ ဒီမှာနေရတာ အေးလားတဲ့။ ငါပြန်ပြောလိုက်တယ် . . အေးတယ်လို့။ ဂျပန်မှာ နွေရယ် နွေဦးရယ်၊ ပြီးတော့ ဆောင်းရယ်၊ ဆောင်းဦးရယ်ဆိုပြီး ရာသီဥတုလေးမျိုးအကြောင်းပြောပြတော့ သူသဘောကျနေတယ်။ အခု အဲဒါရိုက်နေတာ"

"ဟိုမှာ ဖတ်ကြည့်ဦး"





"ဒါဆို . . မိုးမရွာဘူးပေါ့၊ ရေက ဘယ်လိုရလဲ" တဲ့။

ဂျွန်က မေ့စာကိုဖတ်ပြီး စာပြန်ရိုက်ပေးသည်။

"ဒီမှာက ဝေ့စ်ဖြစ်ပြီးသားရေတွေကို ပိအိပ်(ချ်) ဆဲဗင်း ရအောင် ပြန်လုပ်ရတာ အဲဒါကိုပဲ သောက်ရေအဖြစ်ရော သုံးရေအဖြစ်ရော သုံးရတယ်"

ဂျွန်က သူဖတ်ထားသောစာအုပ်ထဲမှအကြောင်းအရာကိုပဲ ပြန်ရိုက်ပို့လေသည်။

"မေတော့ . . အဲလိုကြီးမသောက်ချင်ဘူး . . ရွံ့စရာကြီး"

မေပြန်ရေးပေးသောစာကိုဖတ်ပြီး သူတို့နှစ်ယောက် ရယ်လိုက်မိကြသည်။

ရယ်ရင်းနှင့်ပင် ဂျွန်ချောင်းတွေ အဆက်မပြတ်ဆိုးလာပြန်သည်။ တဖြည်းဖြည်းအသံမထွက်တော့ဘဲ မောဟိုက်လာသောကြောင့် သူစိုးရိမ်သွားမိသည်။

"တော်တော့ဂျွန်. . ပြန်ရအောင်"

ဂျွန်က သူ့ကိုနွမ်းနယ်စွာပြန်ကြည့်ရင်း . .

"သူ့မွေးနေ့ကို Winter မှာလုပ်ဖို့အကြောင်း ပြောရဦးမယ်၊ ရှေ့လဆန်းဆို မွေးနေ့ရောက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဟု လေသံသဲ့သဲ့နှင့် ပြန်ပြောလေသည်။

သူ ခေါင်းညိတ်ပြလိုက်ရသည်။

စိတ်မကောင်းစွာ မျက်နှာပြန်အလွှဲ အင်တာနက်ဆိုင်မှန်တံခါးမှ စတစ်ကာလေးတစ်ခုကို အမှတ်မထင်သွားတွေ့လိုက်သည်။ အနီရောင်စက်ဝိုင်းထဲမှာ စီးကရက်ပုံကို မျဉ်းနဲ့ကန့်လန့်ဖြတ်မှတ်ထားပြီး အောက်မှာ No Smoking တဲ့။

သူ စိတ်လှုပ်ရှားစွာ ခေါင်းကိုခါရမ်းပစ်လိုက်သည်။ ကိုယ့်ကိုယ်ကို အပြစ်ရှိသူတစ်ယောက်လိုခံစားမိပြီး ရင်ထဲမှာ မွန်းကျပ် ဆို့နင့်သွားရပေသည်။

ဏှ ဏှ ဏှ



## အခန်း (၃၀)

ဆရာဝန် အခန်းထဲမှထွက်သွားသည့်အချိန်တွင် အခန်းထဲ၌ ပို၍တိတ်ဆိတ်ကာ အသက်ရှူသံများ ပိုမိုပြင်းထန်နေခဲ့ကြသည်။ ဘယ်သူပြောလို့မှမရဘဲ ခေါင်းမာ ပေကပ်စွာ. .

တစ်ညလုံး ဂစ်တာထိုင်တီးနေခဲ့သောဂျွန်သည် သူ အိပ်ရာမှနိုးလာသည့်ညနေစ်နာရီအချိန်ထိ မအိပ်သေးချေ။

သီချင်းဆိုရင်း ဂစ်တာတီးနေသောဂျွန့်ပုံစံက အကဲဖြတ်ဒိုင်လူကြီးတစ်ယောက်ရှေ့မှာ အမှားအယွင်းမရှိအောင် ဂရုတစိုက်ဆိုနေပုံမျိုးပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အသံသွင်းသည့်ကက်ဆက်လေးကို မြင်လိုက်မှ သူဘာလုပ်မှန်း ရိပ်မိခဲ့သည်။ ထိုညက သူပြန်အိပ်လို့မရခဲ့။ ထို့အတူ ဠွန်သည် ချောင်းအဆက်မပြတ်ဆိုးရင်း သွေးတွေအန်နေသောကြောင့် မိုးလင်းသည်အထိမစောင့်နိုင်ဘဲ ဆေးရုံသို့ပို့လိုက်ရခြင်းဖြစ်သည်။

ဆရာဝန်ကြီးအခန်းထဲမှ ထွက်လာသောဠွန့်ဖေဖေသည် အံကိုကြိတ်လျှက် စိတ်တင်းထားရဟန်ရှိသည်။ သူ့မျက်ခမ်းစပ်မှ သွေးကြောများပင် တဆတ်ဆတ်ခုန်လှုပ်နေလေသည်။

ဠွန့်ခေါင်းရင်းမှာ ခေါင်းအုံးတွေဆင့်ပြီး ခပ်မှီမှီအနေအထားဖြင့် လဲလျောင်းခိုင်းထားရတာ နေသာပေမယ့် သိပ်အဆင်ပြေဟန်မတူသောကြောင့် ဂျူလိုင်ကိုယ်တိုင် ပွေ့ထားမိသည်။

အန်တီခိုင်နွယ်က ဠွန့်နဖူးပေါ်ကို လက်ကလေးတင်ပြီး လက်တစ်ဖက်က ဠွန့်လက်ကို ခပ်တင်းတင်းဆုပ်ထားသည်။

"မေမေ.."

ဠွန်က မျက်လုံးတွေကိုအားယူဖွင့်ပြီး သူ့အမေကိုခပ်တိုးတိုးခေါ်သည်။ ဖြူလျော့်နေသောနှုတ်ခမ်းတွေက တဆတ်ဆတ်လှုပ်လာသည်။

"ပြော.သား.. သား.. နေသာတယ်မဟုတ်လား"





"အိမ်ပြန်ချင်တယ်.. သား ဆေးရုံမှာ မနေချင်ဘူး"

"အို.. သားရယ်.. ခဏနေတော့ ပြန်မယ်။ အဲဒါမှ သား သက်သာမှာ"

ဠွန်က မျက်မှောင်ကြုတ်ရင်း နှုတ်ခမ်းကို သွားဘာသာ ဖိကိုက်ထားသည်။ ခေါင်းကို ခပ်ဖြည်းဖြည်းခါရမ်းရင်း..

"မေ.. မမနီး.. ဒီနေ့ ဖုန်းဆက်လိမ့်မယ်။ သား သူနဲ့ စကားပြောစရာရှိတယ်"

သူတို့ကိုကျောခိုင်းရင်း နံရံကိုလက်ထောက်ရပ်နေသော ဠွန့်ဖေဖေ၏ပုခုံးတွေ သိမ့်ခနဲလှုပ်သွားတာ သူမြင်လိုက်ရသည်။

"သားကို.. ခွင့်လွှတ်တယ် မဟုတ်လားဟင်"

"သားရယ်.. သားမှာအပြစ်မှမရှိဘူး။ ရှိလည်း ခွင့်လွှတ်ပြီးသားပါ။ စကားတွေအများကြီးမပြောနဲ့နော်"

ဠွန့်မျက်လုံးတွေက ခေါင်းရင်းဘက်၌ရှိသောသူ့ထံသို့ လည်လာသည်။ မျက်နှာက ချောင်ကျသွားသောကြောင့် ပိုပြီးကြီးနေသယောင်ထင်ရသည်။ ဠွန့်မျက်လုံးတွေကို သူပြန်မကြည့်ရက်။

"ဂျူလိုင်"

"ဘာလဲ ဠွန်၊ ငါ ဘာလုပ်ပေးရမလဲ.. ပြောလေ"



www.burmeseclassic.com

www.burmeseclassic.com



ဂျွန့်မျက်နှာက ရှုံ့မဲ့သွားသည်။

"အို . . သား"

"ဂျွန်"

ဂျွန်က ပါးစပ်ဟာရင်း ချောင်းတစ်ချက် ဟတ်လိုက်သည်။ ချောင်းဆိုးတိုင်း ဂျွန့်ခန္ဓာကိုယ်က တသိမ့်သိမ့်လှုပ်ရှားသွားခဲ့သည်။

"သား . . ရင်ထဲရှင်းသွားအောင် ဆိုးချလိုက်၊ အောင့်မထားနဲ့"

ချောင်းအဟတ်မှာ ညှိုမည်း စေးပျစ် သွေးစက်တစ်ချို့ နှုတ်ခမ်းထောင့်မှာ ထွက်ကျလာသည်။ လက်ထဲမှာ အသင့်ကိုင်ထားတဲ့ တစ်ရှုးလိပ်နဲ့ သုတ်ပေးလိုက်သည်။

နောက်ထပ် ချောင်းအဆိုးမှာ ကပျာကယာထိုးပေးလိုက်တဲ့ ထွေးခံထဲသို့ ပွက်ခနဲပွက်ခနဲအန်ချလာသောသွေးတွေကိုကြည့်ပြီး သူ့ရင်ထဲ နင့်သွားရသည်။

"အို . . သား . မကြည့်နဲ့လေ"

အန်တီခိုင်နွယ်က ထွေးခံကို အောက်မှာပြန်ချပြီး နှုတ်ခမ်းတစ်ဝိုက် ပေကျံနေတဲ့သွေးစတွေကို သုတ်ပေးသည်။

ဂျွန်က သူ့အင်္ကျီထဲမှ တစ်စုံတစ်ခုကိုထုတ်ပေးသည်။ သော့





တွဲလေးတစ်တွဲဖြစ်သည်။ ဒါ ဂျွန့်ရဲ့စားပွဲအံဆွဲသော့။

"အံဆွဲထဲမှာ . . အခွေ . . ထည့်ထားတယ် ဂျူလိုင်။ မေစောင့်နေလိမ့်မယ်၊ အခွေယူပြီး Winter ကိုသွားပေးပါ"

မောဟိုက်နွမ်းလျနေတဲ့ ဂျွန့်စကားသံအဆုံး သူ ခေါင်းညိတ်ပြလိုက်သည်။

ဒီနေ့ ဒီဇင်ဘာ ဆယ့်သုံးရက်၊ မေ့မွေးနေ့။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၁)

ဂျွန်၏အိပ်ရာဘေးမှ စာကြည့်စားပွဲအံဆွဲကိုဖွင့်လိုက်စဉ် သူ့မျက်လုံးများမှာ ထိတ်လန့်အံ့ဩစိတ်နှင့်အတူ ကြက်သီးမွေးညင်းများပင် ထသွားခဲ့ရလေသည်။

မဟူရာလို့ရေးထားတဲ့ သီချင်းခွေလို့ယူဆရသော စီဒီလေးတစ်ခု၊ ပြီးတော့ ခရစ္စမတ်ကတ်ကလေးတွေ၊ ချစ်သူများနေ့အတွက် အမှတ်တရကတ်တွေ၊ နောက်နှစ်တွေအတွက် မွေးနေ့ဆုတောင်းကတ် မြောက်များစွာကို နေ့စွဲတွေနှင့် အတိအကျရေးမှတ်ထားခဲ့သော ဂျွန့်ရဲ့စိတ်ကူးအစီအစဉ်က သူ့ကို အသက်ရှူရပ်လုမတတ် ဖြစ်သွားစေခဲ့တော့၏။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုကတ်ကလေးများပါသော အယ်လ်ဘမ်ကိုထုတ်လိုက်စဉ် ငွေရောင်မီးခြစ်လေးက ကြမ်းပြင်ပေါ် ဒေါက်ခနဲပြုတ်ကျသွားသည်။

သူ ပြုတ်ကျသွားသောမီးခြစ်ကိုမကောက်ဘဲ အဆိပ်ရှိသတ္တဝါတစ်ကောင်လို တုန်လှုပ်ချောက်ချားစွာ စိုက်ကြည့်နေမိ၏။ သူ့ရဲ့ အမှတ်တမဲ့နိုင်မှု၊ မဆင်ခြင်မှုတွေက ဂျွန့်အနာဂတ်ကို ရစရာမရှိအောင် ဖျက်ဆီးခဲ့ချေပြီ။

"ဘာလို့မသောက်တတ်ရမှာလဲ... မင်းက ငါ့အခန်းထဲလာလာသိမ်းထားတာကိုး.. ဒါ ငါ့ကိုအပိုင်ပေးလိုက်တော့"

"ရတယ်... ဘယ်သူမှမသိစေရဘူး... ချောင်းလည်းမဆိုးစေရဘူးကွာ"

"ရော့... ဝယ်ရင် ပေါလွန်းလို့"

ဂျွန့်ရဲ့စကားသံများ ထုံပေအေးစက်သောအကြည့်စူးစူးများသူ့ရင်ကို မြားအစင်းပေါင်းမြောက်များစွာနှင့် ထိုးစိုက်ခြင်းခံရသလို နာကျင်သွားခဲ့ရသည်။

"အကောင်းဆုံးကုသနည်းကတော့ ကာကွယ်ခြင်းပဲ ရှိတယ်၊ စီးကရက်မှာ ကာစီနိုဂျင် အများဆုံးပါတယ်၊





အဆုတ်ကင်ဆာအတွက် အကောင်းဆုံးကုသနည်းကတော့ ကြိုတင်ကာကွယ်ထားတဲ့နည်းပဲ။ စီးကရက်မသောက်ခဲ့ရင်ပေါ့"

နားထဲမှာ ပဲ့တင်ထပ်မျှ ကြားယောင်လာတဲ့စကားသံတွေက သူ့ရင်ကို မီးတောက်မုန်တိုင်းတစ်ခုလို ပရမ်းပတာ မွှေနှောက် ရမ်းခါသွားခဲ့သည်။

နာရီကိုကြည့်မိတော့ ညနေခြောက်နာရီတဲ့..။

မေစောင့်နေလိမ့်မယ်.. ဆိုတဲ့ဂျွန့်အသံကို ပြန်ကြားလိုက်မိသည်။ ခဏ သူအပြေးအလွှားထွက်လာခဲ့သည်။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၂)

"နှင့်ဟာက သေချာလို့လား . . မေ"

ချယ်ရီက မယုံနိုင်သလို ထပ်မေးလေသည်။ မေ, ကားကို ဂရုတစိုက်မောင်းနေရင်းက ဖျပ်ခနဲလှည့်ကြည့်ပြီး . .

"ဒါ ငါ့ဘက်ဒေးပဲ ချယ်ရီရယ် . . နောက်စရာမှမဟုတ်တာ၊ ပြီးတော့ ဖွန်ကိုယ်တိုင်က ငါ့အတွက် Winter မှာ အစစ အရာရာ စီစဉ်ပြီးသွားပြီဆိုတော့"

ချယ်ရီနှင့်ရွှန်းဝေမှာ တစ်ယောက်မျက်နှာတစ်ယောက် လှမ်းကြည့်ပြီး သက်ပြင်းချလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



Winter Cafe သို့ရောက်သောအခါ ယခင်ထက်ပိုပြီး ထူးခြားသောအငွေ့အသက်တစ်ခုကို ခံစားလိုက်ရ၏။ ဆိုင်အပြင်ဘက် မြက်ခင်းစိမ်းများပေါ်တွင် ကြဲဖြန့်ထားသော ရောင်စုံပူဖောင်းများ၊ ပန်းပင်များတွင် ချိတ်ဆွဲထားသည့် ကြယ်မီးပုံးကလေးများနှင့် ခရစ္စမတ်အကြို သစ်ပင်စိမ်းစိမ်းလေးမှာ ရောင်စုံမီးသီးလေးတွေက လင်းလို့။

မညီညာတဲ့ ကျောက်တုံးခင်းလမ်းကလေးကို သူမတို့သုံးဦး အိမ်မက်ဆန်စွာ ဇဝေဇဝါလျှောက်လှမ်းခဲ့မိကြ၏။ ဆောင်းဦးဒီဇင်ဘာမို့ အိုက်စက်စက်ဖြစ်ချင်နေသော်လည်း နူးညံ့ဖြူဆွတ်သည့်နှင်းမှုန်တွေက ခပ်ပါးပါးလေး ဝေဝါးစွာကျဆင်းနေသည်။

တကယ့်ဆောင်းရာသီအစစ်ထဲက ဆောင်းရာသီလေးထဲကို ဝင်ဖို့ မှန်တံခါးကိုတွန်းဖွင့်စဉ်.. birthday wishs သီချင်းသံထက် ပိုပြီးရင်ခုန်တိမ်မူးစရာကောင်းသောဂစ်တာသံက တစ်ခန်းလုံး ဆွတ်ပျံ့ဖွယ် လွှမ်းမိုးထားလေသည်။

ဂစ်တာသံမှလွဲ၍ တစ်ခန်းလုံး ဘာသံမှမကြားရသလို မည်သူတစ်ဦးတစ်ယောက်မှ ရှိမနေချေ။ စားပွဲဝိုင်းတစ်ခုတွင် မွေးနေ့ကိတ်နှင့် ရောင်စုံဖယောင်းတိုင်လေးများ အဆင်သင့်ထွန်းညှိပြင်ဆင်ထားသည်ကို တွေ့လိုက်ရသည်။





ဂစ်တာသံက ရုတ်တရက်တိတ်ဆိတ်ပြီး တစ်ခန်းလုံး မှောင်အတိကျသွားသည်။

တုန်ယင်သောလက်အစုံက ဗန်းထဲက ငွေရောင်ဓားကလေးအပေါ် ရောက်သွားမိသည်။ အထိအတွေ့အားလုံးက အေးစက်နေသည်။

"ဟက်ပီး ဘတ်ဒေးပါ..မေ"

"ဘုိ!"

မေ့လက်ထဲကဓားလေးက ချွင်ခနဲလွတ်ကျသွားသည်။ မေ့မျက်လုံးတွေ ဝိုင်းဝိုင်းလည်သွားပြီး အခန်းပတ်ပတ်လည်မှ ထွက်ပေါ်လာသောအသံကို လှည့်ရှာမိသည်။

အခန်းထောင့်မျက်နှာကြက်မှာ တပ်ဆင်ထားသော ဆောင်းဘောက်ကိုကြည့်ပြီး မေ သက်ပြင်းရှိုက်လိုက်မိသည်။

"မေ့ရဲ့ပျော်ရွှင်စရာကောင်းတဲ့မွေးနေ့ချိန်ခါမှာ ကိုယ် ရှိမပေးနိုင်တာကို ခွင့်လွှတ်နိုင်ပါစေ။ ဒါပေမဲ့ ကိုယ့်ကိုယ်စား သီချင်းတစ်ပုဒ်တော့ မွေးနေ့လက်ဆောင်အဖြစ် ပို့လိုက်ပါတယ်။ မေနားထောင်ဖို့ပါ"

ဆောင်းဘောက်မှ ထွက်ပေါ်လာသော ဂျွန့်စကားသံများ အဆုံး.. သူတစ်ခါက ဆိုပြခဲ့ဖူးသော မဟူရာဆိုတဲ့သီချင်းလေးက



www.burmeseclassic.com

www.burmeseclassic.com



ညင်သာငြိမ့်ညောင်းစွာ ထွက်ပေါ်လာသည်။

မှောင်မိုက်တဲ့ညတွေမှာ xxx လွမ်းမိုးနိုင်သူ xxx နင်ဟာ ငါ

xx ချစ်တဲ့လရောင်ကို xx မေ့ပျောက်စေနိုင်သူလား

ဘယ်တော့မှ xx မပျောက်ပျက်တဲ့ xx ရောင်စဉ်နဲ့ xxx

အတွေးထဲမှာ x အမြဲသာ

ငါ့ဘဝဟာ xx မဟူရာ xxx

အို xxx အစွဲလမ်းဆုံးပေါ့ xx မဟူရာ xx လွမ်းဆွတ်ရ

တဲ့အခ်ိန်မှာ xx နင် ငါ့ အနားကို x လာနေပေးလှည့် xx ပါ

နင်ရှိတဲ့ဘဝဟာ xxx အရာတိုင်းထက် xxx ခမ်းနား xx

နေတာ ငါ xx တမ်းတ နင့်ရဲ့ရင်ခွင် xx တစ်နေရာဆီမှာ

လား xxx ဘယ်တော့မှ xxx မပြောင်းလဲတဲ့ xxx အကြွင်နာ

လည်း xxx နှလုံးသားမှာ xxx ရှိတာ..

နင့်အတွက်ပါ xxx မဟူရာ xxx

အို xxx ခွဲလို့မသွားနဲ့ xxx မဟူရာ

ငါ့ဘဝ xxx ငါ့ရဲ့ x မြေကမ္ဘာ

နင်ဟာ xx ကောင်းကင် xxx သံစဉ်တေးတစ်ပုဒ်ပါ xx

သီချင်းလေးအဆုံး မေ့ပါးပြင်ပေါ်သို့ မျက်ရည်တစ်စက အလို





လို လွင့်စင်ကျလာသည်။ ချယ်ရီနှင်းရွှန်းဝေမှာ သီချင်းထဲတွင် နစ်ဝင်မျောပါရင်း မွေးနေ့ကိတ်ပေါ်မှ ဖယောင်းတိုင်လေးတွေကိုငြိမ်းဖို့ သတိမရကြ။

မေ့ပါးပြင်ပေါ်မှ မျက်ရည်စတွေကိုသုတ်ရင်း၊ ဖယောင်းတိုင်မီးငြိမ်းဖို့ ဆံပင်တွေသပ်တင်ရင်း ခေါင်းအငုံ့ ဖယောင်းတိုင်မီးလေးတွေက လင်းခနဲ အရှိန်နှင့်တောက်လာပြီးမှ တစ်ယောက်ယောက်က မှုတ်ပစ်လိုက်သလို ဟုတ်ခနဲငြိမ်းသွားလေတော့သည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

ငါ့အသက်၏ အိမ်တော်၌ နေစရာအခန်းများစွာရှိ၏

သို့မဟုတ်လျှင် မဟုတ်ကြောင်းကို သင်တို့အား ငါမပြောဘဲ

မနေ။ သင်တို့နေစရာအရပ်ကို ပြင်ဆင်ပေးခြင်းငှာ

ငါသွားရ၏။

## အခန်း (၃၃)

မဟုရာ (သို့မဟုတ်) သူချစ်သူ မေရဲ့ ကြည့်နူး ဆွတ်ပျံ့ဖွယ် ရာမွေးနေ့ကို Winter Cafe တွင် တိတ်ဆိတ်စွာ ကျင်းပပေးခဲ့ပြီး ဂျူလိုင် ပြန်အရောက်တွင် သူ အသက်ဝိညာဉ်ကင်းမဲ့နေခဲ့ပြီဖြစ်သည်။

၎င်းအတွက် ရှာပနအခမ်းအနား ဝတ်ပြုကိုးကွယ်ခြင်း အစီအစဉ်ကို တိတ်ဆိတ်အေးချမ်းစွာ စီစဉ်ခဲ့ကြသည်။

သဘာဝပတိ၏ အဖွင့်ကျမ်း ရွတ်ဖတ်ခြင်း၊ အချိန်နာရီ ဆက်ကပ် အပ်နှံခြင်းအပြီးတွင် ပြုခဲ့သမျှကိုသာ မှတ်မိကြလိမ့်မည်ဟူသော ဓမ္မသီချင်းကို အားလုံးသီဆိုကြလေသည်။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



သင်းအုပ်ဆရာတော်တရားဟောအပြီး KSF students များနှင့်အတူ သံစုံသီဆိုခြင်း၊ အထူးဆုတောင်းပြီး၊ ကောင်းချီးပေးခြင်း . . အာမင်သုံးဆင့် . . ။ ဈာပနကိစ္စအားလုံး ပြီးစီးသွားချိန်အထိ သူ့စိတ်သည် မယုံကြည်နိုင်ခြင်းနှင့် တွေဝေအံ့သြခြင်းတို့ ပြွန်းတီးကာ ငြိမ်သက်နေမိသည်။

ဂျူလိုင့်လက်ထဲတွင် ငွေရောင်မီးခြစ်ကလေးကို တင်းကျပ်စွာ ဆုပ်ကိုင်ထားမိသည်။

" ငါမရှိတော့ဘူးလို့ သူ မသိစေရဘူး၊ ငါ့ကိုကတိပေးပါလား . . ဂျူလိုင် . . . ငါ့ကိုကတိပေးပါလား . . ငါ့ကို ကတိပေးပါ . . . ငါ့ကို . . . "

ဂျွန်ရဲ့ဓာတ်ပုံရှေ့မှာ သူဒူးထောက်ထိုင်ချလိုက်မိသည်။

၁၃ . ၁၂ . ၂၀၀၉ ရက်က မေရဲ့မွေးနေ့ဖြစ်သလို ထူးခြားတိုက်ဆိုင်စွာ ဂျွန့် ခရစ်တော်မှာ အိပ်ပျော်တဲ့နေ့ဖြစ်ရသတဲ့။

ငါကတိပေးပါတယ် ဂျွန် . . ။ ဘယ်တော့မှ မေ့ကို မင်းမရှိတော့တဲ့အကြောင်းတွေ မပြောမိစေရဘူး။

ဂျွန့်ရဲ့ဈာပနသတင်းကို သတင်းစာမှာပင်ထည့်ပြီး မကြေငြာခဲ့သည်အထိ ဖုံးဖိလျှို့ဝှက်ထားခဲ့သည်။





အချစ်ဆုံးသူငယ်ချင်းကို ဆုံးရှုံးခဲ့ရပြီးပေမယ့် သူ့ရဲ့ဆန္ဒတွေနဲ့ မေ့ရဲ့မျှော်လင့်ချက်ကို သူ မဖျက်ဆီးရက်။ ချစ်သူတွေရဲ့ လှပတဲ့အိပ်မက် . . . ။

ဘယ်သောအခါမှ . . . . သူ မနိုးရက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၄)

"ရင်ခုန်စရာကောင်းတဲ့ဘတ်ဒေးအတွက် ကျေးဇူးတင်ပါတယ် ဂျွန်.. ဒါပေမဲ့..."

သူ့ရင်ထဲ ဒိုင်းခနဲဆောင့်ခုန်သွားသည်။

"ဒါပေမဲ့ ဘာဖြစ်လဲဟင်"

"မေ့စိတ်တွေ အရမ်းလေးနေတယ်၊ တစ်မျိုးကြီးပဲ။ Winter မှာတုန်းက မြန်းခနဲ ဂျွန့်အသံကြားလိုက်ရတော့ ရင်ထဲမှာမကောင်းဘူး။ တကယ်ဆို မေဖုံးသြဝင်းသာရမှာ ကြည်နူးနေရမှာ.. ဂျွန့်အငွေ့အသက်ကိုခံစားနေရပြီး စိတ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



တုန်လှုပ်နေတာ မထူးဆန်းဘူးလားဟင်''

မေ့စကားအဆုံး သူ.. ရုတ်တရက်ဘာပြန်ပြောရမှန်းမသိ။ လည်ချောင်းထဲ တစ်ခုခုတစ်ဆို့နေသလိုဖြစ်နေသည်။ ဒါပေမဲ့ အတတ်နိုင်ဆုံး သူ့ဘက်က တာဝန်ကျေသင့်သည်၊ တကယ်ဆို မဟူရာဆိုတဲ့မေ့ကို ဌွန်.ထက်မပိုခဲ့ရင်တောင် မလျော့တဲ့သံယောဇဉ်နဲ့ သူချစ်နိုင်ခဲ့သေးတာပဲ။

ဘာကြောင့်များ နှစ်သိမ့်ဖို့ တွေဝေ ဆွံ့အနေရမှာလိမ့်။

''မဟူရာ.. အဲ.. ကိုယ်က မေ့အနားမှာ မရှိပေမယ့် စိတ်က အမြဲရောက်နေတယ်.. အဲဒါကြောင့် မေ့စိတ်ထဲ တစ်မျိုးခံစားရတာနေမှာပါ.. စိတ်ပြေလက်ပျောက်ဖြစ်သွားအောင် ကိုယ်ပုံပြင်ပြောပြမယ်လေ..''

'' ဟယ်! တကယ်.. ဌွန်က ပုံပြင်ပြောတတ်တယ်ပေါ့''

''မယုံဘူးလား''

''ဟင့်အင်း.. အံ့ဩသွားတာ၊ ညတိုင်း လွမ်းတဲ့အကြောင်းတွေ အများကြီးရွတ်ပြနေတာ ငြီးငွေ့စရာကောင်းတယ်။ ပုံပြင်ပြောမယ်ဆိုတော့ ကောင်းတာပေါ့''

မေ့စကားကြောင့် သူ စိတ်အားတက်ကြွသွားမိသည်။





''ကိုယ်ပြောမယ့်ပုံပြင်က မေကြားဖူးပြီးသား ဖြစ်နေမလားမသိဘူး။ ဒီမှာတော့ ဂျပန်ပုံပြင်ပေါ့.. ကိုယ်တို့ကိုစာသင်တဲ့ဆရာမပြောပြတာ''

''ကြားဖူးပြီးသားဆိုလည်း ဘာဖြစ်လဲ.. ဌွန်ပြောပြတာပဲ နားထောင်လို့ကောင်းမှာပါ''

သူ ကြည်နူးကျေနပ်စွာ ပြုံးလိုက်မိသည်။

''ဒါဆိုစပြောမယ်နော်.. နားထောင်.. ရွာတစ်ရွာမှာတဲ့၊ ဂျပန်ရွာလေးပေါ့၊ ကပ်စေးနဲတဲ့အဘိုးကြီးတစ်ယောက် ရှိတယ်တဲ့၊ တစ်ခြားရွာတစ်ရွာမှာလည်း သူ့လိုပဲ ကပ်စေးနဲတဲ့အဘိုးကြီးတစ်ယောက် ရှိသေးတယ်တဲ့''

''ဂျပန်အဘိုးကြီးတွေပေါ့နော်''

မေက ကြားဖြတ်ဝင်မေးလိုက်ခြင်းဖြစ်သည်။

''အင်းပေါ့... မေရဲ့၊ ဂျပန်ပုံပြင်ဆိုမှတော့ အဘိုးကြီးတွေက ဂျပန်လူမျိုးတွေပေါ့''

''နာမည်ဘယ်သူလဲဟင်''

''အမ်..''

သူ ရုတ်တရက်ကြောင်သွားသည်။ ရယ်လည်းရယ်ချင်သွား



www.burmeseclassic.com

www.burmeseclassic.com



မိသည်။

သူဖတ်ထားသောဂျပန်စာအုပ်ထဲမှ မှတ်မိသရွေ့စာသားများကို အပြင်းအထန်လျှောက်စဉ်းစားရသည်။

တစ်ဆက်တည်းမှာပင် မေ ဟိုဟိုဒီဒီလျှောက်မေးရင် ပြန်ဖြေရလွယ်အောင်ဆိုပြီး အချိန်ရတိုင်း ဂျပန်နိုင်ငံအကြောင်းစာအုပ်ကို ဖတ်နေတတ်သော ဖွန့်ကို သွားသတိရလိုက်မိသည်။

"အင်း..ပထမရွာက အဘိုးကြီးနာမည်က ခိဂယောအိတဲ့၊ ဒုတိယရွာက အဘိုးကြီးနာမည်က ခါနဲမိုရိုတဲ့"

"ဘာအဓိပ္ပာယ်လဲဟင်..ဂျပန်နာမည်တွေနောက်မှာ 'စံ' ပါတယ် မဟုတ်ဘူးလား"

"ဩော်၊ ဟုတ်သားပဲ၊ ဟဲ..ဟဲ..ဟဲ..ကိုယ်မေ့သွားလို့ ခိဂယောအိစံ..အဲ..မြန်မာလို ဦးစိတ်ကောင်းပေါ့။ ခါနဲမိုရိုစံက ချမ်းသာသောဆိုတော့...ဦးချမ်းသာတဲ့၊ ဒီမှာတောင် ကိုယ့်ကို တာခါဟာရှိစံလို့တောင် ခေါ်ကြတာ မေရဲ့"

သူ့ဘေးနားတွင် အင်တာနက်သုံးနေသော ကောင်မလေးတစ်ယောက်က ကြောင်တောင်တောင်လှည့်ကြည့်သည်။

"ဆက်ပြောလေ"





မေ့အသံလေးက ဆောင့်အင့်အင့်လေးထွက်လာသည်။ သူ့ဘေးနားမှကောင်မလေးကို ကမျာကယာမျက်နှာလွှဲပစ်လိုက်သည်။ ထင်ချင်သလိုသာ ထင်ပါစေတော့။ ကိုယ့်ကိစ္စနှင့်ကိုယ်ပဲဟု သဘောထားလိုက်သည်။

"ပြောမယ်..ပြောမယ် ပထမလူကြီး..ဟိုဟာ..ဘာပါလိမ့်..ခိဂယောအိစံ..ဟာ, ရှုပ်ပါတယ်..ဦးစိတ်ကောင်းလို့ပဲပြောတော့မယ် မေရာ၊ အဲဒီဦးစိတ်ကောင်းက ဦးချမ်းသာရဲ့သတင်းကိုကြားတယ်တဲ့၊ သူ့ထက် ကပ်စေးနဲတဲ့အကြောင်းပေါ့။ အဲဒီမှာ သူက စိတ်ဝင်စားသွားတယ်။ သူ့ထက် ဘယ်လောက်ပိုပြီးကပ်စေးနဲသလဲဆိုတာ သိချင်စိတ်ဖြစ်လာတယ်တဲ့"

"အင်း.."

မေက စိတ်ဝင်တစား စကားထောက်ပေးသည်။

"အဲဒီမှာ သူ့သားကို ပိုက်ဆံတစ်ပြားပေးပြီး စက္ကူတစ်ရွက်ဝယ်ခိုင်းလိုက်တယ်တဲ့..သူ့သားက စက္ကူသွားဝယ်တော့ တစ်ပြားတန်စက္ကူမဝယ်ဘဲ..တစ်ပြားနဲ့နှစ်ရွက်ရတဲ့စက္ကူဝယ်လာတယ်တဲ့..သူ့အဖေက ဝမ်းသာ တော်လာပြီဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com



ခိုးကျူးတာပေါ့ . . . ပြီးတော့ စက္ကူတစ်ရွက်ကိုသိမ်းလိုက်ပြီး နောက်တစ်ရွက်ကို တစ်ဝက်ခွဲလိုက်တယ်တဲ့ . . အဲဒီတစ်ဝက်ကိုလည်း သိမ်းလိုက်ပြီး ကျန်တဲ့တစ်ဝက်မှာ ဝက်ခေါင်းပုံဆွဲလိုက်တယ် . . ပြီးတော့ လက်ဆောင်ထည့်တဲ့ခြင်းကြီးထဲထည့်ပြီး ဦးချမ်းသာဆီကို ပို့ခိုင်းလိုက်တယ်တဲ့"

မေ့ဆီက ခစ်ခနဲရယ်သံလေးထွက်ပေါ်လာသည်။

"ဟိုရောက်တော့ ဦးချမ်းသာမရှိဘူးတဲ့"

"ဟောတော်"

မေက စိုးရိမ်တကြီးလေသံလေးနှင့် အားမလိုအားမရရေရွတ်သည်။

"ဒါပေမဲ့ ဦးချမ်းသာသားနဲ့တွေ့တယ်တဲ့၊ ဦးစိတ်ကောင်းရဲ့သားဟာ သူ့အဖေ ပေးခိုင်းတဲ့လက်ဆောင်ကို ပေးလိုက်တာပေါ့ . . . ဟိုကလည်း အားရဝမ်းသာယူလိုက်တယ်တဲ့။ ကျေးဇူးတင်ကြောင်းလည်း အထပ်ထပ်ပြောတယ်ဆိုပဲ။ ပြန်မယ်လုပ်တော့ ဦးချမ်းသာသားက ဒီအတိုင်းတော့ မပြန်ပါနဲ့ဦး . . မိတ်ဆွေကို လိမ္မော်သီးလေး ပေးလိုက်ချင်လို့ ယူသွားပါဦးလို့ပြောတယ်တဲ့"





မေက စိတ်ဝင်စားနေဟန်ရှိသည်။ ဘာမှဖြတ်မမေးတော့ဘဲ ငြိမ်သက်နေလေ၏။

"ဟိုက လိမ္မော်သီးတွေပေးတော့မယ်ဆိုတော့ ဝမ်းသာတာပေါ့။ အဲဒီမှာ ဦးချမ်းသာသားက လက်ညှိုးနှစ်ဖက်နဲ့ လက်မနှစ်ဖက်ကို လိမ္မော်သီးအရွယ်လောက်ဝိုင်းပြီး ခြင်းထဲကို ငါးလုံးကိုတိရေပြီး ထည့်ပေးလိုက်တယ်တဲ့"

"ဟယ်!"

"အဲဒါနဲ့ ဦးစိတ်ကောင်းသားလည်း အရမ်းအံ့သြသွားတယ်တဲ့၊ သားတောင် ဒီလောက်တော်နေရင် . . အဖေဆို ပိုတော်မှာပဲလို့တွေးလိုက်မိပြီး သူ့အဖေကိုပြန်ပြောပြဖို့ စိတ်ကူးမိတယ်တဲ့ . . ဦးစိတ်ကောင်းသား ပြန်သွားပြီး ခဏနေတော့ ဦးချမ်းသာကြီး ပြန်ရောက်လာတယ်တဲ့၊ အဲဒီမှာ သူ့သားက ဦးစိတ်ကောင်းပို့လိုက်တဲ့လက်ဆောင်ကို ထုတ်ပြတယ်တဲ့၊ ဝက်ခေါင်းပုံဆွဲထားတဲ့စက္ကူလေးပေါ့၊ ဦးချမ်းသာက နှမြောပေမယ့် သူများဆီက ဘာရရကျေနပ်တဲ့လူဆိုတော့ အဲဒီပုံလေးကြည့်ပြီး ဝမ်းသာလို့မဆုံးဘူးတဲ့၊ သူ့သားကိုမေးတယ်တဲ့၊ ဘာပြန်ပေးလိုက်သေးလဲပေါ့၊ အဲဒီမှာ သူ့သားက လိမ္မော်



www.burmeseclassic.com

www.burmeseclassic.com



သီးပုံစံ လက်နဲ့ဝိုင်းပြီး ခြင်းထဲကိုထည့်ပေးလိုက်တဲ့အကြောင်း ပြောပြတာပေါ့၊ အဲဒီမှာတင် ဦးချမ်းသာက သူ့သားကို ဘယ် အရွယ်အစားရှိပြီး ဘယ်နှလုံးပေးလိုက်သလဲလို့ မေးတယ်တဲ့။ သူ့သားက.. လိမ္မော်သီးအရွယ်ဝိုင်းပြီး ငါးလုံးပေးလိုက်တဲ့ အကြောင်း ပြန်ပြောလိုက်တာပေါ့"

သူ ဆက်မပြောဘဲ ခဏရပ်ထားလိုက်သည်။

"အဲဒီမှာ အဲဒီဦးချမ်းသာဆိုတဲ့ကပ်စေးနဲကြီးက ဘာပြန်ပြောတယ်ထင်လဲ"

"ဘာပြောလဲဟင်"

"သူ့သားကို စိတ်ဆိုးမာန်ဆိုးနဲ့ကြည့်ပြီး မင်း, ငါ့သားလုပ်နေပြီး ဒီလောက်ညံ့ရသလား။ လိမ္မော်သီးကို လက်နဲ့အကြီးကြီး ဝိုင်းတဲ့အပြင် ငါးလုံးတောင် ပေးရသလားလို့ဆိုပြီး ဆူပါလေရောတဲ့"

"ဟား.. ဟား.. ဟား.. ဟား"

သူ့ပုံပြင်အဆုံးမှာ မေ့ရဲ့ရယ်မောသံလွင်လွင်လေးက သူ့နားထဲကို စိတ်ကြည်နူးဖွယ် ဝင်ရောက်လာတော့သည်။

စိတ်လွတ်ကိုယ်လွတ် တဟားဟားအော်ရယ်လိုက်တဲ့မေ့အသံ





က အပြစ်ကင်းစင်ပြီး ကလေးဆန်လွန်းလှပေသည်။ သူရောမေပါ ရယ်မောခြင်းကို တော်တော်နှင့် အဆုံးမသတ်နိုင်ကြတော့ချေ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၅)

"Merry Christmas to you"

"ခရစ်စမတ်ကတ်လေးပို့လိုက်တဲ့အတွက် ကျေးဇူးပဲ.. သိလား"

"မေ့မွေးနေ့နဲ့ ခရစ်စမတ်က သိပ်မကွာဘူးနော်.. Sweet Decemrer မှမွေးတာမို့လို့ အရမ်းလှပြီး ကဗျာဆန်နေလား မသိဘူး"

သူ့စကားသံအဆုံး မေကာ သဘောကျစွာရယ်သည်။

"ဒါနဲ့.. ဂျွန့်ကို ခရစ်စမတ်ကတ်ပို့ချင်တာ လိပ်စာမသိ



www.burmeseclassic.com

www.burmeseclassic.com



တော့မပို့ရဘူး။ ဒါနဲ့ ဆန်တာကလော့ကြီးဆီက ငွန် ဘာ တောင်းလဲဟင်။ မေတော့ ငယ်ငယ်ကဆို မာမီမရှိတော့ မာမို့ကို လိုချင်တယ်လို့တောင်းတာ. . . သိလား''

ကလေးဆန်လွန်းသောမေ့စကားကြောင့် သူရယ်လိုက်မိ၏။

''အခုကျတော့ရော''

''အခုလား. . အင်း. . ဘယ်လိုပြောမလဲ''

''ကိုယ်ကတော့ ဘယ်လိုစိတ်ကူးတယ်ထင်လဲ. . ဆန်တာကလော့အိတ်ကြီးထဲမှာ ဂစ်တာတစ်လက်ရယ်၊ နှင်းဆီတစ်ပွင့်ရယ်၊ ပြီးတော့မေရယ် ကိုယ့်အတွက်ယူလာပါစေလို့''

မေက သူ့စကားအဆုံး ခစ်ခနဲရယ်လိုက်ပြီး အပိုတွေဟုပြောလေသည်။

''တကယ်ပြောတာ. . ကိုယ်, မေ့အတွက် ကဗျာရေးပြမယ်''

**မင်းအတွက်လို့ရည်ရွယ်ပြီး**

**ရင်ဘတ်ပန်းချီကားမှာ**

**နှလုံးသွေးနဲ့ရေးထားတဲ့**

**ကြက်သွေးရောင် နှင်းဆီတစ်ခင်း**

**ချစ်ခြင်းလက်ဆောင်ရှိတယ်။**





''အဲဒါ ဘာအဓိပ္ပါယ်လဲဟင်''

''ကဗျာပါဆို. . ကဗျာပေါ့၊ အဓိပ္ပာယ်ကိုတွေးကြည့်ရတာပေါ့''

သူ့စကားကြောင့် မေက သဘောကျစွာရယ်လေသည်။

''ကဗျာကလည်း တစ်မျိုးကြီးပဲ။ ကြက်သွေးဆိုတဲ့စာသားကြီးက မလှပါဘူး''

''အဲဒါဖြုတ်လိုက်ရင် ကဗျာက ငုတ်တုတ်ကြီးဖြစ်သွားမှာပေါ့. .''

''ငွန်ကလည်း ကြဲကြဲဖန်ဖန်. . ကဗျာတောင် ငုတ်တုတ်တွေ မတ်တပ်တွေ ရှိရတယ်လို့. . မကြားဖူးပေါင်''

''ရှိတာပေါ့မေရဲ့. . ဖတ်ရတာ တစ်မျိုးဖြစ်တာမျိုးလေ''

''ထားပါတော့၊ စကားတတ်တိုင်းလျှောက်ပြောနေတယ်၊ မေမငြင်းတော့ပါဘူး။ မေကြိုက်တဲ့ကဗျာတစ်ပုဒ်ရှိတယ်သိလား။ စာနဲ့ရေးပြမယ်၊ သိပ်တော့မမှတ်မိဘူး။ ရသလောက်ပေါ့''

**''ချစ်သူရေ...**

**အိပ်မက်တွေနဲ့ မနက်ဖြန်ကိုယုံတယ်ဆိုရင်**

**ယုံကြည်မှုစုတ်ချက်တွေနဲ့**

**မျှော်လင့်ခြင်းပန်းချီကားကို...**



www.burmeseclassic.com

www.burmeseclassic.com



သေသပ်စွာဘောင်ခတ်လို့
ရင်ဘတ်ဆိုတဲ့နံရံမှာ
အမြတ်တနိုး ချိတ်ဆွဲထားရအောင်...
ငါတို့မတွေ့ရမချင်းပေါ့..." တဲ့

သူမ ရေးပြသောကဗျာသည် သူ၏အနက်ရှိုင်းဆုံး နှလုံးသားသို့တိုင် ပျံ့နှံ့စိမ့်ဝင်သွားခဲ့ရသည်။

"လှမ်းတယ် . . . မေရယ်"

"မေလည်း ဗွန့်ကိုအရမ်းလွမ်းတယ် . . ဝေးသွားမှ ဘယ်လောက်ချစ်မှန်း သိလာရတယ်၊ ကိုယ့်ကိုယ်ကိုတောင် မေအံ့သြနေမိတယ်၊ ပြီးတော့ ညညဗွန့်ကိုအိပ်မက်မက်တယ်၊ ဗွန်နေကောင်းရဲ့လားဟင်"

ပျက်ယွင်းသွားသောအမူအရာကို ဘယ်သူမှမမြင်နိုင်ဘဲ ကိုယ့်ဘာသာ တုန်လှုပ်မိပြန်သည်။

"နေကောင်းပါတယ် . . မေ၊ ဘာမှမစိုးရိမ်ပါနဲ့"

"ချောင်းဆိုးသေးလား . . ချင်းဂန်းတွေ မစားနဲ့နော်"

မေ့စကားအဆုံး သူ့ရင်ထဲ နင့်ခနဲဖြစ်သွားရသည်။ စီးကရက်နံ့ထွက်မှာစိုးလို့ မေ့ရှေ့ရောက်တိုင်း ချင်းဂန်း ဝါးနေခဲ့မည့်ဗွန့်ပုံစံကို





မြင်ယောင်ရင်း သူ့တစ်ကိုယ်လုံး အေးစက် နင့်သည်းလာသလို ခံစားလိုက်ရသည်။

"အိပ်မက်ထဲမှာ . . ဗွန်က မေ့ဆီလာတယ်တဲ့၊ နှင်းတွေကလည်း ပိတ်လို့ပေါ့၊ ဒါပေမဲ့ အနီးရောက်လို့ သဲသဲကွဲကွဲမြင်လိုက်ရတဲ့အခါကျတော့ ဗွန်မဟုတ်တော့ဘူးတဲ့၊ တစ်ခြားတစ်ယောက်ဖြစ်နေရော၊ ဘယ်လိုအိပ်မက်မှန်းမသိဘူး မေသိပ်မုန်းတာပဲ"

"မေရယ် အိပ်မက်ဆိုတာ ဒီလိုပဲ၊ ဆောင်းတွင်းအိပ်မက်ဂယောက်ဂယက်တဲ့ . . ဘာမှအစွဲအလန်းမထားနဲ့နော်"

သူ့စကားအတွက် သူ့ကိုယ်သူ စိတ်မလုံလှချေ။

"ဒါနဲ့ ဗွန် ပိန်သွားလား။ ဝလာလားဟင်၊ ဓာတ်ပုံပို့လိုက်ပါလား . . ဒါမှမဟုတ် စကားပြောရင် ကင်မရာဖွင့်ထားပါလား . . မေတို့ တစ်ယောက်နဲ့တစ်ယောက်မြင်ရအောင်လို့လေ၊ သီချင်းလည်း ဆိုပြနော်"

မေ့စကားအဆုံ သူ့တစ်ကိုယ်လုံး တောင့်မတ်သွားရသည်။

"အဲ . . . ကိုယ် မပိန်ပါဘူးမေရဲ့၊ နည်းနည်းတောင် ပိုဝလာသေးတယ်၊ ဘာမှမစိုးရိမ်နဲ့၊ ဒီကွန်ပျူတာက ကင်မရာ



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ဖို့ အဆင်မပြေဘူးမေ၊ နောက်နေ့မှနော်၊ ဟို. . ဓာတ်ပုံတော့ ပို့ပေးလိုက်မယ်သိလား''

သူ့စကားကို မေက စိတ်အလိုမကျဖြစ်သွားသည်ထင်၏။ တော်တော်လေးကြာအောင် တိတ်ဆိတ်နေပြီးမှ 'ရပါတယ်' ဟု ခပ်တိုးတိုးပြောပြီး ငြိမ်သက်သွားနေလေသည်။

''မေ့ကို. . ကိုယ် ခွင့်တောင်းစရာရှိသေးတယ်သိလား။ ခုလေ. . ကိုယ်က ဂျပန်စာ သိပ်မကျွမ်းကျင်သေးဘဲ လာခဲ့ရတာဆိုတော့ ည,ည မမနိုး ပြန်သင်ပေးနေရတယ်၊ အဲဒါနှစ်ပတ်နေမှတစ်ခါ စကားပြောရအောင်နော်''

သူ့စကားအဆုံး မေက ဘာမှပြန်မပြောဘဲနေလေသည်။ ထိုနေ့က သူ့အိမ်အပြန်လမ်းသည် ယခင်ထက်ပိုပြီး တိတ်ဆိတ်ခြောက်သွေ့နေခဲ့၏။

ဂျူ ဂျူ ဂျူ



## အခန်း (၃၆)

မွှေးတေးသံများလွှမ်းနေသော ဘုရားကျောင်းအတွင်းတွင် အားလုံးဝတ်ပြုဆုတောင်းနေကြစဉ် သူကတော့ မေ့မျက်နှာကိုသာ ကရုဏာသက်စွာ တိတ်တဆိတ်ငေးမောနေခဲ့မိသည်။

အားလုံးရှင်းလင်းတိတ်ဆိတ်သွားချိန်အထိ သူမသည် ခရစ်တော်ရှေ့တွင် ဒူးထောက်၍ ဝတ်ပြုဆုတောင်းနေတုန်းပင်။

''အို. . အဖဘုရားသခင်၊ တပည့်တော်မ၏ဆုတောင်းသံကို နားညောင်းတော်မူပါ. . တပည့်တော်၏ ဩတ်တွားသံသည် အထံတော်သို့ရောက်ပါစေ၊ အသေးတစ်နေရာတွင် ရှုန့်ကို အစဉ်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ချီးမြှောက်တော်မူပါ၊ ကောင်းချီးမင်္ဂလာပြုတော်မူပါ၊ တောင်းပန်လျှောက်ထားအပ်သောတပည့်တော်မကိုလည်း စွန့်ပစ်ထားတော်မမူဘဲ ကယ်မသနားတော်မူပါ၊ တပည့်တော်တို့၏နှလုံးသားများကို အထံတော်တွင် အပ်နှံဆက်ကပ်ပါ၏၊ တပည့်တော်တို့၏သခင် ခရစ္စတူးအားဖြင့် သနားတော်မြတ်ခံကြပါသည်ဘုရား၊ အာမင်..''

သူမ၏ဝတ်ပြုဆုတောင်းသံသည် သူ၏နှလုံးသားကိုဆုပ်ကိုင်ဖျစ်ညှစ်ခံလိုက်ရသလို အတိုင်းအဆမဲ့ နာကျင်သွားစေသည်။

''ဘုရားသခင်၊ ပညတ်တော်ဆယ်ပါးမှ တစ်ပါးသောပညတ်ကို ကျူးလွန်ဖောက်ဖျက်မိသော ဒုစရိုက်သားကို ကရုဏာထားတော်မူပါ''

အချစ်အတွက် လိမ်ညာမိခြင်းဟာ မုသားသက်သေမြောက်ခဲ့လျှင်လည်း ပြစ်ဒဏ်ခံရဖို့ရာသာ ရှိတော့သည်။ ထိုနေ့က မေ့ရဲ့ဆုတောင်းသံသည် သူ့ကိုမျက်ရည်ကျစေခဲ့သည်။ သူ ဆုံးဖြတ်ချက်တစ်ခုကို ခိုင်မာပြတ်သားစွာ ချလိုက်မိသည်။

ဤနိမရှိတော့သည့်အချိန်ကစပြီး မမနီးနှင့်သူ တစ်ခါမှစကားမပြောဖြစ်၊ မမနီးကတော့ အန်တီခိုင်နွယ်လောက် စိတ်နှလုံးပျော့ညံ့





သူမဟုတ်သည့်အပြင် စိတ်ကိုတင်းထားဟန်ရှိသည်။ ရုတ်တရက်သိရစဉ်က ရှော့ခ် ရသွားခဲ့သော်လည်း သူထွက်သွားတာ စောလွန်းတယ်လို့ ဝမ်းနည်း ဆို့နင့်ကာ ညည်းညူရှိုက်ကလွဲပြီး အန်တီခိုင်နွယ်ကို ဖုန်းထဲမှ တရားဟောဆရာတစ်ယောက်လို နှစ်သိမ့် အားပေးနိုင်ခဲ့လေသည်။

''ဟလို..''

''ဟလို.. မမနီးလား''

''ဟင်!''

ဤနိ့အသံနှင့်ခွဲမရအောင်တူပြီး လေယူလေသိမ်းကအစ ဆင်သော ဂျူလိုင့်အသံကြောင့် မမနီး အံ့ဩ ထိတ်လန့်သွားဟန်ရှိသည်။

''မမနီး.. ဂျူလိုင်ပါ''

''ဪ''

''မမနီး နေကောင်းရဲ့လား။ ကျန်းမာရေးကိုဂရုစိုက်နော်''

သူ့စကားသံအဆုံး မမနီးရဲ့သက်ပြင်းရှိုက်သံကို ကြားလိုက်ရသည်။

''ဘာပြောချင်လို့လဲ ဂျူလိုင်.. ပြောလေ''

''ကျွန်တော်, မမနီးကိုအကူအညီတောင်းချင်လို့ တိုင်ပင်စရာ



www.burmeseclassic.com

www.burmeseclassic.com



လည်းရှိတယ်"

မမနီးက သူ့စကားကို တိတ်ဆိတ်စွာ နားထောင်ပေးလေ၏။ ဂျူလိုင်ဘယ်ကစပြောရမှန်းမသိ။ ဒါပေမဲ့ မပြောလို့မဖြစ်သည့်အခြေအနေမို့ အရဲစွန့်၍ပြောလိုက်ရသည်။

ဂျူလိုင့်စကားအဆုံး မမနီးက..

"အို! ဘုရားရေ"ဟု အထိတ်တလန့်ရေရွတ်လေသည်။

"ကျွန်တော့်ကို ကူညီမယ်မဟုတ်လားဟင်။ အဲဒီလိုလုပ်မှဖြစ်မှာမို့ပါ.. မမနီးကူညီပါနော်"

"မဖြစ်နိုင်တာ ဂျူလိုင်ရယ်.. အဲဒါလွယ်တဲ့ကိစ္စမဟုတ်ဘူး။ ပိုက်ဆံကုန်မှာစိုးလို့ပြောတာ မဟုတ်ဘူးနော်၊ အန္တရာယ်ရှိတယ်၊ ကိုယ့်မျက်နှာအကောင်းကြီးကို ဘုရားပေးတဲ့အတိုင်းပဲ ထားပါကွယ်၊ မဟုတ်တာတွေ လျှောက်မလုပ်ပါနဲ့"

"ဘာပဲဖြစ်ဖြစ် မမနီးရယ်၊ ကျွန်တော် ဆုံးဖြတ်ပြီးပြီ။ မဟူရာ... မဟူရာကို ကျွန်တော် အမှန်အတိုင်း ဖွင့်မပြောရက်ဘူး"

"ဖွင့်ပြောလိုက်ပါ ဂျူလိုင်.. သေသောသူ ကြာရင်မေ့တဲ့။ အချိန်က သူ့ကိုကုစားသွားမှာပါ.. မျက်နှာအစိတ်အပိုင်းတွေကို ခွဲစိတ်ပြုပြင်ပြီး ပြောင်းလဲပစ်လိုက်လို့ ဂျူလိုင်က





ထွန်းဖြစ်သွားမှာမှမဟုတ်ဘဲ။ ပြီးတော့ လောကမှာ တကယ်မရှိတော့တဲ့ထွန်းမျက်နှာကိုမြင်တိုင်း ဖေဖေနဲ့မေမေ ဘယ်လိုခံစားရမလဲ၊ မဖြစ်နိုင်တာကို စိတ်ကူးမယဉ်ပါနဲ့ကွယ်"

မမနီးစကားအဆုံး သူ့ စိတ်ဓာတ်ကျသွားမိသည်။

"သူ ခံစားနေရတာတွေ ကျွန်တော်မကြည့်ရက်ဘူး မမနီး။ မဟူရာက ထွန်းကိုသိပ်တွေ့ချင်နေတယ်၊ ကျွန်တော် ဘယ်လိုဖွင့်ပြောရက်မလဲ။ ပြီးတော့ ထွန်းရဲ့နောက်ဆုံးဆန္ဒမို့.. ကျွန်တော့်ကိုကူညီပေးပါ မမနီးရယ်၊ ကျွန်တော် မမနီးဆီကို လာခဲ့မယ်။ အဲဒီအတွက် ကုန်ကျစရိတ်အားလုံးကို အလုပ်လုပ်ပြီး ပြန်ရှာပေးပါမယ်"

မမနီးက ရှိုက်သံတစ်ဝက်ဖြင့် သက်ပြင်းတစ်ချက်ကို တုန်ယင်လှိုက်ခါစွာ ချလိုက်သည်။ အတန်ကြာမှ..

"မမနီး စဉ်းစားဦးမယ်။ မမနီးနဲ့ခင်တဲ့ ဆရာဝန်တစ်ယောက်ရှိတယ်။ သူက ခွဲစိတ်အထူးကုပဲ၊ ပလက်စတစ်ဆာဂျရီလုပ်ဖို့ကိစ္စကို သူနဲ့တိုင်ပင်ကြည့်ဦးမယ်၊ အရမ်းအန္တရာယ်များတယ်ဆိုရင်တော့ ခွင့်မပြုဘူးနော်။ ဒါ.. မင်း အရမ်းစိတ်အားထက်သန်နေလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…တကယ်လား မမနိုး တကယ်ပြောတာနော်"

သူ အတိုင်းအဆမဲ့ ပျော်ရွှင်သွားရသည်။

အချစ်က အရာအားလုံးကို ဖန်တီးနိုင်ကြောင်း သက်သေပြဖို့ အချိန်အနည်းငယ်သာ လိုအပ်ကြောင်း မဟူရာ သိစေချင်ပါသည်။

❀ ❀ ❀



## အခန်း (၃၇)

မေတို့သုံးယောက်လုံး ခေါင်းချင်းဆိုင်ပြီး ငြိမ်သက်နေမိကြသည်။

ရွှန်းဝေက ငေးငိုင်နေသောမေ့ကို တစ်ချက်လှည့်ကြည့်ရင်း သက်ပြင်းချလိုက်သည်။

"နင်စိတ်ထင်လို့ဖြစ်မှာပါမေရယ်။ စိတ်က အဲလိုပဲ ကယောင်ချောက်ချား ထင်မိထင်ရာ ထင်တတ်ကြတာ…နင်အထင်လွဲနေတာပါ"

ထင်ချင်းထပ်နေသော ချယ်ရီ့စကားအဆုံး မေက စိတ်ရှုပ်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပျက်စွာ ခေါင်းကိုခါရမ်းလိုက်မိသည်။

“စိတ်ထင်တယ်ပဲထားဦး.. နင်တို့ပြောသလို စကားပြောတုန်းက ကင်မရာတပ်ထားဖို့ပြောတော့ အဆင်မပြေဘူးတဲ့။ သီချင်းဆိုပြဆိုတော့လည်း ဝှလည်ကြောင်ပတ်လုပ်နေတယ်၊ အဲဒါ သံသယမဝင်သင့်ဘူးလား”

“ဒါ တိုက်ဆိုင်တာဖြစ်ချင်ဖြစ်မှာပါ မေရယ်.. ပြီးတော့ နင့်စိတ်ကိုက မသင်္ကာဖြစ်နေတာ”

“မဟုတ်ဘူး ချယ်ရီ၊ ငါသိနေတယ်၊ တစ်ခုခုကိုသိနေသလိုပဲ။ အရင်က ဂျွန်စကားပြောရင် ကလေးလိုပဲ၊ ငါ့ကိုစိတ်ဆိုးအောင် စလိုက်၊ ပြန်ချော့လိုက်နဲ့ အရမ်းပျော်ဖို့ကောင်းတယ်၊ အခုကျတော့ ဂျွန်အဲလိုမပြောတော့ဘူး.. ငါ ဘာလေးပြောပြော တစ်ခုခုကိုစိုးရိမ်နေသလိုလေသံနဲ့ အမြဲအလျှော့ပေးနေလွန်းတယ်”

ချယ်ရီနှင့်ရွှန်းဝေမှာ မေ့ကိုနားမလည်နိုင်သလိုကြည့်ပြီး သက်ပြင်းချမိကြလေသည်။

“မေရယ်.. နင့်ကိုက ကြဲကြဲဖန်ဖန်လျှောက်တွေးနေတာ။ ချစ်သူတွေဆိုတာ အဝေးရောက်မှ သွေးအေးသွားတာရှိသလို





ပိုပြီးတန်ဖိုးထား ဂရုစိုက်လာတာမျိုးလည်း ရှိမှာပေါ့ဟယ်”

“ဟုတ်ပါ့.. ဟိုက သွားတာမှ လပိုင်းပဲရှိသေးတယ်၊ ဒီက စိုးရိမ်ပူပန်တတ်နေပြီ။ ဒါဆိုလည်း လိုက်သာသွားတော့”

ချယ်ရီနှင့် ရွှန်းဝေစကားကြောင့် မေက ပြုံးရင်း မျက်စောင်းထိုးသည်။

“လိုက်သွားချင်တာမှ တစ်ပိုင်းကိုသေလို့။ ကျောင်းတစ်ဖက်နဲ့ အိမ်ကလည်း မလွှတ်လို့နော်။ ခုဆို ညတိုင်း စကားပြောလို့ရတော့တာမဟုတ်ဘူး.. ဂျွန်က နှစ်ပတ်တစ်ခါပဲ စကားပြောမယ်တဲ့။ စာသင်နေရလို့တဲ့လေ”

“အမလေး.. နှစ်ပတ်တစ်ခါ ပြောရ တော်ပြီပေါ့၊ ညတိုင်း အင့်တာနက်ထိုင်ရင်း လူလည်း ကြောင်တော့မယ်”

ရွှန်းဝေစကားကြောင့် သူမတို့အားလုံး သဘောကျစွာ ရယ်လိုက်မိကြသည်။ ထိုစဉ် သူတို့ထိုင်နေသောကော်ဖီဆိုင်ရှေ့သို့ ကောင်မလေးတစ်ယောက် ရောက်လာသည်။ ကောင်မလေးက ဆိုင်ထဲကို လှမ်းအကြည့် ချယ်ရီနှင့်မျက်လုံးချင်းဆုံမိသွားသည်။ ထိုကောင်မလေးကိုကြည့်ရင်း ချယ်ရီက..

“ဟယ်”ဟု ရေရွတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက ပြုံးပြုံး ဆိုင်ထဲဝင်လာသည်။

"မမချယ်ရီက ဒီရောက်နေတာကိုး.. စုမွန်က စာသင်ခန်း ဘက် သွားရှာနေတာ"

ဟုပြောရင်း ကောင်မလေးက သူမတို့ဝိုင်းတွင် ဝင်ထိုင်သည်။

"စုမွန် ဒါ.. ငါ့သူငယ်ချင်းတွေ.. သူက ရွှန်းဝေတဲ့ ဒီဘက် က မေတဲ့"

စုမွန်က ပြုံးပြီး ခေါင်းညိတ်ပြသည်။

"မေ.. ဒါ ငါ့ညီမဝမ်းကွဲ စုမွန်အောင်တဲ့"

"ဂျပန်ဘာသာတက်နေတာ, မိတ်ဆက်ပေးမလို့ မကြုံလို့"

ဂျပန်ဘာသာဆိုသောကြောင့် မေ စိတ်ဝင်စားသွားမိသည်။

"ညီမလေးက ဂျပန်ဘာသာကိုစိတ်ဝင်စားလို့လား"

"ဟုတ်ကဲ့"

မေ့ကိုကြည့်ပြီး ရွှန်းဝေက ပြုံးနေသည်။ ချယ်ရီက စုမွန်ဘက် ကိုလှည့်ပြီး..

"ကဲ.. စုမွန်ရေ မေက ဂျပန်စကား သိပ်တတ်ချင်တာ။ နင်သင်ပေးလို့ရရင် သင်ပေးလိုက်ပါဟယ်"

ဟု နောက်သလိုရွတ်သလို ပြောလိုက်လေသည်။ ရွှန်းဝေက





လည်း ကော်ဖီခွက်ကို ကပျာကယာပြန်ချပြီး..

"ဟုတ်တယ်.. ဟုတ်တယ်.. သူက ဂျပန်ရူး"

"အံမယ်! ငါ့ကို ဘယ်တုန်းကတည်းက နှိပ်ကွပ်ချင်နေလဲ မသိဘူး။ ဂျပန်ရူးလေးဘာလေးနဲ့ ဖက်တီးမနော်"

မေ့စကားအဆုံး စုမွန်က တခစ်ခစ်ရယ်သည်။

"ဟုတ်ပါရဲ့.. ရွှန်းဝေကလည်း ဂျပန်ရူးရယ်လို့ ဂျပန်ချစ် သူ လုပ်စမ်းပါ"

ချယ်ရီကပါ အတည်ပေါက်ကြီးနှင့် ဝင်နောက်နေသောကြောင့် မေ ရှက်ကိုးရှက်ကန်းရယ်နေလိုက်သည်။ စုမွန်က မေ့ကို ပြုံးစစကြည့် ရင်း..

"အဲဒါမျိုးမရှိဘူးဆိုပြီး.. မပေါ့ဆနဲ့နော် မမ၊ စုမွန်, ဂျပန် ရူးတွေ့ဘူးတယ်.. တကယ့်အကြောင်းကြောင်လူ"

စုမွန်စကားကြောင့် သူမတို့အားလုံး မျက်လုံးလေးတွေ ဝိုင်း သွားသည်။ ရွှန်းဝေကပင်..

"ဟင်! တကယ်လား။ ဘယ်မှာတွေ့ဖူးတာလဲ"

ဟု အလောတကြီး ဝင်မေးလိုက်၏။

"စုမွန်.. နင်လျှောက်မနောက်နဲ့နော်၊ ငါတို့က အဟုတ်မှတ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး စိတ်ဝင်စားနေတာ"

"ဪ.. တကယ်ပါဆို မချယ်ရီကလည်း၊ စုမွန်၊ အင်တာနက်ဆိုင်သွားရင်းနဲ့တွေ့တာ။ အဲဒီလူကလေ တကယ့်စော်၊ သူ့ကိုယ်သူ.. ဂျပန်ရောက်နေသလိုလိုဘာလိုလိုပုံစံဖမ်းပြီး လျှောက်ပွားနေတာ.. အရမ်းရယ်ရတာပဲ"

"ဘာရယ်"

စုမွန်စကားအဆုံး မေတို့သုံးယောက် တစ်ယောက်မျက်နှာ တစ်ယောက် အထိတ်တလန့်လှည့်ကြည့်လိုက်မိလေသည်။

❦ ❦ ❦



အခန်း (၃၈)

စိတ်လှုပ်ရှားခြင်းကြောင့် တဆတ်ဆတ်တုန်ယင်နေသောနှုတ်ခမ်းသားတို့ကို ပြတ်ထွက်လုမတတ် ခပ်တင်းတင်းဖိကိုက်ထားမိကာမှ မျက်ရည်တစ်စက ပါးပေါ်သို့ ပေါက်ခနဲကြွေကျလာလေသည်။

"ငါ.. ငါအညာခံလိုက်ရတာ ချယ်ရီ ငါ ကောင်းကောင်းလှည့်စားခံရတာ။ ဘာအငြိုးအတေးနဲ့ သူ ငါ့ကိုအရှုးလုပ်တာလဲ"

"မသေချာဘဲနဲ့ အဲလိုမပြောနဲ့ဦး မေ၊ အကြောင်းရင်းကိုမသိဘဲ ဘာမှစိတ်လိုက်မာန်ပါ မဆုံးဖြတ်သင့်ဘူး"

ချယ်ရီ့စကားအဆုံး မေက မျက်ရည်စများ လွင့်စင်သွားအောင်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကိုသာ တွင်တွင်ခါရမ်းနေလေသည်။

"ဒီနေ့ သူနဲ့စကားပြောရင် နှင့်ရင်ထဲမှာရှိနေတဲ့သံသယတွေ တစ်ခါတည်းပျောက်သွားအောင် ပွင့်ပွင့်လင်းလင်းဖွင့်ပြော လိုက်တော့ဟာ"

မေက ပဲ့နှစ်ဖက် သိမ့်ခနဲခါသွားအောင် ရှိုက်ငင်လိုက်ရင်း က...

"သူက နှစ်ပတ်တစ်ခါမှ စကားပြောမယ်တဲ့။ အဲဒါ ငါက ဘယ်လိုလုပ်ပြီး ဖွင့်ပြောရမှာလဲ"

ဟု ဗလုံးဗထွေးပြန်ပြောလေသည်။ ချယ်ရီနှင့် ရွှန်းဝေမှာ သူငယ်ချင်းဖြစ်သူကို မည်သို့နှစ်သိမ့်ရမှန်းမသိတော့ဘဲ သက်ပြင်းကိုသာ အခါခါရှိုက်နေမိသည်။

"ဟို့. . ဒီလိုလုပ်ပါလား မေ၊ ဘာပဲဖြစ်ဖြစ် နှင့်ရင်ထဲမှာ ရှင်းသွားအောင်လို့ပါ။ စုမွန်ထိုင်တဲ့ အင်တာနက်ဆိုင်ကိုသွားရင် အဖြေတစ်ခုရလာမယ်လို့ထင်တယ်"

ချယ်ရီ့စကားအဆုံး ရွှန်းဝေက စိုးရိမ်ထိတ်လန့်သလိုပုံစံနှင့် သူမမျက်နှာကို ဖျတ်ခနဲလှမ်းကြည့်လေသည်။ မေ ဘာမှပြန်မပြောဘဲ နှုတ်ဆိတ်ငြိမ်သက်နေ၏။ သို့သော် စိတ်လှုပ်ရှားခြင်းကြောင့် မေ့နှုတ်





ခမ်းတွေက တဆတ်ဆတ်တုန်ရင်နေကြသည်။

တကယ်လို့ ရက်ရက်စက်စက်ညာခဲ့ပါတယ်ဆိုရင်တောင် ညာမှန်းမသိခဲ့လျှင် တော်သေးသည်။

"နင် သွားမကြည့်ရဲဘူးမဟုတ်လား။ ငါ စုမွန်ကိုဖုန်းဆက်ကြည့်ဦးမယ်။ သေချာတယ်လို့မပြောနိုင်ရင်တောင် ဖြစ်နိုင်ချေ အရှိဆုံးအခြေအနေကို ခန့်မှန်းကြည့်ကြတာပေါ့"

ပြောပြောဆိုဆို ချယ်ရီက သူမ၏ဟမ်းဖုန်းလေးကိုထုတ်ကာ စုမွန်ဆီသို့ခေါ်ရန်ကြိုးစားနေသည်။ ဖုန်းခလုတ်တွေ တစ်ချက်ချင်းနှိပ်နေသောချယ်ရီ့ကိုကြည့်ပြီး မေ အတော်လေးစိတ်လှုပ်ရှားနေခဲ့၏။

"ဟဲလို၊ စုမွန်၊ ဟိုတစ်ခါ နင်ပြောတဲ့လူလေ. . သူ့ကိုယ်သူ ဂျပန်ရောက်နေတဲ့ပုံစံနဲ့စကားပြောတဲ့တစ်ယောက်က နင်ထိုင်တဲ့ဆိုင်မှာ အမြဲထိုင်တာလား"

မေ အသက်ရှူရမှာ မေ့လျော့နေသလို တောင့်မတ်ငြိမ်သက်နေမိ၏။ တစ်ဖက်က ဘာပြောသည်မသိ၊ ချယ်ရီက မျက်မှောင်ကြုတ်ရင်း မေ့ကိုဖျတ်ခနဲလှမ်းကြည့်လိုက်သည်တွင် မေ့ရင်ထဲ ထိတ်ခနဲဖြစ်သွားလေသည်။

"ဩော်၊ နင်ပြောသလိုဆို သူမလာတာ ငါးရက်ရှိပြီပေါ့၊ ဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား . . အေးအေး . . ဒါပဲနော် ကျေးဇူးပဲ။ ဘာမှမဟုတ်ပါဘူးဟာ . . နောက်မှ ငါရှင်းပြမယ်"

ချယ်ရီက ဖုန်းလေးကို အိတ်ထဲသို့ပြန်ထည့်ပြီး မေ့ကိုလှမ်းကြည့်သည်။

"သူ . . ဘာပြောသွားလဲဟင်"

မေ့အသံက မသိမသာတုန်ယင်နေသလို အလောတကြီးနိုင်လှသည်။

"အရင်တုန်းကတော့ သူက ပုံမှန်မထိုင်တော့ မသိဘူးတဲ့။ ဒါပေမဲ့ ဒီရက်ထဲ သူ့ကိုသိပ်မတွေ့ဘူးတဲ့။ တိတိကျကျပြောရရင် သူ့ကိုမတွေ့တာ လေးငါးရက်ရှိပြီတဲ့"

ချယ်ရီ့စကားအဆုံး မေ့တစ်ကိုယ်လုံး နုံးမြော့သွားသလို ခံစားလိုက်ရ၏။ ဝမ်းပန်းတနည်း ငိုမချလိုက်မိစေရန် ထိန်းချုပ်ထားလိုက်ရပေမယ့် ရင်ထဲမှာတော့ နှလုံးသားတစ်ခုလုံး နစ်မျောသွားမတတ် မျက်ရည်တို့က ရွှဲရွှဲစိုသွားစေသည်။

မေ အစိုးရိမ်လွန်ပြီး သံသယဝင်နေတာပဲဖြစ်ပါစေဟု အကြိမ်ကြိမ်ဆုတောင်းမိပေမယ့် မေ့ဆုတောင်းက မပြည့်ခဲ့ပါချေ။ ဆိုးရွားပြင်းထန်စွာ ရက်စက်တတ်သည့်ကံကြမ္မာကိုသာ အပြစ်တင်ရတော့





မလိုဖြစ်နေပေပြီ။

တကယ်လို့ သူနဲ့စကားပြောနေကျ ညကိုးနာရီဆိုတဲ့အချိန်ကို ရောက်ခဲ့ရင် မေ ဘယ်လိုစိတ်မျိုးနဲ့ သူ့ကိုမေ့ပျောက်ထားရမှာလဲ။

ရက်စက်လိုက်တာ . . ဖွန်ရယ်။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၉)

ရက်စက်လိုက်တာတဲ့။ ပြီးတော့ မေ့ကိုဘာလို့ညာရတာလဲ၊ ရှုန်ရယ်တဲ့။

တွေ့လိုက်ရတဲ့စာကြောင်းတွေက သူ့ရင်ကို အပြင်းအထန်လှုပ်ခတ် ဝမ်းနည်းသွားစေခဲ့သည်။ စာရိုက်ဖို့စိတ်ကူးမိပေမယ့် တုန်ရင်နေတဲ့လက်တစ်စုံအစား ပူနွေးစိုစွတ်နေသောမျက်ရည်တစ်စက ကီးဘုတ်ခလုတ်တွေကို အုံ့ညြရက်ရှုံ့ဖွယ် ပြုတ်ကျစိုစွတ်သွားလေတော့သည်။

ဒီအချိန်မှာ ဘယ်လိုစကားလုံးတွေ ရှာဖွေပြီး မေ့ကိုနှစ်သိမ့်ရမလဲ၊ လောလောဆယ်မှာတော့ အရေးတကြီးနှစ်သိမ့်ဖေးမမှုလိုအပ်



www.burmeseclassic.com

www.burmeseclassic.com



နေသည်မှာ သူကိုယ်တိုင်ပင် ဖြစ်နေတော့သည်။

ယခင်က ရင်ခုန်ဖွယ်ကောင်းသော ပျော်ရွှင်နွေးထွေးမှုတို့ပြည့်နှက်နေသော သူတို့နှစ်ယောက်၏အပြန်အလှန်စကားဝိုင်းလေးဟာ ဘယ်လိုမှထင်မှတ်မထားသည့် အခြေအနေတွင် ပြိုကျပျက်စီးလုမတတ်ဖြစ်နေပေပြီ။

လမ်းဆုံးမမြင်ရတဲ့ခရီးတစ်ခုကို သူနဲ့အတူလိုက်ပါခဲ့ဖို့ ရူးသွပ်မိုက်မဲစွာ ခေါ်ဆောင်မိခြင်းသည် မေ့အတွက် တရားမျှတမှုရှိမရှိ သူ မစဉ်းစားမိခဲ့ချေ။

အရာရာကို လွယ်ကူပေါ့လျော့စွာတွေးပြီး ဆုံးဖြတ်ခဲ့မိခြင်းသည် မေ့အပေါ် ဘယ်လိုမှမစွန့်လွှတ်နိုင်လောက်အောင် စူးစူးနင့်နင့်ချစ်နေမိသည်ကို ကောင်းစွာပျက်ရယ်ပြုနေပေတော့မည်။

ထိုထက်ပို၍ ယူကြုံးမရဖြစ်စေသည်မှာ မေသည် လောကတွင် အသက်ရှင်လျက်မရှိတော့သည့်ဂျွန်ကို ဟန်ဆောင်လှည့်ဖျားသူအဖြစ် ထင်မှတ်နေခြင်းပင်။

နောက်ဆုံး မမနီးဆီသို့ ဖုန်းခေါ်လိုက်သည်။ တစ်ယောက်ဘည်းဆောက်တည်ရာမရ တုန်လှုပ်နေခြင်းထက် တစ်ယောက်ယောက်ကို လွတ်လွတ်လပ်လပ်ရင်ဖွင့်ပြောပြခြင်းက ပိုပြီးစိတ်သက်သာရာရ





လိမ့်မည်ဟု မျှော်တော့စွာတွေးလိုက်မိသည်။

"ဟဲလို့ . . မမနီးလား။ ကျွန်တော်ပါ"

သည့်တစ်ကြိမ်တွင်တော့ မမနီးထံမှ သက်ပြင်းချသံ မကြားရဘဲ . .

"ဪ၊ ဂျူလိုင် ဘယ်လိုလဲ၊ မင်းရဲ့စိတ်ကူးယဉ်စီမံကိန်းအတွက် မဟာဘကူညီရဦးမလဲ"

ဟူသောမေးသံကိုသာ ကြားရလေသည်။

"ကျွန်တော် ဘာဆက်လုပ်ရမလဲမသိတော့ဘူး။ မေက ကျွန်တော့်ကို သံသယဝင်နေပြီ။ ဂျွန်မရှိတော့တာကို သိသွားတာမျိုးမဟုတ်ဘဲ သူ့ကိုသက်သက်လှည့်စားတာလို့ ထင်နေတယ်။ ကျွန်တော်၊ မေ့ကိုဘယ်လိုရှင်းပြရမလဲ"

သူ့စကားအဆုံး မမနီးက သဘောကျစွာ ခပ်တိုးတိုးရယ်လိုက်သည်။

"ဒါများ . . ဂျူလိုင်ရယ်၊ အဖြစ်မှန်တွေကို သူသိအောင် ပွင့်ပွင့်လင်းလင်းရှင်းပြလိုက်ပေါ့။ အခုလို မမြင်ကွယ်ရာကနေ နှစ်သိမ့်ပေးနေတာထက် သူ့ရှေ့ကိုရောက်အောင်သွားပြီး သူ့ငယ်ချင်းတစ်ယောက်အဖြစ် ဘေးနားမှာ ရှိနေသင့်တယ်"



www.burmeseclassic.com

www.burmeseclassic.com



မမနိုးစကားအဆုံး သူ ဘာပြန်ပြောရမှန်းမသိသလို တိတ်ဆိတ် ဆွံ့အသွားခဲ့သည်။

"အဲဒီလိုလုပ်လို့မဖြစ်သေးပါဘူးမမရာ၊ ကျွန်တော်ပြောထားတဲ့ကိစ္စကရော ဘယ်လိုအခြေအနေရှိလဲ"

မမနိုးသည် သူ့စကားကို ချက်ချင်းပြန်မဖြေဘဲ အတန်ကြာ နှုတ်ဆိတ်နေလေသည်။ တစ်စုံတစ်ခုကို အပြင်းအထန်စဉ်းစားနေပုံမျိုးပင်။

"မမနိုးသူငယ်ချင်း ဆရာဝန်နဲ့စကားပြောပြီးပါပြီ။ မင်းဘက်ကရော သေသေချာချာစဉ်းစားဆုံးဖြတ်ပြီးပြီလား"

သူ့ဘက်ကသာ အဆင်သင့်ဆုံးဖြတ်ပြီးပြီဆိုလျှင် သိပ်ပြီးတော့ အခက်အခဲမရှိလောက်သည့်ပုံမို့ ဂျူလိုင် အားတက်သွားမိသည်။

"ကျွန်တော် သေသေချာချာဆုံးဖြတ်ပြီးပါပြီ မမရယ်။ အမှန်အတိုင်းဝန်ခံရရင် ကျွန်တော် မေ့ကိုချစ်နေမိပြီ။ သူ့စိတ်ထိခိုက်သွားမှာကို အရမ်းစိုးရိမ်နေခဲ့တာ သူ့ကိုတကယ်ချစ်လို့ပဲဖြစ်မှာပါ"

"မမနိုး နားလည်ပါတယ် ဂျူလိုင်ရယ်၊ မမနိုး တစ်ခုစဉ်းစားမိတာက တစ်ချိန်မှာ အဖြစ်မှန်တွေသိသွားခဲ့ရင် ပိုပြီးရှင်းရ





ခက်မှာစိုးလို့ပါ"

သူ ဘာမှမပြောဘဲ ငြိမ်သက်စွာနားထောင်နေမိသည်။

အမှတ်တမဲ့ ကောက်ရခဲ့တဲ့အရုပ်ကလေးတစ်ရုပ်ကို တစ်သက်လုံးအပိုင်ရပြီအမှတ်နဲ့ ပျော်ရွှင်ခဲ့ဖူးတဲ့ကလေးတစ်ယောက်လို ခံစားချက်မျိုးကို မမနိုး နားလည်နိုင်ပါ့မလား။

"အင်းလေ.. ဂျူလိုင် အရမ်းဆန္ဒပြင်းပြနေတယ်ဆိုရင်တော့ အားလုံးအဆင်ပြေအောင် မမနိုး စီစဉ်ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် မမနိုးရယ်"

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၀)

တကယ်တော့ သူမသည် ဂျွန့်ကို ဘယ်လိုအပြစ်အနာအဆာနှင့်မှ နာကြည်းမုန်းတီးထားလို့မရသလို လုံးဝစိမ်းကားပြတ်တောက်နိုင်လောက်သည့် နှလုံးသားမျိုးလည်း မရှိခဲ့ပါချေ။

ထို့ကြောင့် တစ်လကျော်ကျော်အကြာမှာပဲ ဘယ်တော့မှ ခြေဦးမလှည့်တော့ဘူးလို့ ဆုံးဖြတ်ထားတဲ့ အင်တာနက်ဆိုင်က အွန်လိုင်းစာမျက်နှာတွေရှေ့ တစ်ခေါက်ပြန်သွားဖို့အတွက် ချယ်ရီနှင့်ရွှန်းဝေတို့အား တရားဝင်အသိပေးလိုက်သော်လည်း သူမတို့နှစ်ယောက်မှာ လုံးဝမအံ့သြခဲ့ကြချေ။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ငါထင်သားပဲ၊ နင်ဘယ်လိုမှမနေနိုင်ဘူးဆိုတာ။ မှန်မှန်ပြောစမ်း! ပြီးခဲ့တဲ့တစ်လအတွင်း ဘယ်လိုကြိတ်မှိတ်ဟန်ဆောင်နေခဲ့သလဲဆိုတာ.."

ချယ်ရီ့စကားကြောင့် မေ ရုက်ရွံ့စွာ ခေါင်းငုံ့ရင်း ပြုံးနေလိုက် မိသည်။

"ဟိတ်! မေးနေတာဖြေလေ၊ ဘယ်လိုစိတ်ပြောင်းသွားတာလဲ"

ရွှန်းဝေကပါ သိလိုစိတ်ပြင်းပြစွာ မေးလာလေသည်။ ဟုကယ်တော့ သူတို့မသိခင်ကတည်းက အင်တာနက်ဆိုင်သွားပြီး ဂျွန်ပို့ထားတဲ့စာတွေ သွားဖတ်နေခဲ့တာဖြစ်၏။ ဘာမှမသိသလိုပုံစံနှင့် စာပြန်မပို့ခဲ့သည့်တိုင် ဂျွန်ကတော့ ဇွဲကောင်းစွာ (နားလည်ရခက်စွာ) စာတွေပို့နေမြဲဖြစ်သည်ကို လွန်ခဲ့သည့်ရက်အနည်းငယ်ကမှ သိခဲ့ရခြင်းဖြစ်သည်။

"အေး၊ နင်မဖြေဘူးနော်၊ နင့် account ကို ငါတို့ဘာသာဖွင့်ကြည့်မှာနော်"

ချယ်ရီက ပြောပြောဆိုဆို မေ့ဆီပို့ထားတဲ့စာတွေကို အလျင်စလို လျှောက်ဖတ်လေသည်။

"ဟယ်၊ ဒီမှာကြည့်စမ်း! ဒါ ဘယ်သူ့ဆီက ပို့လိုက်တဲ့စာလဲ မသိဘူး"

ထိုစကားကြောင့် မေ့စာကို စိတ်ဝင်စားစွာဖတ်လိုက်မိ၏။





ညီမလေး...

မမက ဂျွန်ရဲ့အစ်မပါ...

တစ်ခါမှမမြင်ဖူးတဲ့လူတစ်ယောက်ဆီက စာကိုတွေ့လိုက်ရတော့ သိပ်အံ့သြသွားမှာပဲ။ ဘာအကြောင်းများလဲလို့သိချင်နေလိမ့်မယ်။ လောကမှာ ကိုယ်မသိသေးတဲ့ကိစ္စတစ်ခုကို ရုတ်တရက်သိလိုက်ရပြီဆိုရင် အံ့သြသွားတတ်ကြတယ်၊ နောက်ပြီးတော့ ကိုယ်နဲ့ပတ်သက်ဆက်နွယ်နေတာမျိုးဆို ဝမ်းနည်းတာ၊ ဝမ်းသာတာ အမျိုးမျိုးခံစားရနိုင်တာပေါ့။ ဒါပေမဲ့ ညီမလေးကို တစ်ခုသိထားစေချင်တာက မမပြောမယ့်အကြောင်းအရာအတွက် ဝမ်းနည်းမယ်ဆို အဲဒီလိုခံစားနေရတာ ညီမလေးတစ်ယောက်တည်းမဟုတ်ဘူးဆိုတာပဲ...

စာကိုဆုံးအောင်မဖတ်ဘဲ သုမတို့သုံးယောက် တစ်ယောက်မျက်နှာတစ်ယောက် နားမလည်နိုင်စွာ လှည့်ကြည့်လိုက်မိကြသည်။

ချယ်ရီက ဆက်ဖတ်ပါဦးဆိုတဲ့သဘောနှင့် မေးငေါ့ပြသည်။

တကယ်တော့ လွန်ခဲ့တဲ့ဒီဇင်ဘာ ဆယ့်သုံးရက်နေ့ဟာ ဂျွန် အသက်ရှင်လျက်ရှိခဲ့တဲ့ နောက်ဆုံးနေ့ရက်ပါပဲ။ ဂျွန်က ညီမလေးကိုသိပ်ချစ်သလို ဂျွန့်လိုပဲ ညီမလေးကို သိပ်ချစ်တဲ့သူ နောက်တစ်ယောက်ရှိနေခဲ့တယ်။ အဲဒါဟာ ညီမလေးအတွက် ဘုရားပေး



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ကံကောင်းခြင်းတစ်ခုဖြစ်သလို ကံကြမ္မာရဲ့လှည့်စားခြင်းတစ်ခုလည်း ဖြစ်ကောင်းဖြစ်နေမှာပါ...

တကယ်တော့ ဂျူလိုင်ဟာ ညီမလေးကိုသိပ်ချစ်ခဲ့သလို ဗျွန့်အပေါ်မှာလည်း သစ္စာရှိခဲ့သူတစ်ယောက်ပါ။ ဒီအကြောင်းတွေကို ဘယ်တော့မှဖွင့်မပြောတော့ဘူးလို့ ရှူးရှူးမိုက်မိုက်ဆုံးဖြတ်ကြသူတွေထဲမှာ မမလည်းပါခဲ့ဖူးတယ်။ ဒါကြောင့်မို့ ဂျူလိုင်ဟာ ဗျွန့်ကိုယ်စား ဟန်ဆောင်ပြီး ညီမလေးကိုနှစ်သိမ့်နေခဲ့တာကို ကြည်ကြည်ဖြူဖြူခွင့်ပြုခဲ့တယ်။ နောက်ဆုံး...ဂျူလိုင်က သူ့မျက်နှာကို ဗျွန်နဲ့ချွတ်စွတ်တူအောင် ပလတ်စတစ်ဆာဂျရီလုပ်မယ်ဆိုတဲ့အထိ မမဘက်က အပြည့်အဝနားလည်ပေးခဲ့တယ်...

ဒါပေမဲ့ ညီမလေးရယ်...လိမ်ညာတယ်၊ ဟန်ဆောင်တယ်ဆိုတာ အချိန်ကာလအတိုင်းအတာတစ်ခုထိပဲ ဖြစ်နိုင်တဲ့အရာပါ။ သူ့ကိုယ်ကျိုးဘာမှမပါဘဲ ညီမလေးကိုချစ်တာတစ်ခုတည်းအတွက် ဂျူလိုင်ဆုံးဖြတ်ချက်မှားသွားမှာ မမအရမ်းစိုးရိမ်တယ်၊ ယင်ယင်ကတည်းက ဂျူလိုင်ဟာ မောင်လေးရဲ့အဖြည့်ခံတစ်ယောက် အမြဲဖြစ်ခဲ့ရတာပါ။ ဒီတစ်ခါတော့ အဲဒီလိုမဖြစ်စေချင်တော့ဘူး။ လာမယ့်နှစ်ဆယ့်ရှစ်ရက်နေ့ဆို သူ ဂျပန်ကိုလာတော့မယ်။ သူ့မျက်နှာကို ခွဲစိတ်ပြု





ပြင်ဖို့အတွက်လေ...

ဒီစာကို ညီမလေး အချိန်မီဖတ်ဖြစ်ပါစေလို့ ဆုတောင်းတယ်။ စစ်မှန်တဲ့အချစ်နဲ့ မေတ္တာတရားကိုယုံတယ်ဆိုရင်...ပြီးတော့ ခွန့်လွှတ်အနစ်နာခံမယ့်ဂျူလိုင်ကို နားလည်ပေးတယ်ဆိုရင် သူ့ကို အချိန်မီတားပေးပါ။

မမနီး (ဓေတ္တ– ဂျပန်)

စာအဆုံးတွင် သူမတို့အားလုံး ငိနစ်ပေါင်းအတော်ကြာကြာ တိတ်ဆိတ်စွာအံ့သြနေမိခဲ့ကြသည်။ ဝမ်းနည်းကြေကွဲခြင်း၊ ယူကြုံးမရဖြစ်ခြင်းတို့ထက် ဘယ်လိုမှမယုံကြည်နိုင်ခြင်းက ရင်ထဲမှာ ပြည့်ကျပ်စွာ နေရာယူထားလေသည်။

"ဒါ ဖြစ်နိုင်ပုံမလား . . တစ်ယောက်ယောက်က နောက်တာ လား"

တီးတိုးရေရွတ်လိုက်သောမေ့အသံက ဒိပ်မက်မှ ကယောင်ကတမ်းနိုးထလာသူလို ခြောက်ကပ်အက်ရှစွာ ထွက်ပေါ်လာသည်။

"ငါမယုံဘူး . . ဒါဘယ်လိုမှမဖြစ်နိုင်ဘူး။ ချယ်ရီ၊ ဒါ ဘယ်သူလက်ချက်ဖြစ်နိုင်လဲ"

ချယ်ရီ့ထံမှ နှစ်သိမ့်အားပေးသောစကားတစ်စုံတစ်ရာကို တောင့်တာမျှော်လင့်နေခဲ့သော်လည်း အချည်းနှီးသာဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝေခွဲရခက်သောမျက်လုံးများဖြင့် အတန်ကြာစိုက်ကြည့်နေပြီးမှ ခေါင်းကိုဖြည်းညှင်းစွာ ခါရမ်းပြလေသည်။

"ဟင့်အင်း.. မယုံဘူး ဂျွန် မသေရဘူး"

ဟု ကယောင်ကတမ်းအော်ဟစ်ရင်းက မေ့တစ်ကိုယ်လုံး ခွေညွတ်ကျသွားသည်။ မသိစိတ်ထဲတွင် ဒီဇင်ဘာဆယ့်သုံးရက်က ဂျွန့်ရဲ့ အသက်ရှင်လျက်ရှိခဲ့တဲ့နောက်ဆုံးနေ့ ဟူသောအသံက ပဲ့တင်ထပ်မျှ ကြားယောင်နေခဲ့လေတော့သည်။

❀ ❀ ❀



## အခန်း (၄၁)

လမ်းဘေးဝဲယာမှ မြင်ကွင်းတွေက တရိပ်ရိပ်ဝေးကျန်ခဲ့သည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဦးတည်မောင်းနှင်နေသောကားလေးပေါ်မှာ လိုက်ပါလာရင်း ကျော်ဖြတ်ခဲ့ရသည့် မြန်မာပြည်၏မြင်ကွင်းများကို လွမ်းဆွတ်မက်မောစွာ ငေးကြည့်ရင်း သက်ပြင်းချလိုက်မိသည်။

ရင်ခုန်ခြင်းမဟုတ်သော်လည်း စိတ်လှုပ်ရှားနေမိသည်။ တုန်လှုပ်ချောက်ချားခြင်းမဟုတ်သော်လည်း အိပ်မက်ဆန်လှသည့် သူ၏ ပထမဆုံးပြည်ပခရီးစဉ်အတွက် အနည်းငယ်စိုးရိမ်နေမိသည်။ ထို့နောက်



www.burmeseclassic.com

မေ့ကိုစိတ်မချခြင်းက ရင်ထဲတွင် အရှိန်အဟုန်ပြင်းစွာ ဖြစ်တည်လာခဲ့ပြန်သည်။

ကားက လေဆိပ်ဝင်းထဲသို့ ကွေ့ဝင်လာခဲ့၏။

"ခဏစောင့်ရဦးမယ်ထင်တယ်၊ ရှေ့မှာကားတွေပိတ်နေတယ်"

ဒရိုင်ဘာ၏စကားကြောင့် သူ့အတွေးတွေက တိမ်မျှင်စများလို လွင့်ဝဲပျောက်ကွယ်သွားပြီး ရှေ့သို့လှမ်းကြည့်လိုက်မိသည်။ ကားပါကင်မှာ ကားရပ်ဖို့ စီတန်းပြီး စောင့်နေရသည့်ကားများကို တွေ့လိုက်ရ၏။ သူ လက်မှနာရီကို တစ်ချက်ငုံ့ကြည့်လိုက်သည်။

"ဒီကနေ တစ်ခါတည်းဆင်းလိုက်ရင် ရတယ်မို့လား"

တစ်ယောက်တည်းထွက်လာခဲ့ပြီး လိုက်ပို့မည့်သူ၊ နှုတ်ဆက်မည့်သူမရှိတာကြောင့် ဘာကိုမှအလေးအနက်မရှိ စတင်ထွက်ခွာရခြင်းသည် တိတ်ဆိတ်လျှို့ဝှက်စွာ အထီးကျန်ဆန်နေပြီး ပြန်လည်ရောက်ရှိလာခြင်းလောက် နွေးထွေးပြည့်စုံမှုမရှိတာ အသေအချာပင်။

သူ ကားပေါ်မှဆင်းပြီး လေဆိပ်အဆောက်အဦထဲသို့ လျှောက်လာခဲ့သည်။

"ဂျွန်.."

နားထဲတွင် ခေါ်သံလိုလိုကြားလိုက်ရသောကြောင့် လှမ်းလက်





စခြေလှမ်းတို့က တုံ့ခနဲဖြစ်သွားသည်။ တကယ်ဆို ဒါစိတ်ကူးယဉ်ခြင်း (သို့မဟုတ်) ထင်ယောင်ထင်မှားကြားလိုက်မိခြင်းသာ ဖြစ်သင့်သော်လည်း နောက်တစ်ခွန်းထပ်အခေါ်မှာ သူ့ခေါင်းက နောက်သို့အလိုလိုလည်ပြန်လှည့်ကြည့်မိလျက်သားဖြစ်သွားသည်။

ဘုရားရေ! ဒါ တကယ့်အဖြစ်အပျက်ပဲလား။ သူ့ထံသို့ တရွေ့ရွေ့လှမ်းလာနေသောမေ့ကို တွေ့လိုက်ရသည်။ စတင်မြင်ဖူးစဉ်ကလို အနက်ရောင်ဝတ်စုံလေးနှင့် မဟူရာဆန်ဆန်လှပနေလေသည်။

"မယ်မှာ.."

သူ့နှုတ်က လွှတ်ခနဲထွက်သွားမိသောခေါ်သံအဆုံးတွင် နှင်းဆီဖူးသဏ္ဌာန် တောက်ပစိုလက်နေသော သူမ၏နှုတ်ခမ်းနှစ်လွှာက ခပ်ဟဟလေး ပြုံးလာခဲ့လေသည်။

"ဂျွန်.."

သူမ နောက်ပြောင်ခေါ်နေခြင်းမဟုတ်သလို တမင်တကာခနဲ့၍ ခေါ်လိုက်သောပုံစံမျိုးတော့ မဟုတ်ပါချေ။ သူမ၏မျက်လုံးတွေက ဝမ်းသာလှိုက်လှဲပြီး ကြည်နူးမှုကြောင့် နူးညံ့နွေးထွေးနေကြသည်။

သူ့ရှေ့သို့ နီးကပ်စွာရောက်ရှိလာချိန်တွင် သူ အလွန်ထိတ်လန့် အံ့ဩသွားခဲ့သည်။

www.burmeseclassic.com



"မဟူရာ. . ကျွန်တော်. . '

သူမ ခေါင်းကို ညင်သာစွာ ခါရမ်းလိုက်လေသည်။

"ဘာမှရှင်းပြဖို့မလိုအောင် အားလုံးသိခဲ့ပြီးပါပြီ ဥန်ရယ်"

သူမ၏အခေါ်အဝေါ်ကြောင့် သူတစ်ကိုယ်လုံး လေထုထဲ မြောက်တက်သွားသလို ခံစားလိုက်ရလေတော့သည်။ ပြောချင်သည့်စကားများက ရင်တဲတွင်သာ ပြည့်နှင့်ကျပ်ခဲနေပြီး ဘာမှ နှုတ်ကထွက်မလာဘဲ သူမ၏မျက်ဝန်းတို့ကိုသာ အံ့ဩ မှင်တက်စွာ စိုက်ကြည့်နေမိခဲ့သည်။

"မဟူရာ့ကို ကျွန်တော်တောင်းပန်ပါရစေ"

"ဘာအတွက်လဲ"

"ကျွန်တော်ညာခဲ့မိတဲ့အတွက်၊ ပြီးတော့ ဥန်လို့ ကိုယ့်ကိုယ်ကို တစ်သက်လုံးပြောင်းလဲပစ်ဖို့ ကြိုးစားမိတဲ့အတွက်ပါ"

သူ့စကားအဆုံး မေက မျက်ရည်များ စိုလက်နေသောမျက်ဝန်းတစ်စုံဖြင့် သူ့ကိုစူးစိုက်ငေးမောရင်း နူးညံ့ညင်သာစွာ ပြုံးလိုက်လေသည်။

"ရှင် ဒီခရီးကို သွားဖို့မလိုတော့ပါဘူး ဥန်"

"ကျွန်တော်သိပါတယ် မဟူရာ၊ ဒီနေ့ကစပြီး ကျွန်တော် ဂျူလိုင်အဖြစ်ပဲ ဆက်နေသွားတော့မှာပါ"





သူပြောပြီးပြီးချင်း သူမရှေ့မှ လှည့်ထွက်လာခဲ့သည်။ ဥန်ဟု ထပ်ခါတလဲလဲခေါ်ဝေါ်သုံးစွဲနေသောသူမရှေ့တွင် နောက်ထပ်မိနစ်အနည်းငယ် ဆက်နေမိပါက သူ မျက်ရည်ကျမိတော့မည်။

"ခဏနေပါဦး ဥန်"

"ကျွန်တော် ဂျူလိုင်ပါ မဟူရာ"

"မေသိပါတယ်၊ ဒါပေမဲ့ ဂျူလိုင်သာ ဆန္ဒရှိမယ်ဆိုရင် ဥန်အဖြစ်ဆက်နေပေးဖို့ တောင်းဆိုပါရစေ၊ ညဘက်ရောက်ရင် မေ့ကိုပြောပြဖို့ ပုံပြင်အသစ်တွေ ရှိဦးမယ်ဆိုရင်ပေါ့"

မေ့စကားအဆုံးတွင် ရှက်ရွံ့စွာ ခေါင်းငုံ့ထားလိုက်လေသည်။ သူ တစ်ခဏမျှ အံ့ဩတွေဝေနေပြီးမှ မေ့ထံသို့အပြေးလျှောက်သွားကာ မေ့မျက်နှာကို စိတ်လှုပ်ရှားစွာငုံ့ကြည့်ရင်း. .

"တကယ်ပြောတာလား မဟူရာ၊ ကျွန်တော် တကယ်ပဲ. ."

အငမ်းမရပေးလိုက်မိသည်။ မေက သူ့မျက်နှာကိုမော့အကြည့်တွင် သူ၏ကမ္ဘာသည် သာယာမှုနှင့် ပြီးပြည့်စုံစွာ ခံစားလိုက်ရလေသည်။

သူတို့နှစ်ယောက် တစ်ဦးနှင့်တစ်ဦး တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်မိစဉ်. .

"ယခု ဤသူနှစ်ဦးသည် ဘုရားသခင်ရှေ့မှောက်၌လည်း



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ လူပရိသတ်ရှေ့မှောက်၌လည်းကောင်း လက်ထပ်မင်္ဂလာထိမ်းမြားခြင်းဆောင်နှင်းရန် ရောက်ရှိနေကြပြီးဖြစ်သည်။ ထိမ်းမြားဆောင်နှင်းလိုသောသူတို့သည် တစ်ဦးကိုတစ်ဦး မှန်သောမေတ္တာဖြင့် × × × × × × × × × × × × × × × × × × × × ”

အစရှိသော သင်းအုပ်ဆရာ၏ သမ္မာကျမ်းစာရွတ်ဖတ်သံသဲ့သဲ့ကို ကြားယောင်လာမိလေသည်။ ထို့နောက် သူ မေ့နဖူးကို ဖွဖွလေး နမ်းလိုက်မိ၏။

“သူ . . . သူဘာမှန်းလဲမသိဘူး။ လူတွေဝိုင်းကြည့်ကုန်ပြီ”

ဟူသောမေ့အသံကြားမှ သူသတိဝင်လာပြီး ဘေးဘီဝဲယာသို့ လှမ်းကြည့်လိုက်မိစဉ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဂျပန်နိုင်ငံသို့ စတင်ပျံသန်းထွက်ခွာသွားသည့် လေယာဉ်ကြီးကို တွေ့လိုက်ရလေတော့သည်။

ပြီးပါပြီ။

www.burmeseclassic.com